# သစ်တောကြေးမုံ

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ



## အင်းလေးကန်ဒေသအား ရမ်ဆာထိန်းသိမ်းရေးနယ်မြေ Ramsar Site အဖြစ် သတ်မှတ်ခြင်း

စာမျက်နှာ-၃၀ သို့

# မာတိကာ


| | |
|---|---|
| ➤အင်းလေးကန်ဒေသအား ရမ်ဆာထိန်းသိမ်းရေးနယ်မြေအဖြစ်သတ်မှတ် | မျက်နှာဖုံး |
| ➤စားနပ်ရိက္ခာဖူလုံရေးနှင့် သစ်တော၏အခန်းကဏ္ဍ(ခေါင်းကြီး) | ၁ |
| ➤သတင်းများကဏ္ဍ | ၂-၆ |
| ➤တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ | ၇-၉ |
| ➤မြေးငယ်သစ်သစ်သို့ပေးစာ(၁၀) | ၁၀-၁၂ |
| ➤ဂေဟဗေဒဆိုသည်မှာ - (၉) | ၁၃-၁၄ |
| ➤အင်းဆက်ပိုးများအကြောင်း သိကောင်းစရာ | ၁၅-၁၆ |
| ➤ကျွန်တော်နှင့် ဒီရေတော(၁) | ၁၇-၂၀၊၂၂ |
| ➤ကမ္ဘာ့ဆင်များနေ့နှင့် မြန်မာ့ဆင်ထိန်းသိမ်းရေးနေ့ | ၂၁ -၂၂ |
| ➤ဟဲ-- ဟဲ-- ဒါလေးများ(၁၀) | ၂၃-၂၅ |
| ➤ပြည်နယ်အတွက်ဂုဏ်ယူခြင်း(သို့) --(ကဗျာ) | ၂၅ |
| ➤မျှစ်စိုက်ခင်းကို နည်းစနစ်မှန်စွာ စိုက်ပျိုးပြုစုထိန်းသိမ်းကြပါစို့ | ၂၆-၂၇ |
| ➤ကာတွန်းကဏ္ဍ | ၂၇ |
| ➤ကျွန်တော်လေ့လာမိသော ခေါင်းဆောင်မှုပညာရပ်အကြောင်း | ၂၈-၂၉ |
| ➤ အင်းလေးကန်ဒေသအား ရမ်ဆာထိန်းသိမ်းရေးနယ်မြေ (Ramsar Site)အဖြစ်သတ်မှတ်ခြင်း | ၃၀-၃၁ |
| ➤သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ ဂေဟစနစ်ဝန်ဆောင်မှုတန်ဖိုးများကိုလေ့လာခြင်း | ၃၂-၃၄ |
| ➤အမှတ်တရ ခွေဦးခြေလှမ်းများ | ၃၅-၃၆ |
| ➤သစ်တစ်ပင်ကျေးဇူး(ကဗျာ) | ၃၆ |
| ➤ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်း-- | ၃၇-၃၉ |
| ➤Post-Nargis Programmes and Projects of FREDA | ၄၀-၄၃ |
| ➤သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ပေါင်းရှင်းခြင်းနှင့် မီးကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်အလိုက် လုပ်ထုံးလုပ်နည်းများ | ၄၄-၄၇ |
| ➤တောဘဲမန်ဒါလီ | ကျောဖုံး၊၄၈-၄၉ |
| ➤ကာတွန်းကဏ္ဍ | ၄၉ |


သစ်ပင်နည်းလာ၊ တို့ကမ္ဘာ
လွန်စွာပူအေး၊ ဥတုဘေး။

သစ်ပင်စိုက်မှ အရိပ်ရ၏။
ရိပ်ခိုနားနေ အပန်းဖြေ၏။


**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးစိုးဝင်း-၆
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

**စာတည်း**

ဦးလှမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

| | |
|---|---|
| ဦးတင်မောင်ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးစိန်မိုး | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးကိုကိုထွန်း | ဦးစီးအရာရှိ |
| ဦးတက်နေထွန်း | ဦးစီးအရာရှိ |

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



ဆက်သွယ်ရန် -
၀၆၇-၄၀၅၃၉၄
extension@forest.gov.mm




# စားနပ်ရိက္ခာဖူလုံရေးနှင့် သစ်တော၏အခန်းကဏ္ဍ

လူသားတို့အသက်ရှင်ရပ်တည်နိုင်ရေးအတွက် စားနပ်ရိက္ခာဖူလုံရေးသည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှပါဝင်သည်။ ယနေ့ကမ္ဘာအရပ်ရပ်၌ စားနပ်ရိက္ခာ မလုံလောက်မှုပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရပေသည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျရောက်သော "ကမ္ဘာ့စားနပ်ရိက္ခာနေ့" တွင် "**Our Actions are our Future. A# ZeroHunger World by 2030 is possible**" "**ငတ်မွတ်ကင်းစင် ၂၀၃၀ တွင်၊ တို့ရဲ့အနာဂတ် တို့ပြင်ဆင်**"ဟူသော ဆောင်ပုဒ်ကိုသတ်မှတ်ခဲ့သည်။ ငတ်မွတ်ဘေးမှ ကင်းဝေးစေရန်အတွက် လူသားတိုင်း၊ ဌာနတိုင်း၊ အဖွဲ့အစည်းတိုင်းမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပေသည်။

စားနပ်ရိက္ခာဖူလုံစေရေးအတွက် ဆောင်ရွက်ရာတွင် သစ်တောများ၏ အခန်းကဏ္ဍသည်လည်း လွန်စွာအရေးပါလှပေသည်။ စားနပ်ရိက္ခာဖူလုံရေးအတွက် သစ်တောများမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အထောက်အပံ့ပြုလျက်ရှိသည်။ သစ်၊ တိုင်၊ မျောနှင့် သစ်ဥ သစ်ဖု၊ မျှစ်၊မှိုမှစ၍ တိုက်ရိုက်ရသော သစ်တောထွက်ပစ္စည်းပေါင်း မြောက်မြားစွာရှိသကဲ့သို့ သီးနှံသစ်တောရောနှောစိုက်ခင်းများမှလည်း စပါး၊ ပဲ၊ နှမ်းစသော စားနပ်ရိက္ခာများရရှိသည်။ ရာသီဥတုထိန်းညှိ၍မျှတစေခြင်း၊ မြေဆီသြဇာကောင်းမွန်စေခြင်း၊ ရေဝေရေလဲဧရိယာများကို ထိန်းသိမ်းခြင်းဖြင့် လယ်ယာမြေများ တိမ်ကောပျက်စီးမှုကိုကာကွယ်ပေးခြင်း၊ လေထုကိုသန့်ရှင်းစင်ကြယ်ခြင်းနှင့်တိရစ္ဆာန်တို့၏ နေရင်းဒေသမျိုးရင်းများကို ကာကွယ်ပေးခြင်းစသော သွယ်ဝိုက်သည့် အကျိုးကျေးဇူးများကိုလည်း ခံစားကြရမည်ဖြစ်သည်။ သစ်ပင်သစ်တောများကို ချင့်ချိန်မသုံးစွဲဘဲ ဖြုန်းတီးခဲ့ကြပါက မြေဆီလွှာပျက်မည်၊ ရေပျက်မည်၊ ရာသီဥတုဖောက်ပြန်၍ စိုက်ပျိုးရေမလုံလောက်ခြင်း၊ သဲနုန်းများကျဆင်းမှုကြောင့် လယ်ယာမြေများတိမ်ကော၊ သီးနှံအထွက်နှုန်းကျဆင်း၍ စားနပ်ရိက္ခာရှားပါးမှုနှင့်ကြုံတွေ့ရမည်။ ဒီရေတောများပျက်စီးပါက ငါး၊ ပုစွန်၊ ကဏန်းတို့၏မှီတင်းပေါက်ဖွားရာ ဒေသပျက်စီးသဖြင့် စားနပ်ရိက္ခာရှားပါးမည်ဖြစ်သည်။

ထို့ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံစေရေးအတွက် သစ်ပင်သစ်တောများကို ထိန်းသိမ်းကာကွယ်ရန်လိုအပ်လှပေသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောများကိုထိန်းသိမ်းကာကွယ်ရန် ဥပဒေ၊ နည်းဥပဒေများဖြင့်ကာကွယ်ခြင်း၊ သစ်တောနယ်မြေများတိုးတက်ဖွဲ့စည်းခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတည်ထောင်ခြင်း၊ မိုးရာသီလူထုသစ်ပင်ဖြန့်ဝေစိုက်ပျိုးမှုတို့ကို နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။

လူသားတို့ အသက်ရှင်ရပ်တည်ရေးအတွက် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများမှ ကာကွယ်ပေးသော၊ လူသားတို့၏ စားနပ်ရိက္ခာကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသော သစ်တောသစ်ပင်များ ပြုစုထိန်းသိမ်းစိုက်ပျိုးရာတွင် ပြည်သူအများ ပါဝင်ပူးပေါင်းဆောင်ရွက်မှသာ ပိုမိုအောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာမြေကြီး၏ ကျေးဇူးကိုသိတတ်၍ ပြန်လည်ပေးဆပ်မည့် လူသားတစ်ဦးအနေဖြင့် သစ်တောသစ်ပင်များကို ကာကွယ်စိုက်ပျိုးထိန်းသိမ်းရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြစေရန် တိုက်တွန်းဖော်ပြအပ်ပါသည်။

FOREST

## သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒ သဘောထားကြေညာချက်တွင် အမျိုးသား ရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

သတင်းများကဏ္ဍ

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အပူပိုင်းဒေသသစ်တောစိုက်ခင်းများ ကြည့်ရှုစစ်ဆေး



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် (၁-၉-၂၀၁၈)နေ့ နံနက်ပိုင်းတွင် နေပြည်တော်-ကံပြား-မကွေးကားလမ်း၊ မိုင်တိုင်အမှတ် (၃၆)အနီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊မြို့သစ်ကြိုးဝိုင်း၊ အကွက်အမှတ်(၅)အတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စမ်းသပ်စိုက်ခင်းတစ်ခုဖြစ်သည့် စိုက်ခင်းအမှတ်(၂/၂၀၁၈) အခြားစိုက်ခင်း(၂၀)ကေသို့ရောက်ရှိစစ်ဆေးခဲ့ရာ တာဝန်ရှိသူများမှ စိုက်ခင်းအတွင်း ရှားစစ်၊ကျွန်းနှင့် လျှော်ဖြူ သစ်မျိုး(၄)မျိုး ရောနှောစိုက်ပျိုးထားသည့်ပုံစံအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် စိုက်ခင်းအတွင်း သီးသန့်စမ်းသပ်စိုက်ပျိုးထားသော အာကေးရှားစပ်မျိုး(Acacia Hybrid) အပင်များအားလည်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့သစ်ကြိုးဝိုင်း၊ အကွက်အမှတ်(၅)အတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၁၇ ခုနှစ် မိုးရာသီတွင် စမ်းသပ်စိုက်ပျိုးထားသည့် အာကေးရှားစပ်မျိုး(Acacia Hybrid) စမ်းသပ်စိုက်ကွက်နှင့် ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်းကေ(၁၅၀)အတွင်း Group Planting နည်းစနစ်ဖြင့် စမ်းသပ်စိုက်ပျိုးထားသောစိုက်ကွက်အား ကြည့်ရှုစစ်ဆေးပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်-ကံပြား-မကွေးကားလမ်း၊ မိုင်တိုင်အမှတ်(၂၆/၆)နှင့် (၂၈/၂)ကြား သစ်တောဦးစီးဌာနမှ ၂၀၁၇ခုနှစ် မိုးရာသီတွင် ငမင်ကြိုးဝိုင်း၊ အကွက်အမှတ်(၂၁၈)နှင့်(၂၁၆)အတွင်း စိုက်ပျိုးတည်ထောင်ထားရှိသည့် တရုတ်-မြန်မာချစ်ကြည်ရေးအထိမ်းအမှတ် ငမင်သစ်မျိုးစုံစိုက်ခင်းကေ(၁၀၀)ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့သည်။ ထို့နောက် နေပြည်တော်-မကွေး(ကံပြားလမ်း) မိုင်တိုင်အမှတ် (၃/၀) အနီး ၂၀၁၆ခုနှစ်မိုးရာသီ သစ်ပင်စိုက်ပွဲတော် ကျင်းပပြုလုပ်ခဲ့သည့်နေရာသို့ ရောက်ရှိစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် (၂-၉-၂၀၁၈)ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက် အမှာစကားပြောကြားခဲ့သည်။ ထို့နောက်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနလက်အောက်ရှိ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့မှ တိုင်းတာဝန်ခံ ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်မှုအခြေများအား ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်တောနှင့် သဘာဝဝန်းကျင်ပြတိုက်နှင့် ငလိုက်သာဆင်စခန်း၏ ဝန်ဆောင်မှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး






သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် စက်တင်ဘာ(၈)ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မိုးရာသီသစ်ပင်စိုက်ပွဲတော် စိုက်ပျိုးဆောင်ရွက်သည့် စိုက်ခင်းများအား ပြုစုထိန်းသိမ်းထားရှိမှုနှင့် ရှင်သန်အောင်မြင်မှုအခြေအနေ၊ သစ်တောနှင့်သဘာဝဝန်းကျင်ပြတိုက်၌

ပြည်သူများအား အသိပညာပေးပြသထားရှိမှု၊ ပြည်သူများ အပန်းဖြေနားနေနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိသည့် ငလိုက်စခန်းသာဆင်စခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ်၊ ဆာဖာရီဥယျာဉ်အတွင်း၌ ၂၀၁၁ ခုနှစ်၊ မိုးရာသီ သစ်ပင်စိုက်ပွဲတော်ဖြင့် စိုက်ပျိုးခဲ့သည့်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး သစ်တောနှင့်သဘာဝဝန်းကျင်ပြတိုက်ကိုကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါပြတိုက်တွင် သစ်တောဦးစီးဌာနပြကွက်၊ ဇီဝမျိုးစုံမျိုးကွဲများပြကွက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနပြကွက်၊ မြေတိုင်းဦးစီးဌာနပြကွက်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနပြကွက်နှင့် မြန်မာ့သစ်လုပ်ငန်းပြကွက်တို့ ပြသထားကြောင်းသိရသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်–တပ်ကုန်း အမှတ်(၁)လမ်း၊ မိုင်တိုင်(၂/၆)မှ(၂/၇)အကြားရှိ ၂၀၁၇ခုနှစ် နှင့်၂၀၁၈ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော် စိုက်ပျိုးဆောင်ရွက်ခဲ့သည့် စိုက်ခင်းများ၌ စိုက်ပင်များ၏ ရှင်သန်အောင်မြင်မှု၊ ဝါးနှင့် ဖက်တီဘာမြက် စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်၊ သတ္တသတ္တာဟဘုရားဝန်းကျင်၌ ၂၀၁၂ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပွဲတော် စိုက်ပျိုးဆောင်ရွက်ခဲ့သည့် စိုက်ပင်များရှင်သန်အောင်မြင်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ်၊ ရန်အောင်မြင်ကြိုးဝိုင်းအကွက်အမှတ်(၁၆) တွင် ၂၀၁၇ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပွဲတော်တွင် စိုက်ပျိုးဆောင်ရွက်ခဲ့သည့် ကျွန်း၊ ပျဉ်းကတိုး၊ တမလန်းနှင့် အင်ကြင်းပင်များ စိုက်ပျိုးထားသည့်စိုက်ခင်းကိုကြည့်ရှုစစ်ဆေး၍ စိုက်ခင်းကိုခြံစည်းရိုးကာရံရန်၊ စိုက်ပျိုးထားသော သစ်တောသစ်ပင်များ ပျက်စီးမှုမရှိစေရေးအတွက် အလေးထား ထိန်းသိမ်းစောင့်ရှောက်ရန်မှာကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်–မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ် (၂၁၇/၀)အနီးရှိ ငလိုက်စခန်းသာဆင်စခန်းသို့ရောက်ရှိရာ မြန်မာ့သစ်လုပ်ငန်း၊ နေပြည်တော်(တောင်) သစ်ထုတ်ရေးဒေသတာဝန်ခံ– ဦးအောင်မျိုးမင်းက ဆင်စခန်းနှင့်ပတ်သက်သည့် လက်ရှိဆောင်ရွက်ချက်များ၊ အပန်းဖြေလေ့လာသည့် ဧည့်သည်ဝင်ရောက်မှု အခြေအနေ၊တိုးချဲ့ဆောင်ရွက်မည့် ဝန်ဆောင်မှုလုပ်ငန်းများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များဆွေးနွေးမှာကြားခဲ့သည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E Prof. Ding Zhongli နှင့်အဖွဲ့ သစ်တောသုတေသနဌာနသို့ လာရောက်လေ့လာခြင်း




၁၇–၉–၂၀၁၈ရက်နေ့နံနက်(၁၀)နာရီ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်(NPC) အမြဲတမ်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌ H.E Prof. Ding Zhongli ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးအဖွဲ့ဝင် ကိုယ်စားလှယ်ပေါင်း(၃၃)ဦးတို့သည် မြန်မာနိုင်ငံသို့လာရောက်သည့် ချစ်ကြည်ရေးခရီးစဉ် အတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာန (ရေဆင်း)သို့ လာရောက်လေ့လာခဲ့ကြပါသည်။

အဆိုပါ လေ့လာရေးခရီးစဉ်တွင် သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနနှင့် တရုတ်သိပ္ပံအကယ်ဒမီတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် သုတေသနစီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများ၊ ဓာတ်ခွဲခန်းများကို လိုက်လံကြည့်ရှုလေ့လာခဲ့ပါသည်။ သစ်တောသုတေသနဌာနနှင့် တရုတ်သိပ္ပံအကယ်ဒမီတို့မှ တာဝန်ရှိသူများ နှစ်ဖက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် တိုင်းရင်းဆေးအပင်များနှင့် ဒေသခံတို့၏ ဗဟုသုတများဆိုင်ရာ သုတေသနများ၊ တောရိုင်းတိရစ္ဆာန်မျိုးစုံမျိုးကွဲနှင့် ထိန်းသိမ်းရေးသုတေသနလုပ်ငန်းများ၊ အပင်မျိုးစုံမျိုးကွဲနှင့်

ထိန်းသိမ်းရေးသုတေသနလုပ်ငန်းများ၊ ရေချိုဇီဝမျိုးစုံမျိုးကွဲနှင့် ထိန်းသိမ်းရေးသုတေသနလုပ်ငန်းများနှင့် မျိုးစိတ်အသစ်တွေ့ရှိမှုများအား ကိုယ်စားလှယ်များမှ လေ့လာခဲ့ပါသည်။ ဆက်လက်၍ သစ်တောသုတေသနဌာနတွင် တည်ထောင်ထားရှိသည့် မြန်မာ့လူသုံးနည်းသစ်များဖြင့် ပရိဘောဂများ ထုတ်လုပ်ပြသထားရှိသည့်ပြခန်းအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြပါသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းမှ ဒုတိယဥက္ကဋ္ဌ H.E Prof. Ding Zhongli အား အမှတ်တရလက်ဆောင် ပစ္စည်းပေးအပ်ပြီးနောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပါသည်။

## သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း နေရင်းဒေသပြန်လည်တည်ထောင်ခြင်း လုပ်ငန်းစီမံချက် (Habitat Restoration Action Plan) ရေးဆွဲတင်ပြခြင်း အစည်းအဝေး






သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း နေရင်းဒေသပြန်လည်တည်ထောင်ခြင်းလုပ်ငန်းစီမံချက်ရေးဆွဲတင်ပြခြင်းအစည်းအဝေးကို(၁၈-၉-၂၀၁၈)ရက်နေ့ နံနက်(၈း၃၀)နာရီတွင် သစ်တောဦးစီးရုံးချုပ်၊ အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ သဘာဝအမွေအနှစ်များဖြစ်သည့် ဂေဟစနစ်နှင့် ယင်းတို့မှာ ကျက်စားပေါက်ရောက်သည့် ဇီဝမျိုးစုံမျိုးကွဲများကို ထိရောက်သည့် စီမံအုပ်ချုပ်မှုများပြုလုပ်နိုင်ရန် သဘာဝထိန်းသိမ်းရေး နယ်မြေ(၁၉)ခုမှ ရေးဆွဲနေသည့် နေရင်းဒေသပြန်လည် တည်ထောင်ခြင်းလုပ်ငန်းစီမံချက်များကို တင်ပြဆွေးနွေး၊ သုံးသပ်အကြံပြုသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ဖွဲ့စည်းပြီး စီမံအုပ်ချုပ်ရာတွင် ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအပြင် အနီးပတ်ဝန်းကျင်တွင်ရှိသည့် ဒေသခံပြည်သူများကို အထောက်အကူပြုရန် ရည်ရွယ်ခဲ့ပါကြောင်း၊

ယနေ့ကာလ၌ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် လျော့နည်းသက်သာရေး၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် လိုအပ်သည့် ရေအရင်းအမြစ်များရေရှည်တည်တံ့ရေး၊ နိုင်ငံနှင့်ဒေသစီးပွားရေးနှင့် အလုပ်အကိုင်ဖွံ့ဖြိုးရေးအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းများရေရှည်ဖွံ့ဖြိုးရန်၊ ဥယျာဉ်၊ ဘေးမဲ့တောများရှိသော ဘာသာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ တည်တံ့ရန်၊ ဂေဟစနစ်များတည်ငြိမ်ရန်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ရရှိရန် လိုအပ်ပါကြောင်း၊

နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း Myanmar Sustainable Development Plan ၂၀၁၈-၂၀၃၀ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊

ထို့အပြင် ဥယျာဉ်/ဘေးမဲ့တောများ၏ နေရင်းဒေသပြန်လည်တည်ထောင်ခြင်း လုပ်ငန်းစီမံချက်များသည် နိုင်ငံ၏သဘာဝအမွေအနှစ်များဖြစ်သည့် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲရေရှည်တည်တံ့ရေးအပြင် နိုင်ငံသားများအတွက် လူမှုစီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာစေရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု လျော့နည်းရေးနှင့် နိုင်ငံတကာကိုထားရှိရသည့် ကတိကဝတ်များကိုပါ ဖြည့်ဆည်းရန် အထောက်အကူပြုမည်ဖြစ်သည့်အတွက် အလေးထားရေးဆွဲအကောင်အထည်ဖော်ရန် လမ်းညွှန်မှာကြားခဲ့သည်။

## မြန်မာအမျိုးသားမြေပုံစနစ်နည်းပညာဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေး (4th One Map Myanmar Technical Steering Committee Meeting) ကျင်းပခြင်း



မြန်မာအမျိုးသား မြေပုံစနစ်နည်းပညာဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ စတုတ္ထအကြိမ်မြောက်အစည်းအဝေးကို ၃-၉-၂၀၁၈ ရက်နေ့ (၁၃း၀၀)နာရီတွင်သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ မြန်မာအမျိုးသား မြေပုံစနစ်နည်းပညာဆိုင်ရာကြီးကြပ်မှုကော်မတီ) တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အမှာစကားပြောကြားရာတွင် ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် အမျိုးသားမြေအသုံးချမှုမူဝါဒတွင် မြေနှင့်သဘာဝသယံဇာတအရင်းအမြစ်ဆိုင်ရာ သတင်းအချက်အလက်များ မှန်ကန်ရေး၊ မြေနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အများပြည်သူများပါဝင်သည့်နည်းလမ်းဖြင့် စနစ်တကျမှတ်တမ်းပြုစုရေး၊ မြေနှင့် ပတ်သက်သည့်သတင်းအချက်အလက်များကို အများပြည်သူများ လွယ်ကူစွာရယူအသုံးပြုနိုင်ရေးစသည့် မူဝါဒလမ်းညွှန်ချက်များ ပါဝင်ကြောင်း၊ အမျိုးသားမြေအသုံးချမှု မူဝါဒအရ အမျိုးသားမြေအသုံးချမှုကောင်စီကို ဒုတိယသမ္မတ-၂ ဦးဆောင်၍ မြေနှင့် ဆက်စပ်ပြီးလုပ်ကိုင်နေကြသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များမှ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွဲ့စည်းခဲ့ကြောင်း၊ ကောင်စီ၏ တာဝန်ဝတ္တရားများတွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့် ဦးစီးဌာနအသီးသီး၏ တည်ဆဲမြေနှင့် သက်ဆိုင်သည့်မှတ်တမ်းများ၊ မြေပုံများနှင့် မှတ်ပုံတင်စနစ်များ တပြေးညီဖြစ်စေရေး လိုအပ်သောအစီအမံနှင့် လမ်းညွှန်ချက်များချမှတ်ရန်ဆိုသည့် တာဝန်ဝတ္တရားတစ်ခုပါဝင်ကြောင်း၊

အမျိုးသားမြေအသုံးချမှုကောင်စီသည် အမျိုးသားမြေအသုံးချမှု မူဝါဒပါရည်ရွယ်ချက်များ၊ လမ်းညွှန်ချက်များနှင့် အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းကော်မတီသုံးရပ်ဖွဲ့စည်းဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ မြန်မာအမျိုးသားမြေပုံစနစ်နည်းပညာဆိုင်ရာ ကြီးကြပ်မှုကော်မတီကိုလည်း မြန်မာနိုင်ငံအမျိုးသား မြေပုံစနစ်ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအဖြစ် ပြောင်းလဲဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့်ပြောကြားခဲ့ပါသည်။ မြန်မာအမျိုးသားမြေပုံစနစ်နည်းပညာဆိုင်ရာကြီးကြပ်မှုကော်မတီ၏ စတုတ္ထအကြိမ်အစည်းအဝေးတွင် မြန်မာအမျိုးသားမြေပုံစနစ်နည်းပညာဆိုင်ရာ ကြီးကြပ်မှုကော်မတီကို မြန်မာနိုင်ငံအမျိုးသား မြေပုံစနစ်ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအဖြစ် ပြောင်းလဲဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ မြန်မာအမျိုးသားမြေပုံစနစ် (OneMap Myanmar)စီမံကိန်းဆိုင်ရာလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်တို့ကို ဆွေးနွေးခဲ့ကြပါသည်။

## (၂/၂၀၁၈)ကြိမ်မြောက် နိုင်ငံအဆင့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင် ကူးသန်းရောင်းဝယ်မှုအား ဥပဒေအရ ထိရောက်စွာတားဆီးရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး



(၂/၂၀၁၈)ကြိမ်မြောက် နိုင်ငံအဆင့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင် ကူးသန်းရောင်းဝယ်မှုအား ဥပဒေအရ ထိရောက်စွာတားဆီးရေးလုပ်ငန်းအဖွဲ့အစည်းအဝေးကို (၁၂-၉-၂၀၁၈)ရက်နေ့၊ နံနက် (၀၉း၃၀)

နာရီတွင် သစ်တောဦးစီးရုံးချုပ်၊အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာနိုင်ငံအဆင့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ကူးသန်းရောင်းဝယ်မှုအား ဥပဒေအရ ထိရောက်စွာတားဆီးရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။

အမှာစကားပြောကြားရာတွင်လုပ်ငန်းအဖွဲ့ကို ၂၀၁၆ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးအစည်းအဝေးများခေါ်ယူကျင်းပနိုင်ခဲ့ပါကြောင်း၊ လုပ်ငန်းအဖွဲ့၏ အစည်းအဝေးမှ နိုင်ငံအတွင်းတွင် ဖြစ်ပွားနေသော တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ကူးသန်းရောင်းဝယ်မှုများ တားဆီးနှိမ်နင်းရေးကိစ္စများကို ယခင်ကထက် ပိုမိုပြီး ပေါင်းစပ်ညှိနှိုင်းမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေကို ယခုနှစ် မေလ(၂၁)ရက်နေ့၌ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် လိုအပ်သည့်နည်းဥပဒေကိုလည်း ဆက်လက်ရေးဆွဲဆောင်ရွက်နေပါကြောင်း၊

ထို့အပြင် WWF Myanmar Program နှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်းပြီး ရန်ကုန်မြို့ပေါ်တွင် ဆင်များသတ်ဖြတ်ခံနေရမှု၊ ဆင်နှင့်အစိတ်အပိုင်းများ တရားမဝင်ကူးသန်းရောင်းဝယ်နေမှုများကို တားဆီးနှိမ်နင်းရေး အသိပညာပေးအနေဖြင့် မိုမိုတို့၏ ရင်တွင်းစကားသံအဖြစ်လည်း မြို့တော်ခန်းမရှေ့၊ ပြည်သူ့ရင်ပြင်၊ ရန်ကုန်လေဆိပ်နှင့် မန္တလေးလေဆိပ်တို့တွင် ဆင်ရုပ်ထုနှင့် ပိုစတာများထားရှိပြသသည့် လှုပ်ရှားမှုကိုလုပ်ဆောင်ခဲ့ပါကြောင်း၊ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေလျက်ရှိသောတားဆီးနှိမ်နင်းရေးလုပ်ငန်းများ၊ အသိပညာပေးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေမှုများ၊ ဆင်စွယ်နှင့်ဆင်အစိတ်အပိုင်းများအပါအဝင် အခြားသောတောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများနှင့် ဆင့်ပွားပြုလုပ်ထားသည့် ပစ္စည်းများကိုရောင်းချနေသည့် ဈေးကွက်များပိတ်သိမ်းရေး၊ ပြည်သူလူထုအသိအမြင်နိုးကြားလာစေရေးနှင့် ပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန် ဆောင်ရွက်နေမှုများကို နိုင်ငံတကာ အစည်းအဝေးကွန်ဖရင့်များတွင် ရှင်းလင်းတင်ပြလျက်ရှိပါကြောင်း ပြောကြားပါသည်။

## ဒုတိယအကြိမ်မြောက် အပူပိုင်းဒေသအပင်မျိုးခွဲခြားခြင်းနှင့် သစ်တောစီမံအုပ်ချုပ်မှုသင်တန်း



ဒုတိယအကြိမ်မြောက် အပူပိုင်းဒေသ အပင်မျိုး ခွဲခြားခြင်းနှင့် သစ်တောစီမံအုပ်ချုပ်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို(၁၇-၉-၂၀၁၈)ရက်နေ့၊ နေ့လယ် (၁၄း၀၀) နာရီတွင် Grand Amara Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ကမ္ဘာတွင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် အရေးပါသော ဦးစားပေးနေရာ ၂၅ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် အင်ဒို-မြန်မာဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး အရေးကြီးနေရာများတွင် မြန်မာနိုင်ငံသည် အပါအဝင်ဖြစ်ပါကြောင်း၊ ယခုအချိန်၌ မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၂ခု တည်ထောင်ပြီးဖြစ်သည်။ နိုင်ငံဧရိယာ၏ ၅.၇၉%တည်ထောင်ပြီးဖြစ်ကာ အဆိုပါသဘာဝထိန်းသိမ်းရေးနယ်မြေ ၄၂ ခုအနက် ၇ခုသည် အာဆီယံအမွေအနှစ်ဥယျာဉ်များအဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် သစ်တောဧရိယာအားဖြင့် နိုင်ငံ၏၄၂.၉၂%ရှိပြီး၊ ရွက်အုပ်ပိတ်တော ၂၁.၅၆%နှင့် ရွက်အုပ်ပွင့်တော ၂၁.၃၆% ပါဝင်ပါကြောင်း၊ လူဦးရေအများစုသည် နိုင်ငံ၏ကျေးလက်ဒေသများတွင် အများဆုံး နေထိုင်ကြပြီး သဘာဝသယံဇာတများအပေါ် အဓိကမှီခိုနေရကြောင်း၊ သစ်တောများပြန်လည်တည် ထောင်ခြင်းလုပ်ငန်း သည် အရေးကြီးလုပ်ငန်းတစ်ခုဖြစ်လာပြီး မြန်မာ့သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထိုစီမံကိန်းသည် ၁၀နှစ်တာကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

သင်တန်းကို သစ်တောဦးစီးဌာနနှင့် XTBG တို့မှဦးစီးကျင်းပခြင်းဖြစ်ကြောင်း၊ သင်တန်းသို့ မြန်မာနိုင်ငံရှိ တက္ကသိုလ်များမှ သရုပ်ပြ(၁၆)ဦး၊ သစ်တောသုတေသနဌာနမှ သုတေသီ(၆)ဦး၊ CFDTC မှ ဝန်ထမ်း(၂)ဦး၊ မြန်မာနိုင်ငံသစ်တောကျောင်း၊ ပြင်ဦးလွင်မှ ဝန်ထမ်း(၂)ဦးနှင့် သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ ဝန်ထမ်း(၄)ဦး စုစုပေါင်းသင်တန်းသားဦးရေ(၃၀)ဦးတက်ရောက်ခဲ့သည်။

# တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိခြင်းသတင်း

## ရခိုင်ပြည်နယ်







ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ်(တွဲဘက်) ပုဏ္ဏားကျွန်းမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂–၉–၂၀၁၈ရက်နေ့တွင် စစ်တွေမြို့နယ်(တွဲဘက်) ပုဏ္ဏားကျွန်းမြို့နယ်၊စံပြရပ်ကွက်၊လ–ဝ–က ရုံးလမ်း၊ အိမ်အမှတ်(၄၁၈)၊ ဦးဘားမောင်၏ နေအိမ်ခြံဝင်းမှ တရားမဝင် သင်ပုန်း/တောင်သရက်ခွဲသား စုစုပေါင်း(၁၂၁၃)ချောင်း (၂၀.၀၀၀၂)တန်အား တရားခံ(၁)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး၊ အဆိုပါနေ့တွင် စစ်တွေမြို့နယ်(တွဲဘက်) ပုဏ္ဏားကျွန်းမြို့နယ်၊ အလယ်စုရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အိမ်အမှတ်(၇)၊ ဒေါ်နီနီလင်း၏ နေအိမ်ခြံဝင်းအတွင်းမှ တရားမဝင် တောင်သရက်ခွဲသား (၁၁၅)ချောင်း (၉. ၉၄၃၆)တန်၊ အင်ဂျင်(၁)လုံး၊ လွှပိုင်း(၁)ပိုင်းနှင့် ဆက်စပ်ပစ္စည်းတို့အား တရားခံ(၄)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သည့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးမှူးအဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ၄–၉–၂၀၁၈ရက်နေ့တွင် ရွှေဘိုမြို့နယ်၊ ရောနဒီလမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကျောက်မြောင်းမြို့၊ ဒေါ်သန်းရွှေ၊ ဦးဇော်ဝင်း၊ ဦးငြိမ်းဆွေနှင့် ဦးသန်းဆောင် အမည်ပေါက်ခြံဝင်းအတွင်းတို့မှ တရားမဝင် ကျွန်းသစ်၊ လုံးပတ်(၃)ပေအောက် ကျွန်းသစ်စုစုပေါင်း (၅၀၃)လုံး (၆၀.၂၃)တန်အား တရားခံ(၅)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ NLD ပါတီဝင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေ အုပ်ချုပ်ရေးမှူးတို့ ပါဝင်သောအဖွဲ့သည် ၇–၉–၂၀၁၈ ရက်နေ့တွင် မြိုင်မြို့နယ်၊ ပုသိမ်–မုံရွာလမ်း၊ မိုင်တိုင်အမှတ် (၄၀၇/၃)အနီး ယာဉ်အမှတ်–6B/6145 တပ်ဆင်ထားသော (Nissan Diesel (၁၂)ဘီး ပြာဖြူကြား)ပေါ်မှ တရားမဝင် ပိတောက်ခွဲသား(၈၂)ချောင်း (၈.၀၁၄၂)တန်နှင့်အတူ တရားခံ(၂)ဦးဖမ်းဆီးရမိခဲ့ပါသည်။



## မန္တလေးတိုင်းဒေသကြီး




မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများအဖွဲ့သည် ကျောက်ဆည်မြို့နယ်၊ ရဲရမန်းကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင်သစ်ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း ဆောင်ရွက်ခဲ့ရာ ၄-၉-၂၀၁၈ ရက်နေ့တွင် ကြောင်းချောင်းအနီးမှ တရားမဝင်အင်ကြင်းသစ်(၂.၁၀၂၀)တန်၊ ၅-၉-၂၀၁၈ ရက်နေ့တွင် မြောင်းကားချောင်းမှ တရားမဝင်ကျွန်းဓါးရွှ(၂.၂၉၉၆)တန်၊ ၆-၉-၂၀၁၈ရက်နေ့တွင် ပန်းပုချောင်းမှ တရားမဝင်ကျွန်းသစ်(၄.၇၇၆၀)တန်နှင့် ၈-၉-၂၀၁၈ ရက်နေ့တွင် ကျောက်ပုံချောင်းအနီးမှ တရားမဝင်ကျွန်းသစ်(၉)လုံး (၂.၃၈၂၀)တန်၊ စုစုပေါင်း တရားမဝင်ကျွန်း/အင်ကြင်း သစ်/ဓါးရွှ(၅၂)လုံး/တုံး (၁၁.၅၅၉၆)တန်တို့အား သိမ်းဆည်းရမိခဲ့ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး



၁၈-၉-၂၀၁၈ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ် စုံစမ်းရှာဖွေဖော်ထုတ်ခြင်းဆောင်ရွက်ခဲ့ရာ တနင်္သာရီမြို့နယ်၊ မောတောင်ဘိနယ်၊ အမှတ်(၅)ကျေးရွာ၊ မိုင်တိုင်(၅၈)ကီလိုမီတာအနီး ယာဉ်အမှတ် 8B/7847 တပ်ဆင်ထားသော(Nissan Diesel ၁၂ဘီး-စိမ်း/ပြာရောင်)ယာဉ်ပေါ်မှ တရားမဝင် ကတွဒ်ခွဲသား(၄၈)ချောင်း (၇.၂၅၁၀)တန်နှင့်အတူ တရားခံ(၂)ဦး ဖမ်းဆီးရမိခဲ့ပါသည်။

## မွန်ပြည်နယ်



၂၀-၉-၂၀၁၈ ရက်နေ့တွင် မွန်ပြည်နယ်၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူး၏ သတင်းစုံစမ်းချက်အရ တပ်မတော်တပ်ဖွဲ့(ရေ)သည် ပေါင်မြို့နယ်၊ သံလွင်မြစ်အတွင်း စက်လှေ(၁)စီးပေါ်မှ တရားမဝင် ပိတောက်ခွဲသားနှင့် အခြားခွဲသား စုစုပေါင်း (၂၅)တန်ခန့်နှင့် တရားခံ(၈)ဦး ဖမ်းဆီးရမိခဲ့ပါသည်။

## နေပြည်တော်ကောင်စီနယ်မြေ




၂၄-၉-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများအဖွဲ့၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မောင်ညိုဘုန်းကြီးကျောင်းဝင်းအတွင်း ယာဉ်အမှတ်YGN/1G-9002 တပ်ဆင်ထားသောယာဉ်ပေါ်မှ တရားမဝင် ကျွန်းပရိဘောဂ/ ခွဲသား စုစုပေါင်း (၇၅၈)ချောင်း(၄.၈၂၃၈)တန်၊ တရားခံ(၂)ဦးဖမ်းဆီးရမိခဲ့ပါသည်။

## နောင်ချိုမြို့နယ်၊ ဘန့်ဘွေးလိပ်ကယ်ဆယ်ရေးစခန်းတွင် ယာယီထိန်းသိမ်းထားသော တရားမဝင်ကုန်သွယ်မှုမှ ဖမ်းဆီးရမိသည့် လိပ်ပုတီး(၈)ကောင်အား ပြန်လည်စေလွှတ်ခြင်း



၂၀၁၈ခုနှစ်၊ ဇူလိုင်လ(၁၈)ရက်နေ့တွင် ရှမ်းပြည်နယ်၊ သီန္နီမြို့နယ်၊ ရေပူစစ်ဆေးရေးစခန်း၌ သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်နေစဉ် ခရီးသည်တင်ကားပေါ်တွင် တင်ဆောင်လာသော လိပ်ဝါ (၇၉)ကောင်၊ လိပ်ပုတီး(၈)ကောင်၊ လိပ်ပုပ်(၆)ကောင်နှင့် ရခိုင်တောင်လိပ်(၁)ကောင် စုစုပေါင်းရေချိုလိပ်(၉၄)ကောင်ထည့်ထားသည့် အထုတ်(၄)ထုတ်အား ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိသည့် လိပ်မျိုးစိတ်(၄)မျိုးမှ အနားပျော့လိပ်မျိုးဖြစ်သည့် လိပ်ပုတီး (Amyda ornata phayrei, myanmar Softshell Turtles) (၈)ကောင်မှာ ရေရှည်ထိန်းသိမ်းထားရန် နေရာအခက်အခဲရှိခြင်းကြောင့် ယင်းတို့နှင့် သင်လျော်သော ရေစီးဆင်းသည့်မြစ်ချောင်းများတွင် ပြန်လည်စေလွှတ်ရန်စီစဉ်ခဲ့ပါသည်။ လိပ်ပုတီး(၈)ကောင်အား ဇူလိုင်လ(၁၉)ရက်နေ့အထိ ဘန့်ဘွေးလိပ်ကယ်ဆယ်ရေးစခန်းတွင် ယာယီထိန်းသိမ်းထားခဲ့ပါသည်။ ပြန်လည်ကျန်းမာသန်စွမ်းလာသည့် အခြေအနေတွင်ရှိနေသောကြောင့် ဩဂုတ်လ(၁၅)ရက်နေ့၌ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း အစပ်ရှိ ဒုဋ္ဌဝတီတံတားအနီးရှိ ဒုဋ္ဌဝတီမြစ်အတွင်းသို့ ပြန်လည်စေလွှတ်ခဲ့ပါသည်။

### တိုင်းဒေသကြီးနှင့် ပြည်နယ်၊ သစ်တောဦးစီးဌာနများ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဩဂုတ်လအထိ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၄၂၆၂.၁၃၅၄ | |
| ၂ | သစ်မာ | တန် | ၄၇၁၇.၅၀၇၀ | |
| ၃ | အခြား | တန် | ၆၉၉၇.၅၇၆၈ | |
| | စုစုပေါင်း | | ၁၅၉၇၇.၂၁၉၂ | |
| ၄ | မီးသွေး | တန် | ၃၈၈၂.၁၅၈၉ | |
| ၅ | ကား | စီး | ၁၁၃၃ | |
| ၆ | မြေကော်စက်/ ကရိန်း | စီး | ၃ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း/ ထွန်စက် | စီး | ၆၆ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၃၅၂ | |
| ၉ | စက်လှေ/ ရေယာဉ်/ ပဲ့ထောင်လှေ | စီး | ၉၅ | |
| | စုစုပေါင်း | | ၁၆၄၉ | စဉ် (၅) မှ (၉)၊ ယာဉ်/ ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၂၇၃ | |

# မြေးငယ်သစ်သစ်သို့ ပေးစာ (၁၀)

**"မင်္ဂလာပါမြေးငယ်ရေ"**– – –

တောစခန်းကနေ မြေးငယ်ရေးလိုက်တဲ့စာ မနေ့ကရပါတယ်။ ရာသီဥတုက မိုးတွင်းဆိုပေမဲ့၊ ဒီနှစ် မိုးကလည်းနည်း၊ နေက ပူပြင်းနဲ့ သစ်တောလုပ်ငန်းတွေ လုပ်နေရတဲ့မြေးလေး––၊ ''တောလုပ်ငန်းတွေလုပ်ရကိုင်ရတာ ပင်ပန်းလိုက်တာ၊ မနက် ၁၀ နာရီသာသာလောက်ကနေ၊ နေ့လယ် ၂နာရီ လောက်ထိ သစ်ပင်အရိပ်ကောင်းကောင်း၊ ချောင်းစပ်နီးနီးမှာ အရိပ်ခိုနေရတယ်။ အလုပ်မတွင်ဘူး––''လို့ ညည်းညူနေတဲ့ မြေးငယ်လေး––။ ''မြေးလေး'' စိတ်ပျက်နေတာကြားသိရလို့ စိတ်မကောင်းပါဘူး– ပြီးတော့ ''မြေးလေး''ပြောတာ–''ဘာလို့ဒီလောက်ပူပြင်းရတာလဲ? အိုဇုန်းလွှာကိုအမြင်ကတ်တယ်။ သူပေါက်လို့––ပူတာပေါ့''လို့––ဆိုတာလေ––။ အမှန်တော့ မြေးလေးရေ''အိုဇုန်းလွှာ''က အမြင်ကတ်စရာမဟုတ်ပါဘူး– ချစ်စရာပါ––အမြင်ကတ်ခြင်းကတ်ရမှာက––။



''ဖိုးဖိုး'' ပြောပြမယ်။ ''အိုဇုန်းလွှာ''ဆိုတာ သဘာဝအလျောက်ဖြစ်နေတဲ့ ဓာတ်ငွေ့တွေရှိတဲ့အလွှာပါ။ အောက်စီဂျင်အက်တမ်သုံးခုနဲ့ ဖွဲ့စည်းထားတာပါ။ အဲဒီအိုဇုန်းအလွှာဟာ ကမ္ဘာမြေပြင်အထက် ၆မိုင်/(၁၀ကီလိုမီတာခန့်)မှ မိုင် ၃၀/(၅၀ ကီလိုမီတာ)အထိ၊ ''စထွာတိုစဖီးယား'' လေထု (STRATOSPHERE) မှာရှိတာပါ။ ''နေမင်းကြီး''ဆီကလာတဲ့ သက်ရှိသတ္တဝါတွေအတွက် အန္တရာယ်ရှိတဲ့ ''ခရမ်းလွန်ရောင်ခြည်လှိုင်း''(ULTRA VIOLET RADIATION)တွေ၊ မြေပြင်ပေါ်မကျရောက်အောင်၊ ကာကွယ်ပေးနေတဲ့ သဘာဝအကာအရံ တံတိုင်းကြီးပါ။

အဲဒီခရမ်းလွန်ရောင်ခြည်ကတော့ UV-A, UV-B, UV-C ဆိုပြီး အုပ်စုသုံးမျိုးရှိတယ်။ ပထမအုပ်စု UV-A ကတော့၊ နံနက်ခင်းနေရောင်ခြည်မှာပါဝင်ပြီး၊ လူသားတွေရဲ့ကျန်းမာရေးကို အထောက်အကူပေးပါတယ်။ မနက် ၉ နာရီခွဲ ၁၀ နာရီလောက်ကနေ၊ ညနေ ၄ နာရီလောက်အတွင်းကျရောက်တဲ့ နေ့ခင်းပိုင်း နေရောင်ခြည်မှာပါဝင်တဲ့ UV-B ကတော့ လူတွေရဲ့ကျန်းမာရေးကို ထိခိုက်စေပါတယ်။ အရေပြားလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း၊ မျက်ကြည်လွှာပျက်စီးခြင်း၊ မျက်စိတိမ်ဖြစ်ခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်း၊ ရေသတ္တဝါများသေဆုံးခြင်း၊ အဏုဇီဝဂေဟစနစ်ပျက်စီးခြင်း၊ ရုပ်ဝတ္ထုပစ္စည်းများယိုယွင်းခြင်းတို့ဖြစ်နိုင်ပါတယ်။ UV-C ကျရောက်ခံရရင်၊ လူရဲ့ခန္ဓာကိုယ်ခုခံအားကို ထိခိုက်စေပြီး သေဆုံးနိုင်ပါတယ်။ ဒါပေမဲ့ အိုဇုန်းလွှာက အဲဒီခရမ်းလွန်ရောင်ခြည်တွေကို 97%မှ 99%ထိ စုပ်ယူပေးနိုင်ပါတယ်။

စောစောက မြေးလေးပြောတဲ့ အိုဇုန်းလွှာပေါက်တယ်ဆိုတာက ၁၉၈၅ ခုနှစ်လောက်က၊ အန္တာတိကတိုက်မှာရှိတဲ့ "Hally Bay" အခြေစိုက် ဗြိတိသျှသုတေသနစခန်းခေါင်းဆောင်"Joe Farman"အဖွဲ့က ကြေညာခဲ့တာပါ။ ''တောင်ဝင်ရိုးစွန်းဒေသမှာရှိတဲ့ အိုဇုန်းလွှာမှာ အပေါက်ကြီးတစ်ခုဖြစ်နေပါတယ်''–––တဲ့။

ဘာဖြစ်လို့ ''အိုဇုန်းလွှာ''ပေါက်သွားရတာလဲဆိုတော့၊ ''အိုဇုန်း''ဓာတ်တွေလျော့နည်းသွားလို့ ပျက်စီးသွားလို့ပါ။ ဘာလို့ အဲဒီလိုဖြစ်သွားရတာလဲဆိုတော့၊ ကမ္ဘာမြေပြင်ကထုတ်လွှတ်လိုက်တဲ့ ဓာတုပစ္စည်းတွေနဲ့ အိုဇုန်းဓာတ်တွေ ဓာတ်ပြုပြီး လျော့နည်းပျက်စီးသွားတာကြောင့်ပါ။ လူတွေနေထိုင်တဲ့''အိမ်''နဲ့ အလုပ်လုပ်ရာ''ရုံး''တွေမှာ လေအေးပေးစက်တွေဖွင့်၊ တီဗွီကြည့်၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်သုံး၊ ထမင်းဟင်းချက်နဲ့ အပူစွမ်းအင်တွေသုံးတယ်၊ ဓာတ်ငွေ့တွေထုတ်လွှတ်တယ်လေ။ ပြီးတော့ စက်ရုံတွေလည်ပတ်ရာမှာ– မီးရထား၊ မော်တော်ကား၊ လေယာဉ်ပျံ၊ မော်တော်ဆိုင်ကယ်မောင်းနှင်ရာမှာ ဓာတ်ဆီ၊ ဒီဇယ်ဆီတွေလိုတယ်လေ။ အဲဒီလိုတဲ့ စွမ်းအင်တွေကို ရေနေ၊လေ ထင်းမီးသွေး စွန့်ပစ်ပစ္စည်းလောင်စာ၊ ကျောက်ဖြစ်ရုပ်ကြွင်းတွေက ထုတ်ယူသုံးစွဲကြတယ်။ အဲဒီကနေ ထုတ်လွှတ်လိုက်တဲ့ ဓာတုပစ္စည်းတစ်ချို့ကနေ ''ကလိုရင်း''''ဘရိုမင်း''ဓာတ်တွေထွက်ရှိလာပြီး လေထုထဲရောက်သွားပါတယ်။ အဲဒီမှာ ဓာတ်ပြောင်းလဲမှုတွေဖြစ်ပြီး လေထုထဲမှာရှိနေတဲ့ ''အိုဇုန်း''ဓာတ်တွေ ပျက်စီးသွားတာပါ။ ''အိုဇုန်းလွှာ'' တဖြည်းဖြည်း လျော့ပါးပျက်စီးသွားပါတယ်။ အဲဒီ ''ကလိုရင်း''ဓာတ်ငွေ့တွေပါဝင်တဲ့ ဓာတုပစ္စည်းတွေကတော့၊ ကလိုရိုဖလူအိုရိုကာဗွန် (Chlorofluorocarbon-CFCs)၊ ဟိုက်ဒရိုကလိုရို ဖလူအိုရိုကာဗွန် (Hydrochlorofluorocarbon- "HCFC"s)

ကာဗွန်တက်ထရာကလိုရိုက်၊ မီသိုင်းကလိုရိုဖောင်း တို့ဖြစ်ကြပြီး၊ ''ဘရိုမင်း''ပါဝင်တဲ့ ဓာတုပစ္စည်းတွေက တော့၊ ဟိုက်ဒရိုဘရိုမိုဖလူအိုရိုကာဘွန် (Hydrobromofluorocarbon- HBFCs)၊ မီသိုင်းဘရိုမိုက်နဲ့ ဘရိုမိုကလိုရိုမီသိန်းတို့ဖြစ်ပါတယ်။ အဲဒီပစ္စည်းတွေကို လေအေးပေးစက်၊ ရေခဲသေတ္တာ၊ မီးသတ်ဆေးဘူး၊ လေမှုတ်ဆေး၊ ဆိုဖာရေမြှုပ်နဲ့ ပိုးသတ်ဆေးအစရှိတဲ့ လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရာမှာ အသုံးပြုပါတယ်။

အဲဒီ "HCFCs" တွေဟာအိုဇုန်းလွှာလျော့နည်းပျက်စီးစေတာကြောင့်၊ အဲဒီ "HCFCs" ဓာတ်တွေသုံးစွဲမှုကိုလျှော့ချဖို့ အထူးအလေးထားဆောင်ရွက်ကြရမှာဖြစ်လို့၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ရက်နေ့မှာ ကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (International Day for the Preservation of the Ozone Layer)မှာ–''**အိပ်ချ်စီအက်ဖ်စီ** သုံးစွဲမှုလျှော့ချရေး အထူးအလေးပေး'' "**HCFCs phase -out; a unique opportunity**" ဆိုတဲ့ဆောင်ပုဒ်နဲ့ တစ်ကမ္ဘာလုံးကြွေးကြော်ခဲ့ကြပါတယ်။ အဲဒီ"HCFCs"ထုတ်လုပ်မှုနဲ့ သုံးစွဲမှုကာလကို ၂၀၁၃ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း အဆင့်ဆင့် လျှော့ချရပ်ဆိုင်းဖို့ သဘောတူခဲ့ကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အိုဇုန်းလွှာကာကွယ်ရေးအတွက် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်နှင့် လန်ဒန်ပြင်ဆင်ချက်စာချုပ်များအရ၊ ၁၉၉၉ခုနှစ်၊ နိုဝင်ဘာလ၊ ၂၄ ရက်နေ့မှာ အဖွဲ့ဝင်ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် ကိုပင်ဟေဂင်ပြင်ဆင်ချက်မှာ ၂၀၀၉ ခုနှစ်၊ မေလ ၂၂ရက်မှာ အဖွဲ့ဝင်ဖြစ်ခဲ့ပါတယ်။ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် UNEP ရဲ့ပံ့ပိုးမှုနဲ့ အမျိုးသားအိုဇုန်းယူနစ် (National Ozone Unit) ကို ၂၀၀၄ ခုနှစ်မှာ တည်ထောင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ အိုဇုန်းလွှာပျက်စီးစေတဲ့ ဒြပ်ပစ္စည်းများ ထုတ်လုပ်နေခြင်းနဲ့ တင်ပို့ခြင်းမရှိခဲ့ပါ။ "CFC" တင်သွင်းမှုကို ၂၀၀၇ ခုနှစ်မှစတင်၍ ရပ်ဆိုင်းထားခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ရက်နေ့ အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့မှာ **''အိုဇုန်းလွှာနှင့် ရာသီဥတုကောင်းမွန်ဖို့၊ ကမ္ဘာတစ်ဝန်း လက်တွဲညီညီဆောင်ရွက်စို့'' "Ozone and Climate, Restored by a World United"** ဆိုတဲ့ဆောင်ပုဒ်နဲ့ တစ်ကမ္ဘာလုံး ကြွေးကြော်လှုပ်ရှားခဲ့ပါတယ်။

အမှန်တော့၊ ကမ္ဘာပေါ်မှာ စက်မှုထွန်းကားလာတာနဲ့အမျှ လူတွေရဲ့လုပ်ဆောင်ချက်ကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ် $CO_2$ဓာတ်ငွေ့တွေဟာ လေထုထဲမှာ အလွန်များပြားလာပြီး၊ "GHG" (Green House Gas) ဖန်လုံအိမ် အာနိသင်မြင့်မားလာပါတယ်။ အဲဒီတော့ ကမ္ဘာကြီးပူနွေးလာပါတယ်။ ရာသီဥတုတွေပြောင်းလဲလာပါတယ်။ သုတေသနစစ်တမ်းတွေအရပြောရရင် အဲဒီ $CO_2$ ပမာဏထုတ်လွှတ်မှုဟာ သစ်တောပြုန်းတီးမှုများကြောင့် ၂၀၀၄ ခုနှစ်မှာစုစုပေါင်း "GHG" ရဲ့ ၅၆.၆% ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်မှာတော့ "EPA" စစ်တမ်းအရ၊ ကျောက်ဖြစ်ရုပ်ကြွင်းမှ လောင်စာထုတ်လုပ်မှုကြောင့် ကမ္ဘာ့ $CO_2$ထုတ်လွှတ်မှု ပမာဏက "GHG" အားလုံးနီးပါး ၉၆.၅% ဖြစ်လာခဲ့ပါတယ်။ အဲဒါကြောင့် ကမ္ဘာကြီးပူနွေးလာတာ၊ ရာသီဥတုပြောင်းလဲလာတာပါ။ ''လေထု''ထဲမှာ $CO_2$ ပမာဏအများဆုံး ၃၅၀ ppm ခန့်ရှိရင် အန္တရာယ်ကင်းတဲ့ပမာဏဖြစ်ပြီး သင့်တင့်မျှတတဲ့ ရာသီဥတုအနေအထားရရှိနိုင်မှာဖြစ်ပါတယ်။ "NOAA Research Website" အရ ၁၉၆၀ ခုနှစ်မှာ ၃၂၀ppm ၊ ၁၉၇၀ခုနှစ် ၃၃၀ppm၊ ၁၉၈၀ခုနှစ်မှာ ၃၄၂ppm၊ ၁၉၉၀ခုနှစ်မှာ ၃၅၅ppm၊ ၂၀၀၀ခုနှစ်မှာ ၃၇၀ppm၊ ၂၀၁၀ခုနှစ်မှာ ၃၉၀ppm၊ ၂၀၁၁ခုနှစ်မှာ ၃၉၃.၆၈ppm ၊ ၂၀၁၂ခုနှစ်မှာ ၃၉၅.၇၇ ppm ထိရောက်ရှိခဲ့ပြီး၊ ၂၀၁၄ခုနှစ်မှာ ၄၀၀ppm ထိရောက်ရှိခဲ့ရာ၊ တဖြည်းဖြည်း တစ်နှစ်ထက်တစ်နှစ်လေထုထဲမှာ $CO_2$ပိုမိုများပြားလာခဲ့ပါတယ်။ အဲဒီလို $CO_2$ တိုးနှုန်းများပြားလာတော့၊ ရေခဲပြင်များ၊ အရည်ပျော်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာပါတယ်။ မိုးခေါင်ရေရှားမှုတွေကြုံတွေ့လာရတယ်။ ပူနွေးတာကို ကြိုက်တဲ့ခြင်တွေပေါက်ပွားလာပါတယ်၊ ပိုးမွှားများပြားလာပါတယ်။ ရာသီဥတုတွေ ဖောက်ပြန်လို့ သဘာဝဘေးအန္တရာယ်တွေမျိုးစုံ မကြာခဏ ကျရောက်နေပါတယ်။

အဲဒီတော့ $CO_2$ ကို ဘယ်လိုလျှော့ချကြရမလဲ? နည်းလမ်းနှစ်သွယ်ရှိပါတယ်။ ပထမနည်းလမ်းကတော့ လေထုအတွင်းမှာရှိနေတဲ့ $CO_2$တွေကို ပင်လယ်သမုဒ္ဒရာက လေးပုံတစ်ပုံကျော်ခန့် စုပ်ယူပါတယ်။ ဒါပေမဲ့ ၂၀၀၀ ခုနှစ်ကစပြီး ပင်လယ်သမုဒ္ဒရာက $CO_2$ စုပ်ယူမှုသည် ၁၀% ခန့်ကျဆင်းလာတာကို တွေ့ရှိလာခဲ့ရပါတယ်။ အဲဒီတော့ ဒီပထမနည်းလမ်းဖြစ်တဲ့ ပင်လယ်သမုဒ္ဒရာက ကာဗွန်ဒိုင်အောက်ဆိုဒ်စုပ်ယူခြင်းဟာ ရေရှည်မှာမလွယ်ကူပါ။ နောင်နှစ်တွေကြာလာရင်၊ စုပ်ယူဖို့ရာ အခက်အခဲရှိလာနိုင်ပါတယ်။ မသေချာတော့ပါ။

နောက်ဒုတိယနည်းကတော့ ''သစ်ပင်သစ်တော'' များပြားလာခြင်းဖြင့် လေထုတွင်းမှ $CO_2$ ဓာတ်ထုတ်လွှတ်ခြင်းကိုလျှော့ချနိုင်ပါတယ်။ ''သစ်ပင်သစ်တော''လို့ပြောပေမဲ့၊ အပူပိုင်းသစ်တော၊ သက်ရင့်တောများဟာ အိုမင်းရင့်ရော် မသန်စွမ်းမှုတို့ကြောင့် $CO_2$စုပ်ယူမှု လျှော့ချနိုင်စွမ်းအလွန်နည်းတာကို လေ့လာသိရှိရပြီး၊ ကြီးထွားမြန်တဲ့ သက်ငယ် သစ်ပင်တွေစိုက်ခင်းတွေကသာ၊ စွမ်းဆောင်

အားကြီးမားတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့်၊ အကြီးမြန် သစ်ပင်သစ်တောစိုက်ခင်းတွေတည်ထောင်ဖို့၊ သစ်ပင်သစ်တောတွေမခုတ်ဖို့ အများပြည်သူကို အသိပညာပေးဖို့၊ အများပြည်သူကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာပူးပေါင်းပါဝင်ဖို့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေရဲ့ အကျိုးကျေးဇူးတွေကို အသိပညာပေးဖို့၊ ဒေသခံပြည်သူတွေရဲ့ စားဝတ်နေရေးဖွံ့ဖြိုးတိုးတက်စေဖို့ သစ်တောထွက်ပစ္စည်းတွေနဲ့ အထောက်အကူပြုဖို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးဖို့ အထူးလိုအပ်လှပါတယ်။

ဒါ့အပြင် အိုဇုန်းလွှာကိုပျက်စီးစေမဲ့ ဓာတ်ပစ္စည်းများ ပါဝင်ထုတ်လွှတ်နိုင်တဲ့ပစ္စည်းများကို စနစ်တကျသုံးစွဲဖို့၊ လျှော့ချသုံးစွဲဖို့။ ပတ်ဝန်းကျင်ညစ်ညမ်း ပျက်စီးစေတဲ့ အလေ့အထများကို စွန့်လွှတ်ပြုပြင်ကြဖို့၊ ပြည်သူတွေအားလုံး လက်တွဲညီညီဆောင်ရွက်ဖို့ အထူးလိုအပ်လှပါတယ်။

ကဲ 'မြေးလေး'ရေ 'ဖိုးဖိုး'က ဓာတုပစ္စည်းတွေအကြောင်း၊ ဓာတ်သဘာဝပညာရပ်တွေအကြောင်း မကျွမ်းကျင်ပါဘူး၊မတတ်ပါဘူး။ ပညာရှင်တွေရဲ့ စမ်းသပ်တွေ့ရှိချက်တွေ၊ သုတေသနစစ်တမ်းရလဒ်တွေကို လေ့လာပြီး ကမ္ဘာကြီးပူနွေးလာတဲ့အကြောင်းရင်း၊ ရာသီဥတု ဖောက်ပြန်ယိုယွင်းလာတဲ့အကြောင်းရင်းကို ပြောပြလိုက်တာ ''မြေးလေး''နားလည်သဘောပေါက်ပြီလို့ ထင်ပါတယ်။ 'ကဲ--မြေးလေးရေ---''အိုဇုန်းလွှာ''ကိုစိတ်ဆိုးမှာလား? ဘယ်သူ့ကိုစိတ်ဆိုးမှာလဲ? --- ဖိုးဖိုးဆီစာပြန်ပါအုံး---

''မြေးလေးတို့ဘဝ သာယာလှပပါစေ''

ချစ်တဲ့
ဖိုးဖိုး




**(နှစ်စဉ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျရောက်သော''အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့''ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ရေးသားတင်ပြပါသည်။)**

**ကိုးကားချက်**

၁။ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလတွင်ထုတ်၊ ''ဆရာကြီး ဦးတင်လှ(သစ်တော)၏ စိမ်းလန်းစိုပြည်နိုင်ငံ မြေများနှင့် အခြားသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်းပါးများ။

၂။ ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလထုတ် ၊ ''တက္ကသိုလ်တင်လက်ျာ''၏ 'ဥတုရာသီတည်ငြိမ်ရေး သင်လည်း ပါဝင်လှုပ်ရှားပေး'

၃။ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလထုတ် ''သတင်းစာများနှင့် ---ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် REDD+ နည်းပညာဆိုင်ရာဆောင်းပါးများ''

၄။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလထုတ်''သတင်းစာများမှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောကဏ္ဍဆိုင်ရာ ဆောင်းပါးများ''

၅။ ''သစ်တောကြေးမုံ''စာစောင်များတွင် ပညာရှင်များ ရေးသားဖော်ပြသော အိုဇုန်းလွှာနှင့်ပတ်သက်သည့် ဆောင်းပါးများ။

၆။ အင်တာနက်သတင်းများ

## ဝမ်းနည်းပါကြောင်း

လမ်းဖောက်တော့ သူမပါ
လမ်းပြင်ရာ သူမရောက်၊
ဖြောင့်ဖြူးစွာလမ်းပြေချောတော့
ကျော့ကျော့လေးလျှောက်။

ကန်တူးရာ သူမပါ
ကန်ပြင်ရာ သူမရောက်။
မြကန်သာရေကြည်သန့်မှ
ခန့်ခန့်လေးသောက်။

ပန်းစိုက်ရာ သူမပါ
ပေါင်းသင်ရာ သူမရှိ
ပန်းပေါင်းစုံသင်းကြူမွှေးတော့၊
ရွေးပန်ချင်၏။

ရပ်ရွာရေး ဆွေးနွေးရာ
ဖယ်ရှောင်ခွာ သူမရော။
သူထင်ရာ မြင်အတွေးနဲ့
ဘေးထိုင်ဘုပြော။

လူ့ဘဝခဏတာ
မြင့်မြတ်စွာလူဖြစ်ခိုက်မှာပေါ့
လူပီစွာ ကိုယ့်အမျိုးတွက်
ကြိုးစားလိုက်စမ်းပါ။
သိလျက်နှင့် သွေရှောင်ခွာ
ဝေဖန်ကာအမြင်စောင်း
မူမမှန်တစ်ယူသန်အတွေးတွေနဲ့
ကလေးလို အရေးဆိုကြမ်းတော့
ဝမ်းနည်းပါကြောင်း --။

"မင်းသုဝဏ်"

*'သစ်သစ်' ရှာဖွေတင်ပြသည်*



# ဂေဟဗေဒဆိုသည်မှာ – ၉

ဒေါက်တာမောင်မောင်သန်း

သက်ရှိများသည် မိမိတို့အချင်းချင်းသော်လည်းကောင်း၊ မိမိတို့နေထိုင်ရာပတ်ဝန်းကျင်နှင့်သော်လည်းကောင်း အပြန်အလှန်တုန့်ပြန်အကျိုးသက်ရောက်နေကြပါသည်။ ယခုအပတ်တွင် ဂေဟဗေဒကို လေ့လာရာတွင် စိတ်ဝင်စားစရာကောင်းသည့် သက်ရှိများအချင်းချင်း အပြန်အလှန်အကျိုးသက်ရောက်နေမှု(Interaction) အကြောင်းကို ဆွေးနွေးပါမည်။

အပြန်အလှန် အကျိုးသက်ရောက်မှု(Interaction)သည် ကပ်ပါးအဖြစ်နေခြင်း(Parasitism)၊အကျိုးတူပူးပေါင်းနေထိုင်ခြင်း(Symbiosis)နှင့် နေရာအတွက်သာမှီခိုခြင်း(Commensalism)၊ သားကောင်နှင့်သားရဲဆက်ဆံမှု(Prey-predator relationship) စသည့် အသွင်အမျိုးမျိုးဖြင့် တွေ့နိုင်ပါသည်။ အဆိုပါအသွင်များအောက်တွင် သက်ရှိများ၏ အာဟာရမှီဝဲခြင်း၊ မိတ်လိုက်ခြင်း၊ မျိုးပွားခြင်းနှင့်အခြားသော လှုပ်ရှားမှုများသည် ရှုပ်ထွေးနက်နဲပါသည်။ အဆိုပါအပြန်အလှန်အကျိုးသက်ရောက်မှု (Interaction)သည် သက်ရှိများ၏ရှင်သန်မှု(Survival)၊ကြီးထွားမှု(Growth)၊ မျိုးဆက်မှု (Reproduction)နှင့် ဆက်လက်တည်ရှိမှု (Continuance)တို့အတွက် အလွန်အရေးကြီးပါသည်။

သက်ရှိများသည် ရှင်သန်ကြီးထွားနိုင်ရန် မိမိနှင့်မျိုးစိတ်တူညီသူများနှင့်လည်းကောင်း၊ မျိုးကွဲများနှင့်လည်းကောင်း အစဉ်အမြဲရုန်းကန်ယှဉ်ပြိုင်နေရပါသည်။ ရုန်းကန်ယှဉ်ပြိုင်ရခြင်းသည် ရှောင်လွှဲ၍မရသည့် သဘာဝနိယာမပင်ဖြစ်ပါသည်။ မျိုးစိတ်တစ်မျိုးတည်းတွင်ပါဝင်သော သက်ရှိအချင်းချင်း၏အပြန်အလှန်အကျိုးသက်ရောက်မှုကို(Intraspecific Interaction)ဟု ဂေဟဗေဒလေ့လာသူများက ဖွင့်ဆိုကြပါသည်။ ဥပမာအားဖြင့် ဒီရေတောသစ်ပင်မျိုးစိတ်တစ်ခုဖြစ်သည့် ကနစိုမျိုးစိတ်တွင်ပါဝင်သော ကနစိုပင်အချင်းချင်းကြားတွင် လိုအပ်သည့်နေရာ၊ အစာရေစာ၊ အလင်းရောင်စသည့်တို့ရယူရန်အတွက် ရုန်းကန်ယှဉ်ပြိုင်ရင်း အပြန်အလှန်အကျိုးသက်ရောက်နေမှုဖြစ်စဉ်ကို ဆိုလိုပါသည်။

အဆိုပါဖြစ်စဉ်တွင် နီးနီးကပ်ကပ်ပေါက်နေသည့် ကနစိုပင်နှစ်ပင်သည် မြေပေါ်တွင် အလင်းရောင်အတွက်လည်းကောင်း၊ မြေအောက်တွင် မြေဆီဩဇာနှင့်ရေအတွက်လည်းကောင်း ယှဉ်ပြိုင်ရယူနေရပါသည်။ မြေ၊ ရေနှင့် အလင်းရရှိနိုင်မှု လျော့နည်းလာသည်နှင့်အမျှ ၄င်းတို့၏ရှင်သန်ကြီးထွားမှုကို ထိခိုက်လာနိုင်ပါသည်။ အလင်းရောင်ရရှိရန် လုတက်နေရသဖြင့် သေးသွယ်မြင့်မားနေသော အပင်များ၊ အစာရေစာရရန် ရုန်းကန်နေရသဖြင့် ရှည်လျားကျယ်ပြန့်သည့် အမြစ်အဆောက်အအုံဖွဲ့စည်းမှုရှိသော သစ်ပင်များဖြစ်လာရပါသည်။ အချင်းချင်းယှဉ်ပြိုင်နေရသော သစ်ပင်နှစ်ပင်သည် တစ်ချိန်တည်းမှာပင် အခြားသော အနှောင့်အယှက်အဖျက်အဆီးများကိုလည်း ခုခံရင်ဆိုင်ပြီး ရှင်သန်ကြီးထွားရန် ကြိုးစားနေရပါသေးသည်။

သက်ရှိများသည် ရှင်သန်ကြီးထွားနိုင်ရန် မိမိနှင့်မျိုးစိတ်တူညီသူများနှင့်ယှဉ်ပြိုင်ရုန်းကန်နေရသကဲ့သို့ မျိုးကွဲများနှင့်လည်း တစ်ချိန်တည်းမှာယှဉ်ပြိုင်နေရပါသည်။ အဆိုပါဖြစ်စဉ်ကို(Intraspecific interaction)ဟုခေါ်ပါသည်။ မျိုးကွဲဟုဆိုရာတွင် အပင်မျိုးကွဲများလည်းဖြစ်နိုင်သည်။ မျိုးစိတ်မတူသည့် သတ္တဝါလည်းဖြစ်နိုင်ပါသည်။ နေရာတစ်နေရာ၌ မျိုးကွဲနှစ်မျိုးသည် ရှင်သန်ကြီးထွားရေးအတွက် ရုန်းကန်ကြရာတွင် ၄င်းတို့ရယူနေသော သယံဇာတအရင်းအမြစ်များလျော့နည်းလာပါက ဂေဟဗေဒသုတေသီများက လိုက်လျောညီထွေနေနိုင်သည့်သက်ရှိများသာရှင်သန်ကြသည်(Fit and Survive)ဟုဆိုကြပါသည်။

သက်ရှိမျိုးစိတ်များသည် စွမ်းအင်၊ အာဟာရစသည်တို့ကိုရယူရာတွင် မျိုးစိတ်တစ်ခုသည် အခြားမျိုးစိတ်တစ်ခုနှင့် အပြန်အလှန်တုံ့ပြန်သက်ရောက်နေသည်ကို တင်ပြပြီးဖြစ်ပါသည်။ အဆိုပါသက်ရောက်နေသည့် ပုံစံများကို အနည်းငယ်ရှင်းလင်းဖော်ပြလိုပါသည်။ ပထမတစ်မျိုးမှာယှဉ်ပြိုင်ရာတွင် မျိုးစိတ်တစ်မျိုးက အခြားတစ်မျိုးပေါ်သို့ ဆိုးကျိုးမဖြစ်စေသည့် သက်ရောက်မှု(Neutralism)ဖြစ်ပါသည်။ ဂေဟစနစ်များတွင် အများအားဖြင့်တွေ့ရလေ့ရှိသည့် သက်ရောက်မှုပုံစံဖြစ်ပါသည်။ ဥပမာအားဖြင့် နေထိုင်စားသောက်မှုစရိုက်တူသည့် ချုံပုတ်များတွင် နေလေ့ရှိသည့် ငှက်နှစ်မျိုး။ သက်ရောက်မှုသည် တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်သက်ရောက်မှုသာ ဖြစ်ပါသည်။ သုတေသီအချို့က အဆိုပါပုံစံသည် လက်တွေ့ဘဝတွင် ဖြစ်ရန်ခက်ခဲပြီး သက်သေပြရန်လည်း မလွယ်ကူကြောင်း ဆိုကြပါသည်။

မျိုးစိတ်နှစ်ခုတို့ အပြန်အလှန်သက်ရောက်ကြရာတွင် မျိုးစိတ်တစ်မျိုးသည်ထိခိုက်ပြီး အခြားမျိုးစိတ်မှာမူ မည်သည့်ထိခိုက်မှုမှ မရှိသည့်ပုံစံမျိုးဖြစ်ပါသည်။ (Amensalism)ဟုဆိုပါသည်။ မျိုးစိတ်တစ်မျိုးသည် အခြားတစ်မျိုး၏ရှင်သန်မှုနှင့်ကြီးထွားမှုကို နှောင့်နှေးစေခြင်း သို့မဟုတ် တားဆီးခြင်းဖြစ်နေသည့်ပုံစံဖြစ်ပါသည်။ ဥပမာအားဖြင့် ကျွဲ၊ နွားအုပ်များ မြက်ခင်းပေါ်မှဖြတ်သွားခြင်းနှင့် စားကျက်ချခြင်းတို့သည် မရည်ရွယ်ပဲ မြက်များ၏ရှင်သန်မှုနှင့် ကြီးထွားမှုကို ဆိုးကျိုးသက်ရောက်စေခြင်းပင်ဖြစ်ပါသည်။ ဒုတိယဥပမာတစ်ခုမှာ သစ်ပင်မျိုးစိတ်တစ်ခုမှ သဘာဝအလျောက်ထွက်လာသည့် ဓါတုပစ္စည်းပါအရည်တစ်မျိုးသည် အနီးဝန်းကျင်ရှိ မျိုးတူ/မျိုးကွဲအခြားသက်ရှိများကို ဘေးဥပါဒ်ဖြစ်စေခြင်းပင် ဖြစ်ပါသည်။

အပြန်အလှန်သက်ရောက်ကြရာတွင် တတိယပုံစံတစ်မျိုးမှာ အပြန်အလှန်အကျိုးကျေးဇူးပြုနေသည့် (Mutualism)ပုံစံဖြစ်ပါသည်။ မျိုးစိတ်နှစ်မျိုးသည် အချင်းချင်းသက်ရောက်ကြရာတွင် နှစ်ဦးစလုံးအကျိုးရှိသည့်ပုံစံမျိုးဖြစ်ပါသည်။ မျိုးစိတ်တစ်မျိုးသည် အခြားမျိုးစိတ်တစ်မျိုးနှင့်အတူတစ်ကွ နေထိုင်နေရင်းနှင့်ပင် ၄င်း၏ဦးရေတိုးတက်ခြင်း၊ ရှင်သန်ခြင်း၊ ကြီးထွားခြင်းနှင့် မျိုးဆက်ခြင်းတို့ကိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ပါသည်။ ဤပုံစံသည် သဘာဝတွင် အများအားဖြင့်တွေ့လေ့ရှိပြီး သက်ရှိမျိုးစိတ်အမျိုးမျိုးကြားတွင် ဖြစ်လျက်ရှိပါသည်။ ဥပမာအားဖြင့် ပန်းနှင့် ဝတ်မှုန်ကူးခြင်းကို ဆောင်ရွက်သည့် လိပ်ပြာ၊ အင်းဆက်အစရှိသည်တို့၏ ဆက်နွယ်သက်ရောက်မှုဖြစ်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲများ၏ ဆင့်ကဲဖြစ်စဉ်တွင် အရေးပါသည့် သက်ရောက်မှုပုံစံလည်းဖြစ်ပါသည်။

ဂေဟဗေဒသုတေသီများက သက်ရောက်မှုပုံစံနောက်တစ်မျိုးဖြစ်သည့် မျိုးစိတ်တစ်မျိုးက အကျိုးရှိသော်လည်း အတူနေနောက်မျိုးစိတ်တစ်မျိုးအပေါ်တွင် မည်သည့်ဆိုးကျိုးမှုမရှိသည့် သက်ရောက်ပုံစံ(Commensalism) ဖော်ထုတ်ခဲ့ကြပါသည်။ သဘာဝထဲတွင် အများအားဖြင့် တွေ့တတ်သည့်ပုံစံလည်းဖြစ်ပါသည်။ ဥပမာအားဖြင့် ငှက်များ သစ်ပင်ပေါ်တွင် အသိုက်ဖွဲ့ခြင်းဖြစ်ပါသည်။ ငှက်များအတွက် မျိုးပွားခြင်းကိုအထောက်အကူပြုပြီး သစ်ပင်အတွက်မူ အနှောင့်အယှက်မရှိသည့် ဆက်နွယ်မှုဖြစ်ပါသည်။ အချို့သတ္တဝါမျိုးစိတ်များသည် နောက်သတ္တဝါမျိုးစိတ်တစ်ခု၏ ခန္ဓာကိုယ်ပေါ်တွင် နေထိုင်လေ့ရှိသော်လည်း လက်ခံထားသည့်မျိုးစိတ်ထံမှ အစာရေစာကိုရယူပြီး လက်ခံသက်ရှိမျိုးစိတ်ကို အန္တရာယ်ပေးတတ်ကြပါသည်။ အဆိုပါမှီခိုသက်ရှိများအား(Parasites)ဟုခေါ်ဆိုကြပါသည်။

လာမည့်အပတ်တွင် သက်ရှိများအချင်းချင်းအပြန်အလှန် အကျိုးသက်ရောက်နေမှုအကြောင်းကို ဆက်လက်ဆွေးနွေးတင်ပြသွားပါမည်။

**သက်ရှိများသည် မိမိတို့အချင်းချင်းသော်လည်းကောင်း၊ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်နှင့်သော်လည်းကောင်း အပြန်အလှန်တုန့်ပြန်အကျိုးသက်ရောက်နေကြပါသည်။**

## စိမ်းလေဦးမည့် မြန်မာ့မြေ

- ငွေကြေးအလွန်ချမ်းသာသူများသည် တစ်ခါတစ်ရံတွင် ကြီးစွာသော ဇရပ်၊ ဓမ္မာရုံဆောက်၍ ဒါနပြုကြ၏။
- ငွေကြေးအသင့်အတင့် ချမ်းသာသူများသည် တစ်ခါတစ်ရံတွင် သင့်တင့်သော ဇရပ်ဆောက်၍ ဒါနပြုကြ၏။
- လက်လုပ်လက်စား သာမန်ပုဂ္ဂိုလ်များသည် နေ့စဉ်ဒါနပွားစေရန် ငှက်တစ်သောင်းခိုနိုင်သည့် သစ်ကောင်းတစ်ပင်စိုက်၍ ဒါနပြုကြ၏။
- (၅၂)သန်းသောပြည်သူတိုင်းကသာ သစ်ပင်တစ်ပင်စီရှင်အောင်စိုက်ကြပါလျှင် 'စိမ်းလေဦးမည့် မြန်မာ့မြေ'ကိုတွေ့ကြရပေအံ့။

→ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလထုတ် ←
သစ်တောဆောင်းပုဒ်စာအုပ်မှ ကောက်နုတ်ဖော်ပြသည်။



# အင်းဆက်ပိုးများအကြောင်း သိကောင်းစရာ

ခင်မာမြင့်၊ လက်ထောက်သုတေသနအရာရှိ၊ သစ်တောကာကွယ်ရေးဌာနစု

သတ္တလောကတွင် အကြီးမားဆုံး၊ ရှင်သန်နိုင်စွမ်းအကောင်းဆုံးနှင့် မျိုးပွားနှုန်းအကောင်းဆုံးအုပ်စုမှာ အင်းဆက်ပိုးမွှားများပင်ဖြစ်ပါသည်။ အင်းဆက်ပိုးမွှားပညာရှင်များက ကမ္ဘာပေါ်တွင် အင်းဆက်မျိုးစိတ်ပေါင်း (၅)သန်းမှ (၈)သန်းအထိရှိလိမ့်မည်ဟု ခန့်မှန်းထားသော်လည်း လက်ရှိတွင်အမျိုးအမည်အားဖြင့် မျိုးစိတ်ပေါင်း (၁)သန်းကျော်သာ ဖော်ထုတ်နိုင်ပါသေးသည်။

ဤသို့ထူးကဲပြီး များပြားလှသော အင်းဆက်ပိုးမွှားများတွင် လူသားတို့အား အကျိုးပြုသည့် အင်းဆက်များနှင့် အကျိုးမပြုသည့် အင်းဆက်ဟူ၍ နှစ်မျိုးရှိပါသည်။ ယနေ့စဉ်ဆက်မပြတ် စိုက်ပျိုးတည်ထောင်ထားသော သစ်တောစိုက်ခင်းများ၏ရှင်သန်မှုကို ဖျက်ဆီးသည့် အကြောင်းရင်းများတွင် အချက်တစ်ချက်အဖြစ် ပါဝင်နေပါသည်။ ထို့ကြောင့် အင်းဆက်ပိုးများ၏ ယေဘုယျအကြောင်းအချက်များနှင့် သစ်တောသစ်ပင်များကို ဖျက်ဆီးသည့် အင်းဆက်ပိုးများ အကြောင်းကို အခန်းဆက်ဖြင့် ဖော်ပြသွားမည်ဖြစ်ပါသည်။

အင်းဆက်ဖျက်ပိုးများမှာ သစ်တောများတွင်ရှိနေပြီးဖြစ်သည်။ ပုံမှန်ဂေဟစနစ်တွင် ဖျက်ပိုးများ၏ population dynamic သည် ယင်းတို့၏လက်ခံပင်များ(hosts)နှင့် ယင်းတို့အားစားသုံးမည့် သဘာဝရန်သူ (natural enemies) (သို့မဟုတ်) သားစားကောင်များ(preys)များအပေါ်တွင် တည်မှီနေသည်။ ရာသီဥတုမှန်ကန်ပြီး ပုံမှန်ဂေဟစနစ်တွင် pests နှင့် natural enemies တို့၏တိုးပွားမှု(သို့မဟုတ်)လျော့ကျသွားမှုများသည် တစ်ပြိုင်တည်း(constant equilibrium)ဖြစ်နေသော်လည်း ရာသီဥတုအခြေအနေပြောင်းလဲချိန်တွင် ဂေဟစနစ်ပါပြောင်းလဲသွားပါက pestsနှင့် natural enemies ၏ တိုးပွားမှု(သို့မဟုတ်)လျော့ကျသွားမှုများသည် တစ်ပြိုင်တည်းမဖြစ်တော့ချေ။ လက်ခံပင်များလာသောကြောင့် pests များလာသော်လည်း natural enemies ၏ အရေအတွက်မှာ လျော့နည်းနေ၍ ယင်းတို့ကြားမညီမမျှဖြစ်ပြီး pests outbreaks များဖြစ်လာကြောင်း တွေ့လာရပါသည်။

ဤနေရာတွင် မေးခွန်းတစ်ခုမေးလာနိုင်ပါသည်။ ယင်းမှာအဘယ်ကြောင့် ဖျက်ပိုးများလာပြီး သဘာဝရန်သူ နည်းရသနည်းဆိုလာပါက။ အဖြေမှာ–အင်းဆက်ဖျက်ပိုးများ၏ မျိုးပွားနှုန်းသည် သဘာဝရန်သူများ၏ မျိုးပွားနှုန်းထက် အဆပေါင်းများစွာ သာလွန်၍ဖြစ်ပါသည်။

အင်းဆက်ဥများသည် ခြောက်သွေ့ခြင်းနှင့် ချမ်းအေးခြင်းဒဏ်ကို အချိန်ကြာမြင့်စွာခံနိုင်စွမ်းရှိ၍ ကြိုက်နှစ်သက်သည့် ရာသီချိန်တွင်ဥပေါက်ကာ ယင်းတို့၏တိကျသော လက်ခံပင်များကိုစားသုံးကြပြီး ဘဝစက်ဝန်းအဆင့်ဆင့်ပြောင်းလဲကာရှင်သန်နိုင်ကြပါသည်။ ထို့ကြောင့် စိုက်ခင်းတာဝန်ခံများအနေဖြင့် သိရှိနိုင်ရန် ယေဘုယျအားဖြင့် သိထားသင့်သော အင်းဆက်ပိုးအမျိုးအစားနှင့် ဆင့်ကဲဖြစ်စဉ်ကို ဆက်လက်ဖော်ပြအပ်ပါသည်။ သစ်တောပျိုးဥယျာဉ်၊ စိုက်ခင်းများတွင် အင်းဆက်ပိုးတို့၏ ဖျက်ဆီးခြင်းမှကာကွယ်နှိမ်နင်းခြင်း နည်းလမ်းများစဉ်းစားရာတွင် အထောက်အပံ့ဖြစ်ပါမည်။

## အင်းဆက်ပိုးအမျိုးအစားနှင့် ဆင့်ကဲဖြစ်စဉ်(သို့မဟုတ်) အသွင်ကူးပြောင်းခြင်း

အင်းဆက်ပိုးမျိုးစဉ်တို့တွင် ဆင့်ကဲဖြစ်စဉ် (သို့မဟုတ်) အသွင်ကူးပြောင်းပုံမှာ ကွဲပြားကြပါသည်။ အင်းဆက်များ၏ အသွင်ကူးပြောင်းပုံကို ယေဘုယျအားဖြင့်(၂)မျိုးရှိပါသည်။

## (က)ပြည့်စုံသည့် အသွင်ကူးပြောင်းခြင်း

ပြည့်စုံသည့်အသွင်ကူးပြောင်းခြင်းတွင် အဆင့်(၄)ဆင့်ရှိသည်။ ဥ (egg) ၊ သားလောင်း (larva) ၊ ပိုးရှုပ်ဖုံး (pupa)နှင့် သက်ကြီးကောင်(adult)ဟူ၍ဖြစ်သည်။ ပုံ (၁) နှင့် (၂)




ပုံ(၁) ၊ ပြည့်စုံသည့် အသွင်ကူးပြောင်းခြင်း။
ဥပမာ– လိပ်ပြာ (Butterfly)




ပုံ (၂) ၊ ပြည့်စုံသည့် အသွင်ကူးပြောင်းခြင်း။
ဥပမာ– ကျိုင်း (Beetle)

## (ခ) မပြည့်စုံသည့်အသွင်ကူးပြောင်းခြင်း

မပြည့်စုံသည့် အသွင်ကူးပြောင်းခြင်း၌ ဥ(egg)၊သားလောင်းအဆင့်(nymph)နှင့် သက်ကြီးကောင်အဆင့်တို့ဖြစ်သည်။ ပုံ(၃) နှင့် (၄)




ပုံ(၃)၊ မပြည့်စုံသည့် အသွင်ကူးပြောင်းခြင်း။
ဥပမာ။ နှံကောင် (Grasshopper)




ပုံ(၄) ၊ မပြည့်စုံသည့် အသွင်ကူးပြောင်းခြင်း။
ဥပမာ။ စုပ်စားပိုးမျိုး(Bug)

ဆက်လက်ဖော်ပြပါမည်။



# ကျွန်တော်နှင့် ဒီရေတော (၁)

ကျော်မျိုးလွင်(ကောလင်း)
International Master Student
Vietnam National University of Forestry(VNUF)

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ(၃)ရက်နေ့သည်ကား ကျွန်ုပ်၏တက္ကသိုလ်ကျောင်းသားဘဝ နိဂုံးချုပ်သောနေ့ပင်ဖြစ်၏။ နောက်ဆုံးနှစ်စာမေးပွဲဖြေပြီး၍ အိမ်ပြန်လာရသော်လည်း ကျွန်ုပ်စိတ်ထဲတွင်ကား 'တက္ကသိုလ်ကျောင်းသား'ဆိုသည့်စိတ်က ကြီးစိုးလွှမ်းမိုးနေဆဲပင်ဖြစ်သည်။ သို့ပေမယ့် သစ်တောဌာနထဲမဝင်ခင် အတောအတွင်း NGO or INGO တစ်ခုခုမှာတော့ အလုပ်လုပ်မှဖြစ်မည် ဆိုသောအသိကလည်း ကျွန်ုပ်စိတ်ကို ဖိအားပေးနေပြန်၏။ အလုပ်ခေါ်စာတွေကို ဖတ်ကြည့်ပြန်တော့လည်း စာပေဟောပြောပွဲတစ်ခုမှာ စာရေးဆရာတစ်ယောက်ပြောသကဲ့သို့ ''အတွေ့အကြုံလိုချင်လို့မှ အလုပ်လျှောက်ပါတယ်ဆို အနည်းဆုံးလုပ်သက်က(၂)နှစ်ရှိရမယ်ဆိုတော့ တယ်ခက်တာပဲ''ဆိုသောစကားက လက်တွေ့ပင်ဖြစ်နေ၏။ နောက်ဆုံးကြံရာမရ ကောလင်းမြို့သား၊ အညာသားစစ်စစ် ဆရာဦးဝင်းမောင်(ညွှန်မှူး၊အငြိမ်းစား)ကို သွားသတိရမိ၏။ ဆရာသည် သစ်တောဝန်ထမ်းတစ်လျှောက် လပွတ္တာတွင် တစ်ဆက်တည်း နှစ်(၂၀)နီးပါးခန့် ဒီရေတောလုပ်ငန်းများကိုဆောင်ရွက်ခဲ့သူဖြစ်သည်။ ယခုလက်ရှိတွင်လည်း ဆရာဦးဝင်းမောင်သည် Worldview International Foundation(WIF)တွင်Project Manager ရာထူးဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရွှေသောင်ယံမြို့နယ်၊ ဝက်သေ၊ သဘောင့်ကန်စသည့်ဒေသများတွင် ဒီရေတောပြုစုပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းနှင့်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကျွန်ုပ်ကဲ့သို့ သစ်တောတက္ကသိုလ် ကျောင်းဆင်းများဖြင့် တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ ကျွန်ုပ်ကလည်း အတွေ့အကြုံရရှိစေရန်အလို့ငှာ ဆရာ့အား ဒီရေတောအကြောင်း စိတ်ပါဝင်စားကြောင်း၊ လုပ်ကိုင်ဆောင်ရွက်ဖို့ရန်လည်း စိတ်အားထက်သန်နေကြောင်း စသည့်ဖြင့် အကျိုးအကြောင်းပြောပြမိသည်။ ဆရာကလည်း လက်ခံကြောင်း အကြောင်းကြားလာ၏။ **ဤသို့ဖြင့် ကျွန်ုပ်၏ဒီရေတောဘဝကို လျှောက်လှမ်းဖို့ဟန်ပြင်ခဲ့၏။**

ရှေးဦးစွာ ဆရာ၏ ပုံပန်းနှင့်စိတ်နေစိတ်ထားကို ဖော်ပြရပေမည်။ ဆရာ့အသားအရေမှာ ညိုပြီး၊ အရပ်မှာ (၅)ပေ(၅)လက်မခန့်ရှိသည်။ ထူထဲသော မျက်ခုံးမွေးရှိပြီး စူးရှလေးနက်သော အကြည့်များဖြင့် ကြည့်တတ်သူဖြစ်သည်။ စကားပြောလျှင် အသံသြဇာကောင်းကောင်းဖြင့် လေးနက်တည်ကြည်စွာပြောတတ်ပြီး စတွေ့တွေ့ခြင်းပင် ခေါင်းဆောင်ကောင်းတစ်ယောက်၏ အင်္ဂါရပ်နှင့်ပြည့်စုံပါပေသည်ဟု ကောက်ချက်ချမိပေလိမ့်မည်။ ခန္ဓာကိုယ်မှာ တောင့်တင်းလှပြီး ကာယဗလကောင်းသည်။ မဟုတ်မခံ စိတ်ဓါတ်ရှိပြီး တစ်ဖက်သားကို စိတ်ရောကိုယ်ပါအားပေးကူညီတတ်သည်။ အချိန်ကိုက်လုပ်တတ်ပြီး လုပ်သမျှအရာရာကို စည်းစနစ်ကျစွာ လုပ်တတ်သူဖြစ်သည်။ စည်းကမ်းအလွန်ကြီးသည်။ ဂိမ်းဆော့ခြင်းကို ခါးခါးသည်းသည်းမုန်းသည်။

ကျွန်ုပ်၏ဇာတိချက်မြုပ်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကောလင်းမြို့နယ်တွင်းရှိ အနဲကျင်းရွာပင်ဖြစ်၏။ မြန်မာပြည်မြောက်ဘက်ပိုင်းတို့၏ ထုံးစံအတိုင်း သစ်၊ ဝါးပေါသည်။ ငယ်စဉ်ကပင် ဒေသအလိုက် ပေါက်ရောက်လေ့ရှိသော သစ်အမျိုးအမည်အချို့နှင့်လည်း ရင်းနှီးကျွမ်းဝင်မှုရှိခဲ့၏။ အမိသစ်တောတက္ကသိုလ်တွင် (၅) နှစ်တာကာလတွင်ကား မြန်မာတွင်သာမက ကမ္ဘာတွင်ပါ သစ်အရည်အသွေးနာမည်ကြီးလှသော ကျွန်းကောင်းတို့ပေါက်ရောက်ရာ ပဲခူးရိုးမကိုလည်းကောင်း၊ ရှမ်းပြည်နယ်ရှိထင်းရှူးတောများကိုလည်းကောင်း၊ အမြင့်ကိုလိုက်၍ သစ်မျိုးစုံစွာပေါက်ရောက်နေသော ပုပ္ပါးတောင်မကြီးပေါ်တက်၍လည်းကောင်း၊ တမာ၊ ရှားနှင့် ထနောင်းတို့ပေါက်သော အပူပိုင်းဒေသ(Dry Zone)သို့လည်းကောင်း လက်တွေ့ကွင်းဆင်း လေ့လာခဲ့ရသည်။ သို့ဖြစ်၍ တောင်

ပေါ်တောအမျိုးအစားနှင့်တကွ ဝါး၊ သစ်မျိုးစိတ် အများအပြားကို ကျွန်ုပ်အတော်အတန်ရင်းနှီးခဲ့လေပြီ၊သို့ပါသော်လည်း 'ဒီရေတော'ဆိုသော တောအမျိုးအစားကိုကား ကြားဖူးရုံမျှသာရှိပြီး မည်သည့်တောမျိုးဖြစ်သည်ကို လုံးဝမသိချေ။

'ဒီရေ'ဆိုသည့်ဝေါဟာရကို ကြားလိုက်ကတည်းက အလယ်တန်းကတည်းက ရွတ်ခဲ့ရသည့် 'Time and Tide waits for no Man' ဆိုသော အင်္ဂလိပ်စကားပုံလေးကို သွားသတိရမိသည်။ ပထမဆုံးတွေးလိုက်မိသည်မှာ 'ဒီရေ'(Tide)ဆိုသည်ကို ဘာမှန်းမသိစေဦးတော့ 'တော'(Forest)ကိုတော့သိသားပဲဆိုပြီး ကျွန်ုပ်ကိုယ်ကျွန်ုပ်အားတင်းမိ၏။

မှတ်မှတ်ရရပင် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့သည် ရုံးပိတ်ရက်ဖြစ်သော်လည်း ဆရာဦးဝင်းမောင်က ကျွန်ုပ်အပါအဝင် ၂၀၁၆–၁၇ခုနှစ် သစ်တောကျောင်းဆင်း(၈)ယောက်ကို ရန်ကုန်ရုံးတွင်ခေါ်တွေ့ပြီး Field Assistant ရာထူးဖြင့် အလုပ်ခန့်ပေးသည်။ ဇန်နဝါရီလ(၅)ရက်နေ့ နံနက်(၆)နာရီတွင် ရန်ကုန်မှထွက်ခွာလာပြီး ည(၇)နာရီတွင် ရွှေသောင်ယံမြို့ရှိ WIF ရုံးသို့ရောက်ရှိ၏။

နောက်နေ့နံနက်တွင် မီးစက်နှိုးသံနှင့်တကွ စူးရှလှသောမီးရောင်ကြောင့် အိပ်ယာမှရုတ်တရက် ကျွန်ုပ်နိုးလာသည်။ နာရီကိုကြည့်လိုက်သောအခါ (၅)နာရီခွဲပင်ရှိသေး၏။ ကျွန်ုပ်ကျောင်းသားမဟုတ်တော့ပါတကား။ WIF ဝန်ထမ်းဖြစ်နေပြီဆိုသောအသိစိတ်က ကျွန်ုပ်၏ဆက်ပြီးအိပ်ချင်စိတ်ကို တွန်းလှန်တိုက်ထုတ်နေသည်။ ထို့ကြောင့် အိပ်ယာမှအလူးအလဲထပြီးလျှင် ခါးချိတ်ဓါးကိုခါးမှာသေချာစွာချိတ်လိုက်သည်။ ထို့နောက်တောစီးဖိနပ်ကို အလျင်အမြန်စီးကား ရုံးကိုအပြေးသွားလိုက်၏။ ရုံးသို့ရောက်သောအခါ ဆရာနှင့်အတူ ကျွန်ုပ်၏ senior များပါ နံနက်ခင်းစာစားနေကြပေပြီ။ နံနက်စာစားပြီး၍ တောထဲသွားရန် ကမ်းနားဆင်းလိုက်သောအခါ ကျွန်ုပ်တစ်ခါမှပင် ရောက်ဖို့စိတ်မကူးဖူးသော ပင်လယ်ပြင်ကြီးကိုလှမ်းမြင်ရပေပြီ။ ပျော်လိုက်သည့်ဖြစ်ခြင်းပင်။ ကျွန်ုပ်တို့အားလုံး ပဲ့ထောင်(စက်လှေ)ပေါ်ရောက်၍ ရွှေသောင်ယံမြို့ချောင်းခွဲလေးမှ အတွင်းဘက်သို့စထွက်သောအခါ နံနက်(၆)နာရီဖြစ်နေပေပြီ။ ငယ်စဉ်ကကြားဖူးသည်မှာ ပင်လယ်ရေကငန်သည်ဆိုသောကြောင့် ပဲ့ထောင်ပေါ်ကနေ လက်ကလေးထုတ်၍မြည်းကြည့်မိ၏။ တကယ်ငန်သည်ကို၊ ဇန်နဝါရီလဆန်းပိုင်းဆောင်းဥတု၏ထုံးစံအတိုင်း နံနက်ခင်းမြူးဆိုင်းနေသောကြောင့် အရပ်လေးမျက်နှာတစ်ခွင်လုံး ပိုးတဝါးဖြစ်နေကာ ရုတ်တရက်တိုက်ခတ်လာသော လေအေးကလေးက ကျွန်ုပ်အား နွေးထွေးစွာကြိုဆိုနေသယောင်ထင်ရ၏။ အချိန်အတော်ကြာခုတ်မောင်းပြီးသောအခါ ပဲ့ထောင်လည်း ကမ်းနှင့်တဖြည်းဖြည်းနီးကပ်လာကာ မြူများလည်းရှင်းလင်းပြီ။ ပဲ့ထောင်မောင်းသမားလည်း စက်ရှိန်သတ်ကာကမ်းသို့ ညင်သာစွာဆိုက်ကပ်လိုက်လေပြီ။ ကျွန်ုပ်ကမ်းပေါ်သို့ခြေချလိုက်သောအခါ လတာ(Mangrove Soil)ပျော့ထဲသို့ ခြေသလုံးတစ်ဝက်ခန့် နစ်မြုပ်ဝင်သွားသောကြောင့် ရွှံ့ထဲတွင် တောစီးဖိနပ်ကျွတ်ကျန်နေခဲ့ပြီး လက်နှင့်ပင်ကုန်းနှိုက်ရ၏။ ဖိနပ်ရေဆေးပြီး ပြန်စီးပြီးသောအခါ တောသားမြို့ရောက်ဆိုသကဲ့သို့ ကျွန်ုပ်အပင်တွေကြားထဲတွင် ယောင်လည်လည်ပတ်ကြည့်နေမိ၏။ တောင်ပေါ်တောပင်ကဲ့သို့ မဟုတ်ပဲ အမြစ်များက ကုလားမခြေထောက်ပုံစံဖြစ်နေကာ ပင်စည်မှဖြာထွက်နေ၏။ မြင်လျှင်မြင်ချင်း ကျွန်ုပ်သဘောပေါက်မိသည်မှာ 'ဒီအပင်တွေကတော့ ရေတော်တော်ကြိုက်တဲ့အပင်တွေပဲ။ ရေငန်ထဲမှာပေါက်တာဆိုတော့ တို့အညာမှာဒီအပင်တွေကို ဆားရေလောင်းပြီး စိုက်မှရှင်မှာပဲ။ ဤသည်မှာ ကမ်းနားစတက်တက်ချင်း တွေးမိသောအတွေးနှင့်မြင်တွေ့သမျှပတ်ဝန်းကျင်ဖြစ်၏။

ဆရာဦးဝင်းမောင်လည်း ပဲ့တောင်ပေါ်မှဆင်းလာကာ ကျွန်ုပ်တို့အားလုံးကိုရှင်းပြရန် သူ့အနားခေါ်လိုက်၏။ ဆရာ့လက်ထဲတွင် ပစ္စည်းနှစ်ခုကိုလည်းကိုင်ထား၏။ ထိုစဉ် သူ့လက်ထဲရှိပစ္စည်းတစ်ခုကိုထောင်ပြကာ–

ဆရာ။ 'ဒါက refractometer ခေါ်တယ်ကွ။ ပင်လယ်ရေဆားဓါတ်(salinity)ပါဝင်မှုကို တိုင်းတဲ့ကိရိယာပဲ။ အရင်ဆုံးဒါကို ရေသန့်(pH7)နဲ့ zero ဖြစ်အောင် အရင်လုပ်ရတယ်။ ပြီးရင်မှန်ပြားပေါ်ရှိတဲ့ရေတွေကို တစ်ရှူးအသန့် လေးနဲ့သုတ်ပြီးမှ မိမိစမ်းလိုတဲ့ရေကို ဒီမှန်ပြားလေးပေါ်တင်ပြီး မှန်ပြောင်းဘက်ကကြည့်ရတယ်။ ကြည့်လိုက်ရင်အပြာရစ်လေးက ဆားပါဝင်မှုကိုပြတာပဲ။ ကြည့်ပြီးသွားရင်လည်း ရေသန့်နဲ့ပြန်ဆေးပစ်ရတယ်။ ဒါကတော့ ရာခိုင်နှုန်းနဲ့ပြတာ၊ ထောင်ခိုင်နှုန်းနဲ့ပြတဲ့ ကိရိယာဆိုရင်တော့ ဒီထက်ပိုတိကျတယ်။ ဆားပါဝင်မှုက တစ်နေရာနဲ့တစ်နေရာမတူဘူးကွ၊ ပင်လယ်ဝနဲ့နီးတဲ့အပိုင်းကတော့ပိုများတာပေါ့ကွာ၊ ပြီးရင်ရေတက်ချိန်တိုင်းတာပါက ဆားဓါတ်ပိုများနေတာတွေ့ရတယ်၊ ရေပြည့်နဲ့ရေစစ်ချိန်တိုင်းရင် ကွာခြားမှုက 0.2% ထိရှိတယ်။'

ဆရာကိုယ်တိုင်လက်တွေ့လုပ်ပြပြီး ကျွန်ုပ်တို့အားလုံးအား တစ်ယောက်တစ်လှည့်စီကြည့်စေ၏။ ကျွန်ုပ်အလှည့်ရောက်၍ကြည့်လိုက်သောအခါ 4% ရှိနေသည်ကို တွေ့ရ၏။ ကျွန်ုပ်ကြည့်ပြီး၍ ကိရိယာနှင့်မျက်လုံးခွာလိုက်သည့်အချိန်တွင် ဆရာ့ဘယ်ဘက်လက်အတွင်းရှိ နောက်ထပ်ကိရိယာလေးတစ်ခုကို လတာပြင်ထဲသို့ ထိုးစိုက်လိုက်သည်ကို သတိထားမိလိုက်၏။ ထိုကိရိယာလေးကား အချောင်း(၂)ချောင်းပါရှိပြီး အဖျားတွင် soil pH ကိုဖတ်ဖို့ရန်

မီတာတံလေးပါ၏။ ဆရာက ကျွန်ုပ်တို့အားလုံးရှေ့ရှိ ထိုစိုက်ထားသော ကိရိယာလေးကိုပြလိုက်ပြီး–

ဆရာ။ 'ဒါက soil pH Meter ခေါ်တယ်ကွ၊ဒီရေတော soil pH ကိုဖတ်တဲ့ကိရိယာပဲ။ Digital Instru ment လည်းရှိသေးတယ်ကွ၊အခုတော့ပါမလာဘူး။ ဒီဟာက ဖတ်ပြီးသွားလို့ပြန်နုတ်ရင် အချောင်းတံလေးတွေကို အဝတ်စလေးနဲ့ ပြန်သုတ်ပစ်ရတယ်။ မသုတ်ရင်မီတာတံလေးက နောက်တစ်နေရာမှာဆိုရင်အမှန်မပြတော့ဘူး။'

ရုတ်တရက်ဆရာက ကျွန်ုပ်နာမည်ကိုခေါ်လိုက်ပြီး–

ဆရာ။ 'မင်း အဲ့တာ soil pH ဘယ်လောက်ရှိလဲကွ၊ ကြည့်လိုက်စမ်း'

ကျွန်ုပ်။ ' pH 5.9 လောက်ရှိပါတယ် ဆရာ'

ဆရာ။ 'အေး အေး အဲဒါဆို သိပ်မဆိုးသေးတဲ့အခြေအနေပဲကွ။ အခုဆရာတို့ရောက်နေတဲ့တောဟာ ဒေသခံတွေ မီးသွေးဖုတ်ဖို့ အလွန်အကျွံခုတ်ခံထားရလို့ တောပျက်နေပေမယ့် ပြန်ကုစားလို့ရနိုင်၊ မီနိုင်သေးတဲ့အခြေအနေမှာ ရှိနေသေးတာကိုပြတာပဲ။ အခုမြင်နေရတဲ့အခြေအနေကတော့ Sev-erely Degraded ပေါ့ကွာ။ တောကအတော်ပျက်စီးသွားရင်တော့ အက်ဆစ်(Acid)ဓါတ် ပေါက်လာပြီး ဘာပင်မှမရှင်သန်တော့သလို ဘယ်ရေသတ္တဝါမှလည်း မနေနိုင်တော့ဘူး'

ထို့နောက် ဆရာက ကမ်းစပ်ရှိအပင်တစ်ပင်ကို လက်ညှိုးထိုးပြပြီး–

ဆရာ။ 'မင်းတို့အားလုံး အဲ့အပင်ကိုကြည့်ကြ၊ ပြူးခြေထောက်အမ(ပြူးမ)လို့ခေါ်တယ်။ ရခိုင်မှာတော့ 'ပြူး'လို့ခေါ်တယ်၊ တနင်္သာရီဒေသဘက်ကတော့ 'ပရုံးအဖြူ'လို့ခေါ်တယ်၊ Botanical name က *Rhizophora mucronata* ပေါ့။ အဲ့လိုတစ်ပင်ချင်းစီကို Scientific name နဲ့ တွဲမှတ်ရတယ်။ အဖူးဖူးတဲ့အခါ(၃)ပွင့်တစ်စု၊ (၅)ပွင့်တစ်စု အဲ့လိုဖူးတာ၊ အသီးတောင့်က လတာကောင်းတဲ့နေရာမှာဆိုရင်(၃)ပေလောက်အထိရှည်တယ်။ အရွက်ကိုသေချာကြည့်ခပ်ဝိုင်းဝိုင်းလေးတွေ၊ ဒီအပင်တွေက ကမ်းစပ်အနိမ့်ပိုင်းတွေမှာပေါက်တာ၊ တစ်နည်းအားဖြင့်တော့ ဒီရေအတက်အကျအမြဲတမ်းလိုလိုရှိတဲ့နေရာပေါ့ကွာ၊ အသီးထိပ်မှာ အစိမ်းဝါရောင်အရစ်(Collar)လေးပေါ်လာရင် ရင့်ပြီပဲ၊ အဲ့အခြေအနေဆိုရင် ကြွေတော့မှာ၊ ကောက်လို့ရပြီ၊ အသီးက မတ်လကနေ မေလအတွင်းဆိုစုလို့ရတယ်'

ကျွန်ုပ်တို့အားလုံး ကမ်းစပ်မှအထက်ဖက်သို့ ခြေငါးလှမ်းခန့်လျှောက်လိုက်ပြီး ဆရာထပ်ညွှန်းလိုက်သော ယခင်ပြူးခြေထောက်အမပင်နှင့် ခပ်ဆင်ဆင်အပင် တစ်ပင်ကို ဝိုင်းအုံကြည့်ရ၏။

ဆရာ။ 'ဒီအပင်ကတော့ *Rhizophora apiculata* လို့ခေါ်တဲ့ ပြူးခြေထောက်အဖို(ပြူးဖို)ပင်ပေါ့ကွာ။ အရွက်ကိုသေချာကြည့် ပြူးမပင်နဲ့မတူဘူး၊ဒီအရွက်တွေက ခပ်ချွန်ချွန်ရယ်၊ အပွင့်ကတော့ နှစ်ပွင့် တစ်စုပွင့်တာ၊ ရခိုင်မှာတော့ 'ပြူးဆောင်ယောင်'၊ တနင်္သာရီဘက်ကတော့'ပရုံးအမဲ'လို့ခေါ်ကြတယ်။ ပြူးမသီးလောက်လည်း အသီးက သိပ်မရှည်ဘူး၊ ရင့်ပြီဆိုရင်တော့ ခေါင်းနားလေးမှာ အနီရောင်အရစ်လေးပေါ်လာတယ်။ မတ်လကနေ ဇွန်လဆန်းအတွင်း ဒီအသီးတွေပေါ်တယ်။ ဒီအပင်တွေက ပြူးမပင်တွေပေါက်တဲ့နေရာထက် အနည်းငယ်ပိုမြင့်တဲ့နေရာမှာ ပေါက်ကြတာ၊ အမြင့်(Ground Level)အလိုက်လည်း Species တွေက ကွာသွားတာကွ၊ ကိုယ်ကအဲ့လိုလေးတွေ



ပုံ(၁) ပြူးခြေထောက်အမ( *Rhizophora mucronata* )



ပုံ(၂)-ပြူးခြေထောက်အဖို *(Rhizophora apiculata)*

မှတ်ရတယ်၊ မင်းတို့တွေအခုပြောသွားတဲ့အပင်နှစ်ပင်ရဲ့အမြစ်တွေကို သတိထားမိလား၊ အမြစ်တွေကပေါ်နေပြီးတော့ ဘေးကိုဖြာထွက်နေတာ၊ ဒါဟာဘာလဲဆိုတော့ အခု သူတို့ပေါက်နေတဲ့နေရာက ပင်လယ်ရေထဲမှာလေ၊ ဆားငန်ရှိတဲ့နေရာပေါ့ကွာ၊ပြီးတော့ရေချိုကမရဘူး၊ ဒါကြောင့်အပင်က ရေချိုကိုရယူဖို့ လေရှူမြစ်တွေထူးကဲ(Modified)ဖြစ်ပေါ်လာတာပဲ၊ လေရှူမြစ်တွေကရေစစ်(Filter)သဘောမျိုးပဲကွ၊ ရေငန်ကိုစုပ်တယ်၊ သူ့အထဲမှာစစ်ယူပြီးတော့ ရေချိုကိုပင်စည်ဆီကိုပို့ဆောင်ပေးတာ၊ ဒါဟာအမြစ်တွေရဲ့လုပ်ငန်းတာဝန်ပဲ။ ဒါပေမယ့် ပင်လယ်ရေထဲပါနေတဲ့ ဆားဓါတ်ကို 80% ဒါမှမဟုတ် 90% လောက်ပဲစစ်နိုင်တယ်၊ဒီတော့ပင်စည်ထဲဝင်လာတဲ့ 10% ၊20% သောဆားတွေကိုစွန့်ပစ်တဲ့သဘောအနေနဲ့ အရွက်တစ်ရွက်တည်းမှာစုပြီးခြွေချလိုက်တယ်၊ အဲ့ဒီခြွေချလိုက်တဲ့အရွက်က အနီရင့်ရောင်ရှိတယ်၊ ရင့်ရော်ပြီးကြွေတဲ့အရွက်နဲ့မတူဘူး၊ အဲဒါကြောင့် ဆား(Sodium Chloride)ဟာ သူတို့ရဲ့အဆိပ်ပဲ၊ အခုရှင်းပြနေတဲ့နှစ်ပင်ကတော့ အရွက်ပဲခြွေတယ်၊ အချို့အပင်တွေကတော့ အရွက်ကနေ ဆားပွင့်တွေအနေနဲ့ပြန်ထုတ်လိုက်တယ်၊အဲဒီတော့ အရွက်တွေမှာဆားပွင့်တွေထွက်ပြီး ဖွေးနေတာတွေ့ရလိမ့်မယ်။ ဆားပွင့်ထွက်တဲ့အပင်တွေကတော့ တွေ့မှပဲ အလျင်းသင့်သလိုရှင်းပြမယ်'

''ဆားဟာ ဒီအပင်တွေရဲ့အဆိပ်ပဲ''ဆိုသောစကားကိုကြားလိုက်ရသောအခါ အညာမှာဆားဖျော်ပြီးစိုက်ပျိုးမည်ဆိုသည့် ယခင်ကအတွေးကလေးကို ပြန်တွေးမိရင်း ကျွန်ုပ်ကိုယ်ကျွန်ုပ်ပြုံးမိ၏။ ဆရာကချက်ချင်းဆိုသလို ဗြူးဖို၊ ဗြူးမအပင်များမှ ရင့်မှည့်ပြီးလည်ရစ်(Collar) လေးတွေပေါ်နေသော အသီးတစ်တောင့်စီကိုခူးလိုက်ကာ အညှာခေါင်းကလေးများအား ဆွဲချွတ်ပစ်လိုက်၏။ အသီးခေါင်းထိပ်များတွင်ကား အညွန့်ကိုယ်စီရှိနေသောကြောင့် မျက်လုံးညှိုဆရာကြီးမှ ပြကွက်ဆန်းတစ်ခုကို ပြလိုက်သကဲ့သို့ ကျွန်ုပ်တို့အားလုံး ပါးစပ်အဟောင်းသားနှင့်ငေးမောနေကြ၏။ ထိုစဉ် ဆရာက–

ဆရာ။ 'ဒီအသီးတောင့်တွေက Propagule တွေပေါ့ကွာ၊ အပင်ပေါ်မှာကတည်းက အပင်ဖြစ်နေပြီးသားတွေ Viviparous ဂုဏ်သတ္တိရှိတယ်ကွ'

ထိုသို့ရှင်းပြနေစဉ် ဆရာ့လက်ထဲမှ အဖျားချွန်ပြီး(၂)ပေခွဲခန့်ရှည်လျားသော ဗြူးမအသီးကို လတာပြင်ပေါ်သို့လွှတ်ချလိုက်လေ၏။ ထိုအသီးလည်း လတာပျော့ထဲသို့ တည့်မတ်စွာထိုးစိုက်သွားကာ (၃)လက်မခန့်နစ်မြုပ်ဝင်သွားသည်ဟု ကျွန်ုပ်ထင်လိုက်မိ၏။ ကျွန်ုပ်တို့အားလုံးမှင်သက်မေ့စွာဝိုင်းကြည့်နေစဉ် ဆရာပြောလိုက်သည်မှာ–

ဆရာ။ 'ဒါ ဒီရေတောအပင်တွေရဲ့ သဘာဝပဲကွ'

ကျွန်ုပ်ကလည်း ကြားဖြတ်၍ မေးခွန်းတစ်ခုမေးလိုက်၏။

ကျွန်ုပ်။ 'ဆရာ အခုပြောသွားတဲ့ ဗြူးဖို၊ ဗြူးမပင်တွေဟာ ဘယ်လောက်ထိကြီးလဲ ဆရာ၊ ကျွန်တော်လက်ရှိမြင်နေရတာဖြင့် ပင်စည်လား၊ အမြစ်လားတောင်မသဲကွဲတော့ဘူး'

ဆရာ။ 'ဟ... ဘာပြောကောင်းမလဲကွာ၊ ဒီအပင်တွေကြီးတာပေါ့ကွ၊ အချို့အပင်တွေဆိုရင် လူတောင်ဖက်မမိဘူး၊ ဟိုမှာ မင်းတို့ တောင်ကလေးကိုမြင်လား၊ အခုမှသာ အဲ့တောင်ကို ဒီကနေလှမ်းမြင်နေရတယ်။ အရင်ကဘယ်မြင်ရမလဲ၊ ဒီအပင်ကြီးတွေကကွယ်ပြီးပိတ်နေတာကိုးကွ၊ မဆင်မခြင်တွေခုတ်ကြ၊ မီးသွေးတွေဖုတ်ကြ၊ အချို့လည်းမုန်တိုင်းထဲပါသွားတာနဲ့ဆိုတော့ ကုန်ရောပေါ့ကွာ၊ အခုတော့စိတ်သာကူးကြည့်ကြပေါ့ ဟား.....၊ ဒီအပင်ကြီးတွေရှိခဲ့တယ်ဆိုတာ မင်းတို့က ကြွားတယ်၊ လိမ်ပြောတယ်ထင်နေဦးမယ်၊ သေချာချင်ရင် ဒီဒေသခံတွေကိုမေးလို့ရတယ်။ ဒီထက်ပိုသေချာတာကတော့ ပျက်စီးပြီး ကျန်နေခဲ့တဲ့ သစ်ငုတ်တိုတွေက သက်သေထူနေတာပေါ့ကွာ'

ကျွန်ုပ်တို့အားလုံးလည်း မတ်တပ်ရပ်၍ နားထောင်နေရသည်မှာ အချိန်အတော်ကြာနေပြီဖြစ်သောကြောင့် စစ်သားများ ဘယ်ညာနင်းလှမ်းလျှောက်သကဲ့သို့ ခြေထောက်များ လှုပ်လှုပ်ရွရွနှင့်ဖြစ်နေကြပေပြီ၊ ဆရာကလည်းရိပ်မိပြီး–

ဆရာ။ မင်းတို့ကအခုမှရောက်တဲ့ လူသစ်တွေဆိုတော့ အများကြီးပြောလို့လည်းမှတ်မိသေးမှာ မဟုတ်ဘူး ဒါပေမယ့်ကိစ္စမရှိဘူး၊ နေ့စဉ်မြင်တွေ့မှတ်သားတဲ့အခါ မင်းတို့ခေါင်းထဲရောက်လာမှာပါ၊ ခုပြောတာလေးတွေကို ရုံးပြန်ရောက်တဲ့အခါ မှတ်မိသလောက်ပေါ့ကွာ၊ မှတ်စုပြန်ရေးထားကြ၊တစ်နေ့နည်းနည်းပဲ သင်ရမှာပါကွာ၊ (၁၁)နာရီလည်းထိုးနေပြီ၊ ဗိုက်တွေလည်းဆာကြရောပေါ့၊ ဒီနေ့တော့ပြန်ကြစို့၊ နောက်နေ့ကျရင်တော့ အခြားအပင်တွေနဲ့ သူတို့ရဲ့ပေါက်ရောက်တဲ့ သဘာဝတွေပေါ့ကွာ'

ပြန်တော့မည်ဖြစ်သောကြောင့် Senior အစ်ကိုတစ်ယောက်မှ ပွဲထောင်မောင်းသမားအား –

စာမျက်နှာ - ၂၂ သို့

# ကမ္ဘာ့ဆင်များနေ့နှင့် မြန်မာ့ဆင်ထိန်းသိမ်းရေးနေ့




ဒေါက်တာဇော်မင်းဦး၊ မန်နေဂျာ(ဆင်ဆေးကု)၊ သစ်ထုတ်ရေးဌာန

ကမ္ဘာပေါ်တွင် ဆင်မျိုးစိတ်အနေဖြင့် အာရှတိုက်တွင်ကျက်စားနေသည့် အာရှဆင်မျိုးစိတ်များနှင့် အာဖရိကတိုက်တွင် နေထိုင်ကျက်စားတတ်သည့် အာဖရိကဆင်မျိုးစိတ်တို့ဖြစ်ပါသည်။ ဆင်များသည် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ခြိမ်းခြောက်မှုများစွာဖြင့် ရပ်တည်နေရပြီး တောဆင်များအနေဖြင့် သဘာဝတောအတွင်းလှည့်လည်နေထိုင်စားသောက်သည့် စားကျက်များ ကျဉ်းမြောင်းလာခြင်း၊ တရားမဝင်သတ်ဖြတ်မှုခံရခြင်းနှင့် လူနှင့်ဆင်တို့ကြား ပဋိပက္ခများ တိုးပွားလာခြင်းတို့မှာ အဓိကခြိမ်းခြောက်မှုများဖြစ်ပါသည်။ အိမ်မွေးဆင်များအနေဖြင့်လည်း စားကျက်လိုအပ်ချက်၊ အလုပ်အကိုင်ရှားပါးမှု၊ တရားမဝင်ကူးသန်းရောင်းခံရမှုများနှင့် ဆေးဝါးကုသမှု မလုံလောက်ခြင်းနှင့် နည်းပညာများသည် ခြိမ်းခြောက်မှုများဖြစ်ပါသည်။ အာရှဆင်ရှိသည့် နိုင်ငံပေါင်း ၁၃ နိုင်ငံတွင် ဆင်များရေရှည်ရပ်တည်နိုင်ရေးအတွက် ဆင်ထိန်းသိမ်းရေးစီမံချက် (Conservation Action Plan)များ အသီးသီးရေးဆွဲ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း မြန်မာ့ဆင်ထိန်းသိမ်းရေးစီမံချက်(Myanma Elephant Conservation Action Plan- 2018-2027)ကို ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။ မြန်မာ့ဆင်များကို ၁၉၄၈ မတိုင်မီကပင် သစ်ထုတ်လုပ်ငန်းများတွင် အသုံးပြုလာခဲ့ကြပြီး၊ သဘာဝတောများတွင်အခြေပြုကာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်လာခဲ့ပြီဖြစ်ပါသည်။ အိမ်မွေးဆင်များ ထိန်းသိမ်းမှုကို နိုင်နင်းစွာဆောင်ရွက်နိုင်ခဲ့ပြီး အစိုးရလက်ဝယ်ထိန်းသိမ်းထားရှိသည့် အိမ်မွေးဆင်ကောင်ရေမှာ ၂၀၀၈ ခုနှစ်တွင် ၂၇၀၀ကျော်ရှိခဲ့ရာမှ ၂၀၁၈ခုနှစ်တွင် ၃၀၀၀ ကျော်အထိရှိလာသဖြင့် ဆယ်စုနှစ်အတွင်း ဆင်ကောင်ရေ(၃၀၀) ကျော်ခန့်တိုးပွားလာလျက်ရှိပါသည်။ နိုင်ငံတော်၏ မူဝါဒအရ သစ်ထုတ်လုပ်မှုလျှော့ချလာခြင်း၊ အစိမ်းရောင်စီးပွားရေးကို ဦးစားပေးလာခြင်းတို့ကြောင့် ဆင်များထိန်းသိမ်းရေးအခြေပြုသည့် ခရီးသွားဆင်စခန်းများကို ၂၀၁၆ ခုနှစ်တွင် စတင်ကာတိုးမြှင့်၍ မြန်မာ့သစ်လုပ်ငန်းတွင်ဆောင်ရွက်လာခဲ့ရာ ဆင်စခန်း(၁၉)ခုအထိ နိုင်ငံအနှံ့အပြားဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

ဆင်စခန်းများဖွင့်လှစ်ခြင်းနှင့်အတူ ဆင်များထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်မှုကို ပြည်သူများအကြား အသိအမြင် ဗဟုသုတကျယ်ပြန့်လာစေရန်၊ အနာဂါတ်လူငယ်များကြား ဆင်ထိန်းသိမ်းစောင့်ရှောက်သူများ ပိုမိုထွန်းကားလာစေရန်နှင့် ဆင်များအပေါ် ထိန်းသိမ်းလိုစိတ်များ ထွန်းကားလာစေရန်တို့ကိုရည်ရွယ်ကာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်းဆင်စခန်းများတွင် ကမ္ဘာ့ဆင်များနေ့ကို ၂၀၁၆ ခုနှစ်မှစ၍ ကျင်းပခဲ့ပါသည်။ ကမ္ဘာ့ဆင်များနေ့ကို ကနေဒါနိုင်ငံသားနှင့် ထိုင်းနိုင်ငံ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး ဖောင်ဒေးရှင်းတို့မှ ၂၀၁၂ ခုနှစ်ကစတင်ကျင်းပခဲ့ပြီး၊ ဆင်များတရားမဝင်သတ်ဖြတ်ခံရမှုမှတားဆီးရန်၊ တောရိုင်းတိရစ္ဆာန်များကာကွယ်စောင့်ရှောက်ရန်နှင့် ဆင်နှင့်လူပဋိပက္ခများ လျှော့ချနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် စတင်ခဲ့သည်ဟု သိရှိမှတ်သားရပါသည်။



ဆင်များအပေါ်ထားရှိသည့် စိတ်ထားများဖော်ပြချက်စတစ်ကာများ

ကမ္ဘာ့ဆင်များနေ့တွင် မြန်မာ့သစ်လုပ်ငန်းဆင်စခန်းအသီးသီးတွင် အခြေခံပညာမူလတန်း၊ အလယ်တန်းကျောင်းများမှ ကျောင်းသူ ကျောင်းသားများ၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး ဝါသနာပါသူများ၊ ဆင်ချစ်သူများနှင့်

တာဝန်ရှိပုဂ္ဂိုလ်များအားဖိတ်ကြား၍ ဆင်ထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းများနှင့် သက်ဆိုင်သည့် ဗဟုသုတများ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။



အခြေခံပညာကျောင်းများမှ ကျောင်းသား/သူများအား ဆင်နှင့်ပတ်သက်၍ ပညာပေးခြင်း



ဆင်များအား စိတ်ဝင်စားလာစေရန် ဂိမ်းများဖြင့် ဆွဲဆောင်မှုဆောင်ရွက်ခြင်း

ကျောင်းသား/သူကလေးများအား ဆင်ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အခြေခံစိတ်ဓာတ်များမွေးမြူပေးနိုင်ရန်နှင့် ဆင်စခန်းများတွင် ဆင်များထိန်းသိမ်းစောင့်ရှောက်ထားရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြား ဆွေးနွေးနိုင်ခဲ့ပါသဖြင့် ဆင်ထိန်းသိမ်းရေးအခြေပြု ခရီးသွားလုပ်ငန်း ဆင်စခန်းများ၏ အခြေခံရည်မှန်းချက်များဖြစ်သည့် ပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျှက်ရှိပါကြောင်းနှင့် ဆင်နှင့်ဆင်များအတွက် မရှိမဖြစ်လိုအပ်သည့် သဘာဝတောတောင်များ ရေရှည်တည်တံ့နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း အနာဂါတ်မျိုးဆက်သစ်များကို အသိပညာ အမွေလက်ဆင့်ကမ်းပေးရင်း ဆောင်ရွက်လျှက်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြု ရေးသားတင်ပြလိုက်ရပါသည်။

စာမျက်နှာ -၂၀ မှအဆက်

Senior။ ‘ကိုစကီးရေ ပွဲထောင်ကိုမောင်းဖို့ပြင်ထားတော့ဟေ့’

စကီး ။ ‘ဟုတ်ကဲ့ပါ ဆရာ၊မောင်းဖို့ အသင့်ဖြစ်နေပါပြီ’

ပွဲထောင်လည်း အရှိန်အဟုန်ဖြင့် ရေကိုခွင်းကာခုတ်မောင်းနေ၏။ ‘လက်ရှိအနေအထားအရတော့ တောတွေက တော်တော်ကိုအခြေအနေဆိုးနေပြီပဲ၊ ပြုစုထိန်းသိမ်းစောင့်ရှောက်ဖို့တော့ လိုအပ်နေပြီ၊ ဒါကြောင့် Regeneration Improvement Felling (RIF)နည်းလမ်းဖြင့် ကောင်းနေတဲ့တောကျန်နှင့် အပင်လေးတွေကိုပြုစုပြီး ထိန်းသင့်တန်ထိန်း၊ မကောင်းတဲ့တောတွေကိုတော့ ခုတ်ထွင်ရှင်းလင်းပြီး ကွက်လပ်ဖြည့်စိုက်ခင်း(Gap Platation)တည်ထောင်ပေးမယ်၊ ဒါမှ ဒီဒေသကတောလေးတွေ ပြန်ကောင်းလာမှာ၊ ဒီတောတွေနလန်ထူလာဖို့ဆိုရင်တော့ အချိန်တော်တော်ကြာဦးမှာပဲ။ တောကောင်းလာရင်တော့ ဆိုးရွားတဲ့ သဘာဝဘေးအန္တရာယ်(မုန်တိုင်း)ဒဏ်က ကာကွယ်ပေးမယ်၊ ရာသီဥတု(Microclimate) ကောင်းမွန်လာမယ်၊ ဒီအကြမ်းဖျဉ်းသဘောတရားတွေလောက်ကတော့ ဒေသခံတွေလည်းသိပါတယ်လေ။ ဆရာလည်း မနက်ဖြန်စိတ်ဝင်စားစရာ ဘယ်အကြောင်းအရာတွေများ သင်ကြားပို့ချဦးမလဲမသိဘူး၊ ကိုယ့်အတွက်ရော ဘာအထူးအဆန်းတွေများ ကြုံတွေ့ရဦးမလဲ’ စသည်ဖြင့် တွေးမိတွေးရာ အတွေးကလေးနှင့်ပင် ကျွန်ုပ်ပွဲထောင်ပေါ်တွင် ငြိမ်သက်စွာ လိုက်ပါလာခဲ့လေ၏။

# ဟဲ -- ဟဲ -- ဒါလေးများ(၁၀)

သီရိတင်(သစ်တော)

''မင်္ဂလာပါ မြေးလေးရေ''----





ပြီးခဲ့တဲ့အပတ်က ''သစ်တောတက္ကသိုလ်''အကြောင်း ဆွေးနွေးခဲ့ကြပြီးပြီ။ ဒီတစ်ပတ်တော့ သစ်တောဝန်ထမ်းတွေနဲ့ ကျေးလက်ပြည်သူတွေကို၊ သစ်တောကာကွယ်ထိန်းသိမ်းရေး သစ်တောစိုက်ပျိုးပြုစုရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွေကို ထိထိရောက်ရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ ဌာနတွင်းကာလတိုသင်တန်းတွေဖွင့်လှစ်ပြီး စာတွေ့၊လက်တွေ့လေ့ကျင့်သင်ကြားပို့ချပေးနေတဲ့ သင်တန်းကျောင်းနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ဒီလောက်ဆို ဘယ်သင်တန်းကျောင်းအကြောင်းဆိုတာ သိရောပေါ့။ လွယ်လွယ်နဲ့ တိုတိုပြောရရင်တော့ "CFDTC"သင်တန်းကျောင်းပါ။ ''ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန''ပါ။ အဲဒီကျောင်းကို ဖိုးဖိုးတို့မိခင်သစ်တောဌာနနဲ့ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) တို့က နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာပါ။ဂျပန်အစိုးရက ယန်း၂,၇၂၅သန်းနဲ့ မြန်မာအစိုးရက ကျပ် ၆၆.၃သန်းထည့်ဝင်ပြီး ၁၉၈၈ခုနှစ်၊ဖေဖော်ဝါရီလက တည်ဆောက်ရေးလုပ်ငန်းတွေစတင်ခဲ့ပါတယ်။ ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်မှာ၊ ၁၉၉၀ခုနှစ်၊ မေလ၁၅ရက်မှာ သင်တန်းတွေ စတင်ဖွင့်လှစ်ပို့ချခဲ့ပါတယ်။ ၁၉၉၅ခုနှစ်၊ ဇူလိုင်လ ၃၁ရက်နေ့မှာ ပထမစီမံကိန်းကာလပြီးစီးခဲ့ပါတယ်။ စီမံကိန်းနောက်ဆက်တွဲကာလ(Follow - up Programme)အနေနဲ့ ၁၉၉၇ခုနှစ်၊ ဇူလိုင်လ ၃၁ရက်နေ့အထိ သက်တမ်း (၂)နှစ်ထပ်တိုးပါတယ်။ ဂျပန်အစိုးရက ယန်း၁၁.၆၆၄သန်းထောက်ပံ့ပြီး မြန်မာနိုင်ငံက ကျပ် ၈.၅၇၉သန်း ထည့်ဝင်ပါတယ်။ ပထမစီမံကိန်းကာလပြီးတဲ့နောက်၊ နောက်ဆက်တွဲအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု (Aftercare Programme)အနေနဲ့၊ ဂျပန်နိုင်ငံက ယန်း၁၀၈သန်းနဲ့ မြန်မာနိုင်ငံက ကျပ် ၁၂သန်းထည့်ဝင်ပြီး၊ ဒုတိယစီမံကိန်းကို မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ သစ်တောဝင်းအတွင်းမှာ CFDTC သင်တန်းကျောင်းခွဲတစ်ခု တည်ဆောက်ခဲ့ပါတယ်။ ၂၀၀၃ခုနှစ်၊ မေလ၅ရက်နေ့မှာ အဲဒီသင်တန်းကျောင်းခွဲကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။

ဒုတိယစီမံကိန်းကာလမှာ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလမှာ ပြီးဆုံးခဲ့ပါတယ်။ အဲဒီလိုပထမစီမံကိန်းနဲ့ ဒုတိယစီမံကိန်းတွေပြီးစီးခဲ့ပေမဲ့၊ မိခင်သစ်တောဌာနကဆက်လက်ပြီး သင်တန်းကျောင်းနှစ်ခုလုံးကို လည်ပတ်နိုင်ခဲ့ပါတယ်။ သစ်တောဝန်ထမ်းများနဲ့ ဒေသခံပြည်သူတွေကို ဌာနတွင်းကာလတိုသင်တန်းတွေ ဆက်လက်ဖွင့်လှစ်ပို့ချလျက်ရှိပါတယ်။ မိခင်သစ်တောဌာနက အကြီးအကဲများနဲ့၊ သင်တန်းကျောင်းများမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဝန်ထမ်းများ၊ လက်ရှိတာဝန်ထမ်းဆောင်နေလျှက်ရှိတဲ့ဝန်ထမ်းများကို အခုလိုသင်တန်းကျောင်းတွေ အရှိန်အဟုန်မပြတ်၊ တစ်ဆက်တစပ်တည်း၊ သင်တန်းအမျိုးအစားလေးဆယ်ကျော်ကို ''မှော်ဘီ''မှာသင်တန်း အကြိမ်ပေါင်းငါးရာကျော်၊ ''ပုသိမ်ကြီး''မှာ သင်တန်းတစ်ရာကျော် ဖွင့်လှစ်ပို့ချနေလျှက်ရှိတာသိရလို့၊ 'ဖိုးဖိုး' သိပ်ဝမ်းသာပါတယ်။ ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်လို့ အားလုံးကို ဂုဏ်ပြုတဲ့အနေနဲ့ 'CFDTC' သင်တန်းကျောင်းအကြောင်းကို ဒီတစ်ပတ်ဆွေးနွေးကြရအောင်နော်။

မြေးလေးတို့ဖြေနိုင်မှာပါ။

**''မြေးလေးတို့ အားလုံး၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ**

**ဘေးရန်ကွာ၍ လိုရာဆန္ဒပြည့်ဝကြပါစေ''**

**အားလုံးကို သတိရလျှက်**

ဖိုးဖိုး




အောက်ဖော်ပြပါ ကွက်လပ်များကိုဖြည့်ပါ။

၁။ ''ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန''သည်၊ ရန်ကုန်တိုင်းဒေသကြီး၊ (က) မြို့နယ်၊ ရေတွင်းကုန်းကျေးရွာအနီး (ခ) ကားလမ်းမကြီး၏ မိုင်တိုင်အမှတ် ၃၄/၅ တွင်တည်ရှိသည်။

၂။ ''ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန''ကို အတိုကောက် "CFDTC" သင်တန်းကျောင်း၊ အရှည်အားဖြင့် (က) ဟုခေါ်ဆိုသည်။

၃။ အဆိုပါသင်တန်းကျောင်းကို (က) ခုနှစ်တွင် စတင်တည်ဆောက်၍၊ ၁၉၉၀ ခုနှစ်တွင် တည်ဆောက်ပြီးစီးသည်။

၄။ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ နှစ်နိုင်ငံနည်းပညာပူးပေါင်းဆောင်ရွက်ခြင်းအစီအစဉ်အရ ၊ ပထမစီမံကိန်းကာလမှာ ၁၉၉၀ ခုနှစ်မှ ၁၉၉၅ ခုနှစ်ထိဖြစ်ပြီး စီမံကိန်းနောက်ဆက်တွဲကာလကို (က) နှစ် တိုးမြှင့်သတ်မှတ်၍ (ခ) ထိဆောင်ရွက်ခဲ့သည်။

၅။ ပထမစီမံကိန်းကာလပြီးသည့်နောက် ၁၉၉၇ခုနှစ်မှ ၁၉၉၉ခုနှစ်ထိ (က) ခဲ့သော်လည်း၊ ၁၉၉၉ခုနှစ်မှ ယနေ့အထိ သင်တန်းကျောင်းများ အရှိန်အဟုန်မပျက် ဆက်လက်သင်ကြားပို့ချလျက်ရှိသည်။

၆။ "CFDTC"သင်တန်းကျောင်း၏ ဧရိယာမှာ ၃၅ဧကကျယ်ဝန်းပြီး သင်တန်းအဆောက်အဦ တည်ရှိသည့် ဧရိယာမှာ (က) ဖြစ်ပြီး၊ ဝန်ထမ်းအိမ်ရာဧရိယာမှာ (ခ) ဖြစ်သည်။

၇။ ဒုတိယစီမံကိန်းကာလအတွက် တည်ထောင်သော"CFDTC" သင်တန်းကျောင်းခွဲမှာ (က) ဒေသကြီး (ခ) မြို့တွင်တည်ရှိသည်။

၈။ အဆိုပါ "CFDTC" သင်တန်းကျောင်းခွဲကို ၂၀၀၂ ခုနှစ်တွင် စတင်တည်ထောင်၍ (က) တွင် ပြီးစီးသည်။

၉။ အဆိုပါ "CFDTC" သင်တန်းကျောင်းခွဲ၏ ဧရိယာသည် (က) ကျယ်ဝန်းသည်။

၁၀။ အဆိုပါ "CFDTC" သင်တန်းကျောင်းများတွင် သင်ကြားပို့ချသော သင်တန်းများနှင့် လုပ်ငန်းများကို အကြမ်းအားဖြင့်(၆)မျိုး ခွဲခြားနိုင်သည်။

(၁) သစ်တောဝန်ထမ်းများအား၊ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဘာသာရပ်သင်တန်းများဖွင့်လှစ်ပို့ချခြင်း။

(၂) ကျေးလက်ပြည်သူများအားဒေသဖွံ့ဖြိုးမှုနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း။

(၃) လေ့ကျင့်သစ်တောရေးစိုက်ခင်းများ၊ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ ပြုစုထိန်းသိမ်းခြင်း။

(၄) ကျွန်း၊ (က) နှင့် (ခ) မျိုးများအား၊ (ဂ) နည်းဖြင့် မျိုးပွားခြင်းကို လက်တွေ့သင်ကြားပို့ချခြင်း။

(၅) ကိုရီးယားနိုင်ငံ (NIBR) အဖွဲ့နှင့် ပူးပေါင်း၍ (က) ထိန်းသိမ်းခြင်းလုပ်ငန်းများလေ့လာ ဆောင်ရွက်ခြင်း။

(၆) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ အောင်မြင်စွာကျင်းပနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ခြင်း။

၁၁။ စီမံကိန်းစတင်သည့် ၁၉၉၀ ခုနှစ်မှ ၂၀၁၇ ခုနှစ်ဇန်နဝါရီလ (၃၁)ရက်နေ့အထိ "CFDTC" သင်တန်းကျောင်းများတွင် သင်တန်းအမျိုးအစား (က) ဖွင့်လှစ် သင်ကြားနိုင်ခဲ့ပြီး မော်ဘီသင်တန်းကျောင်းတွင် သင်တန်းအကြိမ်ပေါင်း (၅၃၉)ကြိမ်၊ ပုသိမ်ကြီးသင်တန်းကျောင်းခွဲတွင် သင်တန်းအကြိမ်ပေါင်း (၁၂၇)ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့သည်။

၁၂။ ထိုသင်တန်းများတွင် နိုင်ငံခြားသားနှင့် ပုဂ္ဂလိကလုပ်ငန်းရှင် သင်တန်းသားများပါဝင်ခဲ့သည်မှာ ထူးခြားသည့်မှတ်တိုင်တစ်ရပ်ဖြစ်ပြီး ပါဝင်သော နိုင်ငံခြားသားများမှာ (က) နှင့် (ခ) တို့မှဖြစ်သည်။

၁၃။ အဆိုပါ"CFDTC"သင်တန်းကျောင်းများတွင် ဖွင့်လှစ်သင်ကြားပို့ချသော သင်တန်းအမျိုးအစားအလိုက် သင်တန်းကာလမှာ အနည်းဆုံး ရက်သတ္တ(၁)ပတ်မှ အများဆုံး (က) အထိ ကြာမြင့်သည်။

၁၄ ။ ကျွန်းတစ်သျှူးမွေးမြူမျိုးပွားခြင်းလုပ်ငန်းတွင် သဘာဝတောများမှ အကောင်းဆုံးကျွန်းစေ့များကိုလည်းကောင်း၊ ကျွန်းကိုင်းများ၏ (က) များကိုလည်းကောင်း၊ ကျွန်းပျိုးပင်များ၏ (ခ) များကိုလည်းကောင်း၊ စမ်းသပ်ဆောင်ရွက်ခဲ့ရာ၊ လုပ်ငန်းစဉ်အဆင့်လိုက်အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး၊ ယခုအခါ မြေချစိုက်ပျိုးလျှက်ရှိသည်။

၁၅။ သစ်ခွတစ်သျှူးမွေးမြူမျိုးပွားခြင်းလုပ်ငန်းတွင် အနယ်နယ်အရပ်ရပ်မှ မြန်မာ့သစ်ခွမျိုးများအား သွားရောက်စုဆောင်း၍ သစ်ခွမျိုး ၂၃ မျိုးအား (က) မျိုးပွားစာနည်းဖြင့်လည်းကောင်း၊ သစ်ခွမျိုး ၆ မျိုးအား (ခ) မျိုးပွားစာနည်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။



## ပြည်နယ်အတွက် ဂုဏ်ယူခြင်း (သို့) ရှမ်းပြည်နယ်အလှအတွက် ဂုဏ်ယူခြင်း

ညို့မှိုင်းတောတောင်
အလှဆောင်လျက်
နေရောင်မကျ
လွန်အေးမြကာ
ပူလှဒုက္ခ မခံရ။

စိုက်ကြသစ်ပင်
ထိန်းအစဉ်နဲ့
ပြုပြင်ဆောင်ရွက်
တာဝန်မြတ်ကြောင့်
မပျက်တောတွေ စိမ်းလို့ဝေ။

သစ်ပင်မြတ်နိုး
ဤတန်ဖိုးကို
ထပ်တိုးရေးသား
မမှိုငြားလို့
စိတ်အားငယ်မိ အပြစ်ရှိ။

ရာသီညီမျှ
ဝန်းကျင်လှကာ
တောက မြေကြီး
ရွှေရယ်သီးလို့
ပြည်ကြီးဘဝ လှနေပြီ။

ဝန်ထမ်း ပြည်သူ
လက်တွဲကူရင်း
တူညီစိုက်ပျိုး
ပြည်တရိုးဝယ်
ထပ်တိုးအမွေ များလှစေ။

စိုင်ပြေ (ကျောက်မဲ)၊သစ်တော



# မျှစ်စိုက်ခင်းကို နည်းစနစ်မှန်စွာ စိုက်ပျိုးပြုစုထိန်းသိမ်းကြပါစို့

ဒေါ်ခင်ပပရွှေ၊ သုတေသနလက်ထောက်(၂)၊
သစ်တောရုက္ခဗေဒနှင့် ဇီဝနည်းပညာဌာနခွဲ



မြန်မာနိုင်ငံတွင် မျှစ်အတွက် သီးခြားဝါးစိုက်ခင်း စိုက်ပျိုးခြင်းမရှိသေးပါ။ သို့သော် အချို့သော မျှစ်လုပ်ငန်းရှင်များသည် အရည်အသွေးကောင်းသောမျှစ်၊ သင့်တော်သော မျှစ်အမျိုးအစားများကို စက်ရုံအနီးတွင်ပင် စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်၍ အဆက်မပြတ်ရရှိနိုင်စေရန်အတွက် စိုက်ခင်းများတည်ထောင်ရန် ကြိုးစားနေပြီဖြစ်ပါသည်။ မျှစ်အတွက် ဝါးစိုက်ခင်းကို ထိန်းသိမ်းစောင့်ရှောက်နည်းနှင့် ဝါးအတွက် ဝါးစိုက်ခင်းကို ထိန်းသိမ်းစောင့်ရှောက်နည်းမတူကြပါ။ သို့ဖြစ်၍ မြန်မာနိုင်ငံမှ မျှစ်အတွက် ဝါးစိုက်ခင်း စိုက်ပျိုးလိုသူများ နည်းစနစ်ကျစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် တရုတ်ပြည်တွင် မျှစ်အတွက် ဝါးစိုက်ခင်းကို စိုက်ပျိုးပြုစုထိန်းသိမ်းစောင့်ရှောက်ပုံကို အခြေခံ၍ ဖော်ပြအပ်ပါသည်။

မျှစ်အဖြစ်စားသုံးနိုင်သော အချို့ဝါးမျိုးများမှာ ကလေ့ဝါး၊ ကျသောင်း၊ ကျလို့၊ ကြခတ်၊ ထီးရိုးဝါး၊ မျှင်ဝါး၊ ဝါးကြီး၊ ဝါးဘိုးကြီး၊ ဝါးဘိုးမျက်ဆံကျယ်၊ ဝါးနီ၊ ဝါးနက်၊ ဝါးနွယ်နှင့် သိုက်ဝါးတို့ဖြစ်ပါသည်။ မျှစ်အတွက် ဝါးစိုက်ခင်းစိုက်ပျိုးလိုလျှင် အောက်ခြေပေါင်းမြက်များနှင့် အကိုင်းအခက်ငယ်များကို ဆောင်းအကုန် နွေအကူး ရာသီတွင် (၁)နှစ်လျှင်တစ်ကြိမ်ကျ ရှင်းလင်းပေးရန် လိုအပ်ပါသည်။ ဖေဖော်ဝါရီလတွင် ဝါးရုံအပင်ခြေရှိ အမြစ်ဆုံမှ အမြစ်ဖူးများကို နေရောင်ရရှိစေရန်အတွက် အောက်ခြေအမြစ်ဆုံပတ်လည်ရှိ မြေများကို ဘေးသို့ဖယ်ရှားပေးထားရပါမည်။ ဤသို့ပြုလုပ်ခြင်းသည် မျှစ်ထွက်သည့်ရာသီမရောက်မီ အပူချိန်မြင့်မားစွာရရှိထားရန် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ မျှစ်ထွက်ချိန်ရောက်ခါနီး (ဧပြီနှင့် မေလ)တွင်မှ ဝါးရုံအောက်ခြေအမြစ်ဆုံမှ အမြစ်ဖူးများကို မြေပြန်ဖို့ပေးရပါမည်။

မျှစ်ကိုအစို့ပေါ်ကာစတွင် အမြင့်(၈)လက်မ၊ နောက်(၅)ရက်တွင်အမြင့်(၁၀)လက်မနှင့် နောက်(၁၀)ရက်တွင် အမြင့်(၁၄)လက်မခန့်တို့ကို စုယူစမ်းသပ်ရာတွင်ရေဓာတ် ( moisture content )နှင့်အမျှင်ကြမ်းပါဝင်မှု(crude fiber content)သာလျှင် ပါဝင်နိုင်ကြောင်းတွေ့ရပြီး အခြားအာဟာရဓာတ်များဖြစ်သော ပရိုတင်းဓာတ်၊သကြားဓာတ်၊ ကယ်လဆီယမ်ဓာတ်၊ ဖော့စဖရပ်ဓာတ်၊ သံဓာတ်အစရှိသည်တို့မှာ နိမ့်ကျသွားကြောင်းတွေ့ရသည်။ ထို့ကြောင့် မျှစ်ကိုအစို့ထွက်ကာစ အခြေအနေ(Bamboo sprouts underground)သည်စားသုံးရန်အတွက် မျှစ်ချိုးရန်မှန်ကန်သော အချိန်အခါကောင်းပင်ဖြစ်ပါသည်။ သို့သော် စားသုံးရန်အတွက် မျှစ်ပြုလုပ်သည့် နည်းစဉ်များအပေါ်မူတည်၍ မျှစ်ချိုးသည့်အရွယ် ကွာခြားမှုရှိပါသည်။ လတ်ဆတ်စွာ စားသုံးရန်အတွက် အမြင့်(၄)လက်မမျှစ်ကိုလည်းကောင်း၊ စည်သွတ်ဗူးပြုလုပ်ရန်အတွက် (၁၂)လက်မမျှစ်ကိုလည်းကောင်း၊ မျှစ်ချဉ်နှင့်မျှစ်ခြောက်ပြုလုပ်ရန်အတွက် (၃)ပေအရွယ်တို့ကို ချိုးယူသင့်ပေသည်။ မျှစ်အမျိုးအစားပေါ်မူတည်၍လည်း မျှစ်ချိုးယူသော အရွယ်အစားကွာခြားမှုရှိပါသည်။ မျှစ်ချိုးသောအခါ ကျန်ခဲ့သောအမြစ် မနာစေရန်အတွက် ထက်သောတူရွင်းဖြင့် တူးယူရပါမည်။ မျှစ်အတွက် စိုက်ခင်းတွင် မျှစ်ချိုးယူရာ၌ အမေပင်အတွက် သန်စွမ်းသော မျှစ်စို့အများဆုံး(၃)စို့ထားခဲ့ပြီး ကျန်မျှစ်များအားလုံးကိုချိုးယူနိုင်ပါသည်။ ချန်သောမျှစ်စို့များမှာ ဝါးရုံ၏ အပြင်ဖက်အကျဆုံး အနိမ့်ပိုင်းမှ မျှစ်စို့များဖြစ်ရပါမည်။ (၃)နှစ်သက်တမ်းရှိသော ဝါးပင်များကို ခုတ်ပေးသင့်ပါသည်။ ဝါးခုတ်ရာ၌ မျှစ်ထွက်ချိန်တွင် ခုတ်ခြင်းကိုရှောင်ကြဉ်ရပါမည်။ အကြောင်းမှာထွက်လာသော မျှစ်ကို ထိခိုက်စေရုံသာမက ဝါးရုံမှမျှစ်ထွက်ရှိမှုအရှိန်ကိုလည်း ကျစေသောကြောင့်ဖြစ်ပေသည်။ အဖွားပင်ကိုဖယ်၍ အမေပင်နှင့် သားပင်ကိုချန်ထားရပါမည်။ ဝါးရုံတွင် အများဆုံးဝါးပင်(၆)ပင်သာရှိရပါမည်။ မြေသြဇာကျွေးရာတွင်လည်း ဓာတုမြေသြဇာများဖြစ်သော ယူရီးယားသစ်ဆွေးမြေတို့ကို ဝါးတစ်ရုံလျှင်(၁)ဂရမ်မှ (၄)ဂရမ်နှုန်းဖြင့်လည်းကောင်း၊ အော်ဂဲနစ်မြေသြဇာကို ဝါးတစ်ရုံလျှင် (၁၀၀)ဂရမ်မှ(၁၅၀) ဂရမ်နှုန်းနှင့်လည်းကောင်း တစ်နှစ်လျှင်(၃)ကြိမ်မှ (၄)ကြိမ် ထည့်ပေးရန်လိုအပ်ကြောင်းသိရပါသည်။

(၇)နှစ် (၈)နှစ်သားခန့်ရှိသော မျှစ်အတွက် စိုက်ပျိုးထားသော ဝါးစိုက်ခင်းများသည် အိုလာသောကြောင့် မျှစ်ထွက်နှုန်းများ ကျဆင်းလာပြီဖြစ်၍ အမြစ်အိုများကို ဖယ်ရှား၍ ဝါးစိုက်ခင်းများကို အသစ်ပြန်လည် အစားထိုး

စိုက်ပျိုးရန်လိုအပ်ပါသည်။ မျှစ်တွင်ရေဓာတ်၊ အဆီဓာတ် (Fat)၊ အမျှင်ဓာတ်(Fibre)၊ ကယ်လစီယမ်ဓာတ် (Calcium)၊ သံဓာတ်(Iron)၊ ဗီတာမင်စီ(Vitamin C)၊ ပရိုတင်း (Protein)၊ ကာဗိုဟိုက်ဒရိတ်ဓာတ်(Carbohydrates)၊ ပြာဓာတ်(Ash)၊ ဖော့စဖရပ်ဓာတ်(Phosphorus)၊ ဗီတာမင်ဘီ-၁ (Vitamin B1)၊ ဗီတာမင်ဘီ-၂ (Vitamin B2)၊ သကြားဓာတ်(Glucose)တို့ပါဝင်၍ စွမ်းအင်တန်ဖိုး (Energy value) 118-197 Joules/100g ဖြစ်ကြောင်း သိရပါသည်။ တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံသုတေသနဌာနတို့၏ သုတေသနပြုချက်များအရ မျှစ်တွင် အမိုင်နိုအက်စစ် (amino acid) ၁၇ မျိုးပါဝင်၍ အထူးသဖြင့် Saccharopine, speramic acid နှင့် glutamic acid တို့ပါဝင်ကြောင်းသိရပါသည်။ မျှစ်တွင်(cyanogenic glucoside) အုပ်စုပါဝင်၍ ၎င်းကို(Hydrolysis) ပြုလုပ်ခြင်းဖြင့် (Hydrocyanic acid)ကိုရရှိစေပါသည်။ ယင်းအက်စစ်များကိုဖယ်ရှားရန်အတွက် မျှစ်ကိုရေနွေးငွေ့ပေးခြင်း၊ ရေနွေးဖြင့်ပြုတ်ခြင်းတို့ဖြင့် ဖယ်ရှားနိုင်ကြောင်းသိရပါသည်။ အခြားပါဝင်သော အဆိပ်ဓာတ်(toxic)တစ်မျိုးမှာ toxicphylin ဖြစ်ကြောင်းသိရပါသည်။ ယင်း(toxic)မှာ ဝါးနက် (*Bambusia vulgaris*)၊ ကြခတ်ဝါး(*Bambusia arundinacea*)၊ ဝါးဘိုးကြီး(*Dendrocalamus giganteus*)နှင့် ဝါးဘိုးမျက်ဆံကျယ် *(Dendrocalamus hamiltonii)*တို့တွင် ပိုမိုပါဝင်ကြောင်းသိရပါသည်။ ၎င်းအဆိပ်ဓာတ်(toxic)ပျက်ပျယ်ရန်အတွက် ရေနှင့်အကြိမ်ကြိမ်ပြုတ်၍ ရေကိုသွန်ပစ်ခြင်းဖြင့် ဖယ်ရှားနိုင်ကြောင်း သိရှိရပါသည်။

မျှစ်ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အလေးထားရမည့်အချက်များမှာ မည်သည့်နည်းစဉ်ကိုပြုလုပ်သည်ဖြစ်စေ ပထမအဆင့်တွင် ရေစိမ်ခြင်း(သို့မဟုတ်)ရေပြုတ်ခြင်းအဆင့်ကို မဖြစ်မနေထည့်သွင်းဆောင်ရွက်ရပေမည်။ ထို့ပြင် မည်သည့်သိုလှောင်နည်းတွင် မဆိုလေလုံအောင်ထားရှိရန် အထူးလိုအပ်ပါသည်။ မည်သည့်နည်းစဉ်မှရရှိသည့် မျှစ်ဖြစ်စေ စားသုံးခါနီးချက်ပြုတ်ခါနီးတိုင်းတွင် ရေနှင့်တစ်ကြိမ်ပြုတ်ပြီး ပြုတ်ရေကိုသွန်ပစ်ရန်လိုအပ်ပါသည်။ မျှစ်ထုတ်လုပ်သူများအနေဖြင့် ကိုယ်ပိုင်မျှစ်စိုက်ခင်းများ တည်ထောင်၍ မျှစ်မထွက်မီကပင် အရည်အသွေးမြင့် မျှစ်များထွက်အောင်ပြုလုပ်၍ အရည်အသွေးမြင့် မျှစ်ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် ကြိုးစားသင့်ပါသည်။

**(ကိုးကား - မျှစ်ထွက်ပစ္စည်းလက်စွဲစာအုပ် (၂၀၀၆) မှ ကိုးကားပါသည်။)**

## ကာတွန်းကဏ္ဍ



**မင်းကြီး ဦးအောင်မြင့် ၏ "ရေးဖြစ်ဟောင်း အောက်မေ့ဖွယ်"**

အမှတ်တရ ကာတွန်းများ









# ကျွန်တော်လေ့လာဖိသောခေါင်းဆောင်မှုပညာရပ်အကြောင်း

## အပိုင်း(၁)



**အောင်နိုင်(လက်ဆည်)**

လူဆိုသည်မှာ အဖွဲ့အစည်းနှင့်နေထိုင်သူများ ဖြစ်ကြသည်။ တစ်ဦးထက်ပိုလာလျှင် ရှေ့ဆောင်မည့် ခေါင်းဆောင်လိုအပ်လာပါသည်။ ခေါင်းဆောင်ဆိုသည်မှာ လူအများကို ရှေ့ဆောင်ရှေ့ရွက်ပြုလျက် ရည်မှန်းချက်တစ်ခုစီသို့ ဦးတည်ခေါ်ဆောင်သွားရသူ ဖြစ်ပါသည်။

ခေါင်းဆောင်မှု(Leadership)ဆိုသည်မှာ ရည်မှန်းချက်တာဝန်တစ်ခုကို ပြီးမြောက်အောင်မြင်စေရန်အတွက်၊ အဖွဲ့အစည်းတွင် ပါဝင်သူအားလုံး၏ လိုလိုလားလားနာခံမှု(Willing Obedience)၊ လိုလိုလားလားယုံကြည်မှု (Willing Confidence)၊ လိုလိုလားလားအလေး ဂရုပြုဆောင်ရွက်မှု (Willing Respect)နှင့် သစ္စာရှိစွာပူးပေါင်းဆောင်ရွက်မှု၊ (Loyal Cooperation)များကိုရရှိလာစေရန် ဆွဲဆောင် လွှမ်းမိုးညွှန်ကြားရသော လုပ်နည်းလုပ်ငန်းများဆိုင်ရာ ဝိဇ္ဇာပညာရပ်ဖြစ်သည်(US Army, FM.22-160, June 1961)ဟုဖွဲ့ဆိုထားပါသည်။ ဗြိတိသျှဗိုလ်ချုပ်ကြီးမောင်ဂိုမာရီကခေါင်းဆောင်မှုဟူသည် တူညီသောရည်မှန်းချက် တစ်ရပ်အောင်မြင်ရေးအတွက် မိမိ၏အဖွဲ့အစည်းတွင်ပါဝင်သော အမျိုးသား၊ အမျိုးသမီးအားလုံးကို စည်းရုံးနိုင်သည့်စွမ်းရည်၊ ယင်းတို့အား ခေါင်းဆောင်လိုသည့်ဆန္ဒနှင့် ယင်းတို့၏ယုံကြည်မှုကို လှုံ့ဆော်ရယူနိုင်သည့် ခိုင်မာသော အကျင့်စာရိတ္တတို့ကို ပေါင်းစပ်ထားခြင်း ဖြစ်သည်ဟုဆိုသည်။

ခေါင်းဆောင်မှုပညာဆိုသည်မှာ အခြားအခြားသောဝိဇ္ဇာ၊ သိပ္ပံပညာရပ်များကဲ့သို့ ပုံသေနည်း(ဝ်) ဖော်မြူလာမရှိချေ။ ခေါင်းဆောင်ဆိုသည်မှာ မိမိကဲ့သို့ပင် အသိဉာဏ်ရှိသော၊ မိမိကဲ့သို့ပင်ခံစားတတ်သော၊ မိမိကဲ့သို့ပင် မျှော်လင့်တောင့်တတတ်သော အခြားလူများကို စီမံခန့်ခွဲခေါင်းဆောင်ရသောကြောင့်ဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုရသော် ခေါင်းဆောင်၏စိတ်ကို နောက်လိုက်ငယ်သားများ၏စိတ်နှင့်ညှိနှိုင်း၍ ဆောင်ရွက်နေရသောကြောင့် ဖြစ်ပါသည်။ စိတ်၏သဘာဝမှာ အာရုံ၌ကျက်စားတတ်ခြင်း၊ ပျံ့လွင့်ခြင်း၊ ဖောက်ပြန်ခြင်းစသည်ဖြင့်ရှိရာ ထိုစိတ်ကိန်းအောင်းနေသော လူသားတစ်ဦးသည် ထိုစိတ်၏ကြိုးကိုင်ခြယ်လှယ်မှုအရ အမြဲတမ်းလှုပ်ရှားပြောင်းလဲနေသည့်သာဖြစ်သည်။ ခေါင်းဆောင်၏စိတ်သည် ပုံသေမရှိသကဲ့သို့ နောက်လိုက်၏စိတ်သည်လည်း ပုံသေမရှိချေ။ ထို့ကြောင့် ထိုနှစ်ဦး၏စိတ်ကို ညှိနှိုင်းပေါင်းစပ်ပေးရန် လိုအပ်ချက်သည် မရှိလျှင်မဖြစ်သော ကိစ္စတစ်ရပ်ဖြစ်သကဲ့သို့ လွယ်ကူသောအရာ မဟုတ်ကြောင်းကိုလည်း သတိပြုသင့်ပါသည်။

အဖွဲ့အစည်းမှန်သမျှတွင် ရည်မှန်းချက်ရှိကြမြဲဖြစ်သည်။ ယင်းရည်မှန်းချက်တို့ အကောင်အထည်ဖော်ရာတွင် အခြေအနေနှင့် ကိုက်ညီအောင်ဆောင်ရွက်ရန်လိုသည်။ ယင်းတို့ကို အကောင်အထည်ဖော်ရာတွင် ဝိုင်းဝန်းလုပ်ဆောင်မည့် 'လူ'များပါဝင်လာမည်။ အဖွဲ့အစည်း၏ရည်မှန်းချက် တာဝန်အောင်မြင်စေရေးအတွက် ယင်းတို့အနေဖြင့် ဝိုင်းဝန်း၍ပူးပေါင်းဆောင်ရွက်လာအောင် လွှမ်းမိုးဆွဲဆောင်ရန်လိုအပ်သည်။ ထိုသို့ လွှမ်းမိုးဆွဲဆောင်ရမည့်သူသည် ခေါင်းဆောင်ပင်ဖြစ်ပြီး ထိုလုပ်ငန်းသည် စဉ်ဆက်မပြတ် လုပ်ဆောင်နေရမည့် လုပ်ငန်းစဉ်(Process)တစ်ခုပင်ဖြစ်သည်။

ခေါင်းဆောင်သည် မိမိအကောင်အထည်ဖော်ရန်တာဝန်ရှိသည့်(သို့မဟုတ်) မိမိအကောင်အထည်ဖော်လိုသည့် ရည်မှန်းချက်တစ်ရပ်ကို မိမိကဲ့သို့ပင်အခြားလူများ(အထူးသဖြင့် မိမိလက်အောက်ရှိဝန်ထမ်းများ)ကပါ စိတ်ပါလက်ပါဖြင့် အကောင်အထည်ဖော်လိုသည့် ဆန္ဒဖြစ်ပေါ်လာအောင် ပရိယာယ်ကြွယ်ဝပြီး လိမ္မာပါးနပ်စွာဖြင့် ဆွဲဆောင်နိုင်ရန် အရေးကြီးပေသည်။

ဤနေရာတွင်ခေါင်းဆောင်များ၏ အနေအထားတစ်ခုကိုတင်ပြလိုသည်။ စီမံခန့်ခွဲမှုသဘောအရ လုပ်ငန်းတိုင်း၌ ဝန်ထမ်းများကို အမျိုးအစား(၃)မျိုးခွဲခြားနိုင်သည်။ ပထမအမျိုးအစားမှာ အဖွဲ့အစည်းရှိ လုပ်ငန်းများကိုအောင်

မြင်အောင် ဆောင်ရွက်သူများဖြစ်သည်။ မရှိသေးသည့် ပစ္စည်းများ မပေါ်ပေါက်သေးသည့် အကျိုးအမြတ်အခွင့်အရေးများ ကိုယ်တွေ့ခံစားရရှိလာစေရန် ကြိုးပမ်းအကောင်အထည်ဖော်သူများပင်ဖြစ်သည်။ ဒုတိယအမျိုးအစားမှာ သူတစ်ပါးလုပ်သမျှကို အခြေအနေစောင့်ကြည့်တတ်သူများဖြစ်သည်။ တတိယအမျိုးအစားမှာ မိမိအဖွဲ့အစည်း၌ ဘာတွေလုပ်၍ ဘာတွေဖြစ်နေသည်ကို လုံးဝအလေးမထားသူများဖြစ်သည်။ ယင်းပုဂ္ဂိုလ်(၃)မျိုးကို နေရာဌာနတိုင်းတွင် တွေ့ရပါသည်။

ခေါင်းဆောင်များသည် ပထမအမျိုးအစားတွင် ပါဝင်ပါသည်။ ခေါင်းဆောင်သည် အနာဂတ်ကို ဖန်တီးသူဖြစ်သည်။ မည်သည့်အရာဖြစ်လာမည်နည်းဟု ရင်ဖိုစောင့်စားနေရမည့်သူမဟုတ်။ မိမိဖြစ်ချင်သည့် အရာဖြစ်လာအောင် ဖန်တီးရယူသူဖြစ်သည်။ သူတစ်ပါးက ထိုးနှက်လာမှ တုံ့ပြန်သူမဟုတ်၊ မိမိကသာစတင် ထိုးနှက်သူဖြစ်သည်။ ဤသည်မှာ ခေါင်းဆောင်တို့၏ အနေအထားပင်ဖြစ်သည်။

မြန်မာမှုနယ်ပယ်၌ ပြောဆိုသုံးစွဲလေ့ရှိကြသော စကားရပ်ရှိပါသည် ''နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်သည်''ဟူသောစကားရပ်ကိုလည်း မမေ့အပ်ပေ။ သူတစ်ပါးကို ခေါင်းဆောင်မည့်သူသည် ပထမဦးစွာ နောက်လိုက်ဘဝကို ကျော်ဖြတ်ရမည်မှာ ကေန်ဖြစ်ပေသည်။ ခေါင်းဆောင်တစ်ဦးအနေဖြင့် ဤကဲ့သို့ နောက်လိုက်အတွေ့အကြုံကို မဖြတ်သန်းဘဲ ခေါင်းဆောင်ဖြစ်လာဖို့မဖြစ်နိုင်။ အကယ်၍နောက်လိုက်ဘဝကို မဖြတ်သန်းဖူးဘဲ ခေါင်းဆောင်ဖြစ်လာသူသည် ပြည့်ဝသော ခေါင်းဆောင်ကောင်းဖြစ်ရန် မလွယ်ကူလှပါ။ သူတစ်ပါးကို ဆရာလုပ်လိုသူတစ်ဦးသည် မိမိကဦးစွာ တပည့်ဖြစ်ခဲ့ဖူးသူများဖြစ်ကြသည်။ မိမိမှာပြည့်စုံမှ သူတစ်ပါးအားပေးကမ်းနိုင်မည်ဟု ဆိုစကားကဲ့သို့ ခေါင်းဆောင်လုပ်သူသည် မိမိကိုယ်တိုင်က လုပ်ငန်းဆိုင်ရာ အတတ်ပညာများ၊ ခေါင်းဆောင်၏အရည်အချင်းများ၊ ပြည့်ဝနေမှသာ မိမိ၏နောက်လိုက်ငယ်သားများကို ဝေငှပေးနိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ ခေါင်းဆောင်လုပ်သူသည် အတတ်ပညာ၊ ဗဟုသုတ၊ အတွေးအခေါ်၊ အပြောအဆို၊ အမူအကျင့်၊ နည်းစနစ်စသည်များကို ကောင်းစွာသိရှိတတ်ကျွမ်းထားမှသာ နောက်လိုက်ငယ်သားများအား စံနမူနာပြလုပ်ဆောင်ပြပြီး နည်းကောင်းညွှန်ပြပေးနိုင်မည် ဖြစ်ပါသည်။

ခေါင်းဆောင်ကောင်းတစ်ယောက်တွင် ရှိရမည့် အရည်အချင်းများ၊ ဝိသေသလက္ခဏာများနှင့် ပြမူနေထိုင်ပုံများအား ဆက်လက်ပြီး အလျဉ်းသင့်သလို ဖော်ပြသွားမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## ''ဟဲ---ဟဲ---ဒါလေးများ (၁၀)အဖြေမှန်များ''

၁။ (က) မှော်ဘီ
(ခ) ရန်ကုန်-ပြည်



၂။ (က) Central Forestry Development Training Centre
၃။ (က) ၁၉၉၈
၄။ (က) ၂ နှစ် (ခ) ၁၉၉၇
၅။ (က) ခေတ္တရပ်နား
၆။ (က) ၂၂ ကေ
(ခ) ၁၃ ကေ
၇။ (က) မန္တလေးတိုင်း(ခ)ပုသိမ်ကြီး
၈။ (က) ၂၀၀၃ ခုနှစ်
၉။ (က) ၅၈ ‚ ၅၄ ကေ
၁၀။(၄)(က)ယူကလစ်
(ခ)သစ်ခွ
(ဂ)တစ်သျှူးမျိုးပွားခြင်း
(၅)(က)ဇီဝမျိုးစုံ
၁၁။(က) ၄၆ ကြိမ်



၁၂။(က) ကမ္ဘောဒီးယားနိုင်ငံ(ခ) လာအိုနိုင်ငံ
၁၃။(က) ၄ လ
၁၄။(က) ထိပ်ဖူးကြားဖူး
(ခ) အညွှန့်
၁၅။(က) အခဲ
(ခ) အရည်





# အင်းလေးကန်အား ရမ်ဆာထိန်းသိမ်းရေးနယ်မြေ (Ramsar Site) အဖြစ် သတ်မှတ်ခြင်းခံရ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်ရှိ မြန်မာနိုင်ငံ၏ အထင်ကရ အင်းလေးကန်အား ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေး ကွန်ဗင်းရှင်းမှ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် မြန်မာနိုင်ငံ၏(၅)ခုမြောက် နိုင်ငံတကာအရေးပါသည့် ရေဝပ်ဒေသ သို့မဟုတ် ရမ်ဆာထိန်းသိမ်းရေးနယ်မြေ(Wetland of International Importance- Ramsar Site) (Site No. 2356)အဖြစ် တရားဝင် အသိအမှတ်ပြု သတ်မှတ်လိုက်ကြောင်း အဆိုပါကွန်ဗင်းရှင်း၏ အင်တာနက်စာမျက်နှာတွင် စက်တင်ဘာလ ၇ ရက်နေ့က ထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်းတွင်းရေအိုင်ကြီးတစ်ခုဖြစ်ပြီး ထူးခြားသည့် ရေဝပ်ဒေသဂေဟာစနစ်နှင့် ရှားပါးမျိုးစိတ်များ တည်ရှိနေမှု၊ ဆောင်းခိုငှက်များကျရောက်ကျက်စားမှု၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝမှုတို့ကြောင့် ထင်ရှားသည့် ရေအိုင်ကြီးတစ်ခုလည်းဖြစ်သည်။ အင်းလေးကန်ကို ရေဝပ်ဒေသဂေဟာစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ၁၉၈၅ခုနှစ်တွင် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဟူ၍ အင်းလေးကန်နှင့် စကားအင်း၊ မိုးဗြဲရေလှောင်တမံတို့အပါအဝင် စုစုပေါင်း ဧရိယာအကျယ်အဝန်း(၁၃၁,၈၈၇.၇၇)ဧက၊ စတုရန်းမိုင်(၂၀၆.၀၇)မိုင်ကို အမိန့်ထုတ်ပြန်ကြေညာခဲ့ပြီး သတ်မှတ်ကာကွယ်ထိန်းသိမ်းထားပါသည်။ အင်းလေးကန်သည် နိုင်ငံတကာအဆင့် ထိန်းသိမ်းရေးနယ်မြေများအဖြစ်လည်း ၂၀၀၃ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်(ASEAN Heritage Park)၊ ၂၀၀၄ခုနှစ်တွင် အရေးပါသည့် ငှက်မျိုးစိတ်နှင့် ဇီဝမျိုးစုံမျိုးကွဲနယ်မြေ (Important Bird and Biodiversity Area-IBA)၊ ၂၀၁၅ ခုနှစ်တွင် ယူနက်စကို၏ လူသားနှင့်ဇီဝအဝန်းနယ်မြေအစီအစဉ် (UNESCO Man and the Biosphere Reserve Programme-MAB)တွင်ပါဝင်သည့် ဇီဝအဝန်းနယ်မြေ(Biosphere Reserve)တို့အဖြစ် သတ်မှတ်ခံထားရပြီးဖြစ်ပါသည်။

ယခု ထပ်မံအတည်ပြုသတ်မှတ်ခံရသည့် နိုင်ငံတကာ အရေးပါသည့် ရေဝပ်ဒေသ(ရမ်ဆာထိန်းသိမ်းရေးနယ်မြေ)သည် အင်းလေးကန်ကြီးအတွင်းရှိ ငှက်မျိုးစိတ်များ၊ ငါးမျိုးစိတ်များ အဓိကပေါက်ဖွားရာ နေရင်းဒေသနှင့် ဆောင်းခိုငှက်များကျရောက် ကျက်စားရာနယ်မြေများပါဝင်နေသည့် ညောင်ရွှေမြို့





နယ်အပိုင်း အင်းလေးကန်ရေပြင်ဧရိယာနှင့် သဘာဝကျွန်းမျောဧရိယာများပါဝင်ပြီး စုစုပေါင်းဧရိယာ (၁၄၃၂၆.၁၈)ဧက၊ (၅၇၉၇.၆ ဟက်တာ)ကို ရမ်ဆာထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အင်းလေးကန်ရမ်ဆာထိန်းသိမ်းရေးနယ်မြေကို ရမ်ဆာကွန်ဗင်းရှင်းမှ သတ်မှတ်ထားသည့် ရမ်ဆာ ထိန်းသိမ်းရေးနယ်မြေများဆိုင်ရာ စံသတ်မှတ်ချက် ၉ ချက်အနက် ၆ ချက်ဖြင့်ကိုက်ညီကြောင်း၊ မြန်မာနိုင်ငံအတွက်သာမက နိုင်ငံတကာအဆင့်အရေးပါသည့် ရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်ကြောင်းတို့ကို သစ်တောဦးစီးဌာနမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာ အစိုးရဌာနများ၊ ဒေသခံများ၏ သဘောတူညီချက်ဖြင့် ရမ်ဆာကွန်ဗင်းရှင်းသို့ ၂၀၁၇ခုနှစ်၊ ဖွန်လ၌ စတင်အဆိုပြုတင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ၏ အဆိုပြုတင်ပြချက်အပေါ် ရမ်ဆာကွန်ဗင်းရှင်း၏ သက်ဆိုင်ရာကျွမ်းကျင်သူများမှ စိစစ်ပြီးအတည်ပြုလက်ခံ သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် တရားဝင်အနေဖြင့် ၎င်းတို့၏ အင်တာနက် စာမျက်နှာတွင် မြန်မာနိုင်ငံ၏(၅)ခုမြောက် ရမ်ဆာထိန်းသိမ်းရေးနယ်မြေ (Site No. 2356) အဖြစ် သတ်မှတ်ကြေညာခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရမ်ဆာကွန်ဗင်းရှင်းသို့ ၂၀၀၅ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး ရေဝပ်ဒေသများ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ရမ်ဆာကွန်ဗင်းရှင်း (Ramsar Convention)ဟု လူသိများသည့် ရေဝပ်ဒေသများဆိုင်ရာ ကွန်ဗင်းရှင်း(The Convention on Wetlands)ကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အီရန်အစ္စလာမစ်သမ္မတနိုင်ငံ၊ ရမ်ဆာမြို့၌ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၇၀ နိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်ထားပြီး အဖွဲ့ဝင်နိုင်ငံအသီးသီးရှိ ရေဝပ်ဒေသများကို ရေရှည်တည်တံ့စေရန်၊ ပြည်သူများမှ စဉ်ဆက်မပြတ်အသုံးပြုနိုင်မှုကို ထိန်းသိမ်းရေးနှင့် ဟန်ချက်ညီ စနစ်တကျ ဖော်ဆောင်နိုင်ရန်တို့အတွက် ရည်ရွယ်ပြီး ဆောင်ရွက်နေသည့် ကွန်ဗင်းရှင်းတစ်ခုလည်းဖြစ်သည်။ နိုင်ငံတကာ အရေးပါသည့် ရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေများကို ရေဝပ်ဒေသဂေဟစနစ် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်းနှင့် ရေရှည်အကျိုးရှိစွာ အသုံးပြုခြင်းတို့အတွက် ရမ်ဆာနယ်မြေ (Ramsar Site) များအဖြစ် သတ်မှတ်ပေးလျက်ရှိသည်။ ကွန်ဗင်းရှင်းမှ အတည်ပြုသတ်မှတ်ပေးထားသည့် ရမ်ဆာနယ်မြေစုစုပေါင်း (၂၃၆၀)ကျော်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ရမ်ဆာထိန်းသိမ်းရေးနယ်မြေ စုစုပေါင်း ၅ခု အထိသတ်မှတ်ခံထားရပြီးဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပျဉ်ပုံကြီးကျေးရွာအနီးရှိ မိုးယွန်းကြီးအင်း၊ ၂၀၁၆ခုနှစ်တွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးကန်၊ ၂၀၁၇ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ မိန်းမလှကျွန်းနှင့် မုတ္တမပင်လယ်ကွေ့ဒေသ(မွန်ပြည်နယ်အပိုင်း)တို့ကိုသတ်မှတ်ထားရှိခံရပြီးဖြစ်သည်။ ရမ်ဆာရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေများသည် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးကိုသာမက ဒေသခံပြည်သူများအတွက် ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်မှုတို့အတွက် အရေးပါမှုတို့ကို စံသတ်မှတ်ချက် ၉ ချက်နှင့် သတ်မှတ်ထားရှိပြီး ရေရှည်တည်တံ့စေရေးကို သက်ဆိုင်ရာ နိုင်ငံအစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများမှ ပူးပေါင်းစီမံအုပ်ချုပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ထူးခြားကောင်းမွန်သည့် ရေဝပ်ဒေသ ဂေဟစနစ်ကို ကိုယ်စားပြုသည့် နယ်မြေများစွာရှိပြီး ကွန်ဗင်းရှင်း၏ စံသတ်မှတ်ချက်များနှင့်ကိုက်ညီမှုကိုဆန်းစစ်၍ ဆက်လက်အဆိုပြုတင်ပြသွားရန် သစ်တောဦးစီးဌာနမှစီစဉ်လျက်ရှိကြောင်း သိရှိရသည်။

အင်းလေးကန် ရမ်ဆာရေဝပ်ဒေသ (၅၇၉၇.၅၅ ဟက်တာ)



# သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ ဂေဟစနစ်ဝန်ဆောင်မှုတန်ဖိုးများကိုလေ့လာခြင်း



ဝေဖြိုးသူ (တောအုပ်ကြီး)၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်

သဘာဝထိန်းသိမ်းရေးနယ်မြေများသည် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ခြင်းအတွက် အရေးပါသည့် အခြေခံအုတ်မြစ် ဖြစ်ပါသည်။ ထို့အပြင် သစ်တောပြုန်းတီးခြင်းကို လျှော့ချခြင်းမှာလည်း အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ စုစုပေါင်း(၄၂)ခုတည်ထောင်ပြီး (၁၉)ခုကို သဘာဝအခြေခံခရီးသွားနယ်မြေအဖြစ် သတ်မှတ်ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ သဘာဝထိန်းသိမ်းရေးနယ်မြေများသည် အန္တရာယ်အမျိုးအမျိုးဖြင့် ရင်ဆိုင်နေရပါသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ ဂေဟစနစ်ကုန်စည်နှင့်ဝန်ဆောင်မှုတန်ဖိုးများကို သိရှိနားလည်ခြင်း မရှိသောကြောင့်ဖြစ်ပါသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ ဂေဟစနစ်ကုန်စည်နှင့် ဝန်ဆောင်မှုတန်ဖိုးများသည် ဈေးကွက်တွင် စီးပွားရေးငွေကြေးဖြင့် တန်ဖိုးဖြတ်၍မရနိုင်ပါ။ **ဂေဟစနစ်တန်ဖိုးဆိုသည်မှာ** ဂေဟစနစ် ဝန်ဆောင်မှုနှင့် ကုန်စည်များကို တိုက်ရိုက်(သို့) သွယ်ဝိုက်အသုံးပြုခြင်းနှင့်အသုံးပြုခြင်းမရှိသော်လည်း ကာကွယ်လိုခြင်းတန်ဖိုးဖြစ်ပါသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုတွင် အသုံးပြုမှုတန်ဖိုးနှင့် ကာကွယ်လိုစိတ်ရှိသည့် တန်ဖိုးဟူ၍(၂)မျိုးရှိပါသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခု၏ စုစုပေါင်းဂေဟစနစ်ကုန်စည်နှင့် ဝန်ဆောင်မှုတန်ဖိုးများကို ပုံ(၁)တွင် ရှင်းလင်းထားပါသည်။




ပုံ(၁) သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခု၏ စုစုပေါင်းတန်ဖိုး

အနာဂတ်အသုံးပြုနိုင်သည့် တန်ဖိုးနှင့် အသစ်ရှာဖွေတွေ့ရှိမှုတန်ဖိုးတို့သည် အသုံးပြုမှုတန်ဖိုးနှင့် ကာကွယ်လိုစိတ်ရှိသည့် တန်ဖိုး(၂)ခုလုံးတွင် ပါဝင်ပါသည်။ ထပ်မံလေ့လာရန်လိုအပ်ပါသေးသည်။

**အသုံးပြုမှုတန်ဖိုးများ** (Use Values)

ဂေဟစနစ်ကုန်စည်နှင့် ဝန်ဆောင်မှုများကို အသုံးပြုသူတစ်ဦးတစ်ယောက်မှ တိုက်ရိုက်(သို့) သွယ်ဝိုက်ရရှိသော အကျိုးကျေးဇူးတန်ဖိုးဖြစ်ပါသည်။ ဥပမာ-သစ်၊ မြေတိုက်စားမှု လျော့နည်းစေခြင်း၊ မြေဆီလွှာ ကောင်းမွန်စေခြင်း၊

**တိုက်ရိုက်အသုံးပြုမှုတန်ဖိုး** (Direct Use Values)

ဂေဟစနစ် ကုန်စည်နှင့်ဝန်ဆောင်မှုများကို တိုက်ရိုက်အသုံးပြုခြင်းမှရရှိသော အကျိုးကျေးဇူးတန်ဖိုးဖြစ်ပါသည်။ ဥပမာ- အပန်းဖြေအနားယူခြင်း၊ အမဲလိုက်ခြင်း၊ သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းထုတ်ယူခြင်း၊

**သွယ်ဝိုက်အသုံးပြုမှုတန်ဖိုး**(Indirect Use Values)

ဂေဟစနစ် ကုန်စည်နှင့်ဝန်ဆောင်မှုများကို သွယ်ဝိုက်အသုံးပြုခြင်းမှရရှိသော အကျိုးကျေးဇူးတန်ဖိုး ဖြစ်ပါသည်။ ဥပမာ – သဘာဝဘေးအန္တရာယ်လျှော့ချပေးခြင်း၊ ရေသန့်စင်ပေးခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်စုပ်ယူ ထိန်းပေးခြင်း၊

**ထုတ်ယူခြင်းဖြင့် တိုက်ရိုက်အသုံးပြုမှုတန်ဖိုး** (Consumptive Use Values)

ဂေဟစနစ် ကုန်စည်နှင့်ဝန်ဆောင်မှုများကို တိုက်ရိုက်ထုတ်ယူသုံးစွဲခြင်းမှ ရရှိသောအကျိုးကျေးဇူးတန်ဖိုးဖြစ်ပါသည်။ ဥပမာ- အသေးစားသစ်တောထွက်ပစ္စည်း၊ သစ်၊ ထင်း၊ မီးသွေး၊ ဆေးဖက်ဝင်ပစ္စည်းများ၊

**ထုတ်ယူခြင်းမရှိဘဲ တိုက်ရိုက်အသုံးပြုမှုတန်ဖိုး**(Consumptive Use Values)

ဂေဟစနစ် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်ယူခြင်းမရှိဘဲ တိုက်ရိုက်သုံးစွဲခြင်းမှ ရရှိသောအကျိုးကျေးဇူးတန်ဖိုးဖြစ်ပါသည်။ ဥပမာ- အပန်းဖြေအနားယူခြင်း၊ မျက်စိပဒေသအလှအပများ၊ သုတေသနနှင့် ပညာရပ်ဆိုင်ရာဝန်ဆောင်မှုများ၊

**ကာကွယ်လိုစိတ်ရှိသည့်တန်ဖိုး** (Non-use Values)

ဂေဟစနစ် ကုန်စည်နှင့်ဝန်ဆောင်မှုများကို လက်ရှိ နှင့် အနာဂတ်အသုံးပြုရခြင်း မရှိသော်လည်း ကာကွယ်လိုစိတ်ရှိသည့် တန်ဖိုးဖြစ်ပါသည်။

**မျိုးဆက်သစ်များ အသုံးပြုနိုင်မှုတန်ဖိုး** (Bequest Values)

ဂေဟစနစ်ကုန်စည်နှင့် ဝန်ဆောင်မှုများကို ပျက်စီးယိုယွင်းခြင်းမရှိစေဘဲ အနာဂတ်မျိုးဆက် အသုံးပြုရန်အတွက် တာဝန်သိစိတ်ဖြင့် ကာကွယ်ထားလိုသည့် တန်ဖိုးဖြစ်ပါသည်။

**တည်ရှိနေတန်ဖိုး**(Existence Values)

ဂေဟစနစ် ကုန်စည်နှင့်ဝန်ဆောင်မှုများကို အသုံးမပြုရသော်လည်း တည်ရှိနေသည်ကိုသိရုံမျှဖြင့် စိတ်ကျေနပ်မှုရရှိစေသော တန်ဖိုးဖြစ်ပါသည်။ ဥပမာ-သဘာဝအခြေခံခရီးသွားနယ်မြေတစ်ခုကို သွားရောက်လည်ပတ်ခြင်းမရှိသော်လည်း ၎င်းတည်ရှိနေခြင်းကို သိနေရုံမျှဖြင့် ကာကွယ်လိုသည့်တန်ဖိုး၊

**အနာဂတ်အသုံးပြုနိုင်သည့်တန်ဖိုး** (Option Values)

ဂေဟစနစ်ကုန်စည်နှင့် ဝန်ဆောင်မှုများကို အသုံးပြုရရန် မသေချာသော်လည်း အနာဂတ်တွင် အသုံးပြုရန်အတွက် ကာကွယ်ထားလိုသည့်တန်ဖိုး ဖြစ်ပါသည်။ ဥပမာ-သဘာဝအခြေခံခရီးသွားနယ်မြေတစ်ခုကို လက်ရှိလည်ပတ်ခြင်းမပြုသော်လည်း အနာဂတ်တွင် သွားရောက်လည်ပတ်ရန်အတွက် ကာကွယ်ထားလိုသည့်တန်ဖိုး၊

**အသစ်ရှာဖွေတွေ့ရှိမှုတန်ဖိုး**(Quasi-Option Values)

ဂေဟစနစ် ကုန်စည်နှင့်ဝန်ဆောင်မှုများကို လက်ရှိဖွံ့ဖြိုးရေးလုပ်ငန်းများမှ ထိခိုက်ပျက်စီးမှုမရှိစေဘဲ အနာဂတ်တွင် အသစ်ရှာဖွေတွေ့ရှိမှုများမှရရှိမည့် အနာဂတ်အကျိုးကျေးဇူးတန်ဖိုးဖြစ်ပါသည်။ ဥပမာ-ဆေးဝါးအသစ်များ၊

သဘာဝပတ်ဝန်းကျင်ကို အသုံးပြုသူများလာသည့်အပြင် သဘာဝထိန်းသိမ်းရေးနယ်မြေများကို ကာကွယ်ထိန်းသိမ်းရန် ရန်ပုံငွေရရှိမှု လျော့နည်းလာသောကြောင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ အဆင့်အတန်းလျော့ကျလာပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၀-၂၀၁၅ ခုနှစ်(၅)နှစ်တာကာလအတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေများကို ကာကွယ်ထိန်းသိမ်းရန်အတွက် တစ်နှစ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁.၉ မီလီယံ အသုံးပြုခဲ့ပါသည်။ သို့သော်လည်း ၎င်းပမာဏသည် သဘာဝထိန်းသိမ်းရေးနယ်မြေ၏ တစ်စကွဲယားကီလိုမီတာတွင် အမေရိကန်ဒေါ်လာ၄၃ ဒေါ်လာသာ အသုံးပြုနိုင်ခဲ့ပါသည်။ ထိုပမာဏသည် သဘာဝထိန်းသိမ်းရေးနယ်မြေများ ထိန်းသိမ်းကာကွယ်ခြင်းအတွက် အလွန်နည်းသော ပမာဏဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများသည် ဝင်ငွေအနည်းငယ်(သို့)ဝင်ငွေမရှိကြပါ။ ထို့အပြင် ၎င်းတို့မှရရှိလာသော အခကြေးငွေများကို ပြန်လည်ထိန်းသိမ်းရာတွင် အသုံးပြုမည့်စနစ်မရှိသေးပါ။ သဘာဝထိန်းသိမ်းရေးနယ်မြေများမှရရှိသော ဝင်ငွေနည်းသောကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို တန်ဖိုးနည်းစွာရှိခြင်း၊ လစ်လျူရှုခြင်း၊ ငွေကြေးနှင့်ဆက်စပ်မှုမရှိဟု သတ်မှတ်ခြင်းတို့ကြောင့် ၎င်းတန်ဖိုးများ ဆုံးရှုံးသွားနိုင်ပါသည်။

စဉ်ဆက်မပြတ်သော ရန်ပုံငွေရရှိရန်နှင့် အများပြည်သူတို့ ဂေဟစနစ် ကုန်စည်နှင့်ဝန်ဆောင်မှု တန်ဖိုးများကို ကောင်းစွာနားလည်သဘောပေါက်ရန် ၎င်းတို့၏ တန်ဖိုးများနဲ့ ဆက်နွယ်သော လုံလောက်သည့်သတင်းအချက်အလက်များသည် အရေးပါလာပါသည်။ သို့သော်

လည်း သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ ဂေဟာစနစ်ကုန်စည်နှင့်ဝန်ဆောင်မှုများ အသုံးပြုမှုကို သမရိုးကျဈေးကွက်နည်းလမ်းများဖြင့် တန်ဖိုးဖြတ်၍မရခြင်း(သို့) တစ်စိတ်တစ်ပိုင်းသာ တန်ဖိုးဖြတ်ခြင်းများကြောင့် သဘာဝထိန်းသိမ်းရေးနယ်မြေများသည် တန်ဖိုးမရှိခြင်း(သို့)အမှန်တန်ဖိုးထက်နည်းခြင်းတို့ဖြင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ အချို့သော ကုန်စည်နှင့်ဝန်ဆောင်မှုများသည် ဈေးကွက်၌ စီးပွားရေးငွေကြေးဖြင့် တန်ဖိုးဖြတ်၍ (ဥပမာ– သစ်၊ ထင်း၊ဆေးဝါးထွက်ကုန်စသည်ဖြင့်)ရသော်လည်း အပန်းဖြေအနားယူခြင်း၊အလှအပနှင့် မျက်စိပဒေသများကဲ့သို့သော ဝန်ဆောင်မှုများကို စီးပွားရေးငွေကြေးဖြင့် တန်ဖိုးဖြတ်ရန်ခက်ခဲပါသည်။ သဘာဝသယံဇာတများ၏ ငွေကြေးတန်ဖိုးသည် ၎င်းတို့ထုတ်ယူသုံးစွဲခြင်းမှရရှိလာသော ငွေကြေးတန်ဖိုးထက်များပြားပါသည်။ ဂေဟာစနစ် ကုန်စည်နှင့်ဝန်ဆောင်မှုများသည် တန်ဖိုးရှိသော်လည်း ၎င်းတို့ကို သမရိုးကျဈေးနှုန်း သတ်မှတ်ခြင်းနည်းလမ်းများဖြင့် သတ်မှတ်၍မရနိုင်ပါ။ ထိုကြောင့် Pigou (1938)သည် ဂေဟာစနစ်ကုန်စည်နှင့် ဝန်ဆောင်မှုများကို တွက်ချက်တန်ဖိုးဖြတ်ရန် စီးပွားရေးငွေကြေးကို အခြေခံသော တန်ဖိုးဖြတ်ခြင်းနည်းလမ်းများ(Non-market Valuation Methods) ကိုအကြံပြုခဲ့ပါသည်။

**လှော်ကားဥယျာဉ်၏ အပန်းဖြေအနားယူမှုဆိုင်ရာ ဝန်ဆောင်မှုတန်ဖိုးကို ခန့်မှန်းတွက်ချက်ခြင်း**

သဘာဝထိန်းသိမ်းရေးနယ်မြေ၏ အမှန်ငွေကြေးတန်ဖိုးသည် အကြောင်းအရင်းများစွာတို့ကြောင့် အရေးကြီးလှပါသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေအတွက် ရန်ပုံငွေခွဲဝေခြင်းနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များ ပြုလုပ်ရသောအခါ ၎င်း၏ဂေဟာစနစ်ကုန်စည်နှင့် ဝန်ဆောင်မှုငွေကြေးတန်ဖိုးသည် အရေးကြီးပါသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းမှရရှိလာသော စီးပွားရေးငွေကြေးတန်ဖိုးသည် အပန်းဖြေအနားယူမှုဆိုင်ရာ ဝန်ဆောင်မှုတန်ဖိုး၏ အနည်းငယ်သော အစိတ်အပိုင်းတစ်ခုသာလျှင် ဖြစ်ပါသည်။

ထို့ကြောင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ဖြစ်သည့် လှော်ကားဥယျာဉ်၏ အနားယူအပန်းဖြေမှုဆိုင်ရာ ဝန်ဆောင်မှုတန်ဖိုးကို ၂၀၁၇ ခုနှစ်တွင် ခရီးသွားကုန်ကျစရိတ်နည်းလမ်း (Travel Cost Method-TCM) အသုံးပြု၍ တွက်ချက်လေ့လာခဲ့ပါသည်။ ခရီးသွားကုန်ကျစရိတ်နည်းလမ်းသည် သဘာဝအခြေခံ ခရီးသွားနယ်မြေများကို တန်ဖိုးဖြတ်ရာတွင် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါသည်။ ခရီးသွားကုန်ကျစရိတ်နည်းလမ်းသည် ခရီးသွားဧည့်သည်များ လှော်ကားဥယျာဉ်ကို လာရောက်လည်ပတ်ရာတွင်အသုံးပြုသည့် ကုန်ကျစရိတ်ကို ဥယျာဉ်၏တန်ဖိုးဟုကိုယ်စားသတ်မှတ်၍ တွက်ချက်ခြင်းဖြစ်ပါသည်။ ဤသုတေသနစာတမ်းတွင် ဥယျာဉ်၏အပန်းဖြေအနားယူမှုဆိုင်ရာ ဝန်ဆောင်မှုတန်ဖိုးမှလွဲ၍ အခြားသောဂေဟာစနစ်ကုန်စည်နှင့် ဝန်ဆောင်မှုတန်ဖိုးများကို ထည့်သွင်းတွက်ချက်ခြင်း မပြုလုပ်နိုင်ခဲ့ပါ။

သုတေသနစာတမ်း၏ ရလဒ်များအရ လှော်ကားဥယျာဉ်၏ အပန်းဖြေအနားယူမှုဆိုင်ရာ ဝန်ဆောင်မှု တန်ဖိုးမှာ ကျပ် ၁၁,၅၄၃,၇၅၀,၆၉၇(အမေရိကန် ဒေါ်လာ ၈.၄၅မီလီယံ)ဖြစ်ပါသည်။ လှော်ကားဥယျာဉ်၏ မေလ၊ ၂၀၁၆ မှ ဧပြီလ၊၂၀၁၇ ခုနှစ်အထိ စုဆောင်းရရှိသော ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၀၇,၀၄၉ ဖြစ်ပါသည်။ ထို့ကြောင့် သုတေသနရလဒ်၏ အပန်းဖြေအနားယူမှုဆိုင်ရာဝန်ဆောင်မှုတန်ဖိုးနှင့် ခရီးသွားလုပ်ငန်းမှရရှိသော စီးပွားရေးတန်ဖိုးတို့သည် များစွာကွာခြားပါသည်။ ခရီးသွားလုပ်ငန်းမှစုဆောင်းရရှိသော စီးပွားရေးတန်ဖိုးသည် သုတေသနစာတမ်းတွင် တွက်ချက်ထားသော စီးပွားရေးတန်ဖိုး၏ ၃.၆၃%သာလျှင်ရှိပါသည်။ ဤစာတမ်း၏ရလဒ်သည် ခရီးသွားနယ်မြေများ၏ အရေးပါမှုကို သတိပြုနိုင်ပါလိမ့်မည်။ အများပြည်သူ၊ ဥယျာဉ်ဝန်ထမ်းနှင့် ဆက်စပ်ပတ်သက်သူများသည် အပန်းဖြေဥယျာဉ်တစ်ခု၏ အပန်းဖြေအနားယူမှုဆိုင်ရာ ဝန်ဆောင်မှုတန်ဖိုးကို သိရှိနားလည်ပါလိမ့်မည်။ မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ကုန်စည်နှင့် ဝန်ဆောင်မှုများကို သိပ္ပံနည်းကျနည်းလမ်းများဖြင့်တွက်ချက်ရန် လိုအပ်ပါသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အမှန်တန်ဖိုးများကို သိရှိမှသာလျှင် ရန်ပုံငွေအား ဦးစားပေးနယ်မြေများအလိုက် သတ်မှတ်ပေးနိုင်ပါမည်။ အပန်းဖြေအနားယူမှုဆိုင်ရာ ဝန်ဆောင်မှုတန်ဖိုးများကို တိကျစွာသတ်မှတ်နိုင်ခြင်းသည် သစ်တောသယံဇာတ စီမံခန့်ခွဲမှုအတွက် များစွာအထောက်အကူပြုနိုင်ပါလိမ့်မည်။ စီးပွားရေးငွေကြေးဖြင့် တန်ဖိုးဖြတ်၍ရသော အခြားသော အသုံးချမှုများနှင့်နှိုင်းယှဉ်နိုင်ပါသည်။ ထိုသို့နှိုင်းယှဉ်နိုင်ရန်အတွက် တူညီသောအခြေခံရရှိရန် စီးပွားရေးငွေကြေးတန်ဖိုးမရှိသော ဂေဟာစနစ်ကုန်စည်နှင့် ဝန်ဆောင်မှုများကို စီးပွားရေးငွေကြေးတန်ဖိုးများ သတ်မှတ်ရန်လိုအပ်ပါသည်။ ထို့ကြောင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အမှန်တည်ရှိသည့်တန်ဖိုးကို သိရှိခြင်းသည် အရေးကြီးပါသည်။

**ကျမ်းကိုးစာရင်း**

**၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော မဟာသိပ္ပံကျမ်း**(Recreational Use Value of Hlawga Park in Myanmar: An Application of Travel Cost Method )**မှ ကောက်နုတ်တင်ပြပါသည်။**

# အမှတ်တရ နွေဦးခြေလှမ်းများ



မြင့်မြင့်စိုး(တောခေါင်း)၊ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

တို့ဝန်ထမ်းတွေအားလုံး ဒီလကုန်ရင် သမင်စာရင်းကောက်ရမဲ့ချိန် ရောက်ပြီနော်ဟု အုပ်ချုပ်ရေးမှူးမှပြောကြားလာသောအခါ ကျွန်မတို့အားလုံး သမင်ခန့်မှန်းကောင်ရေ စာရင်းကောက်ယူရန် ကြိုတင်ပြင်ဆင်ကြရပါသည်။ ပထမဦးဆုံး Field Data Form ကို ကွန်ပျူတာရှေ့ထိုင်ရိုက်လိုက်ပါသည်။ Field Data ရိုက်ပြီးနောက် Field Equipments (Compass, Rangefinder, GPS,etc...) စသည်များစစ်ဆေးခြင်း၊ စုဆောင်းခြင်းပြုလုပ်ကြပါသည်။ မတ်လ ၂၉ ရက်နေ့ သမင်စာရင်းကောက်အဖွဲ့တွေအတွက် ဈေးဝယ်ကြရအောင် စဖိုမှူးကြီးဒေါ်ပိန်က ဆော်အောလိုက်သောအခါများပြားလှသော ဝန်ထမ်း အင်အားများထဲမှ ဒီလူများပင်ဈေးဝယ်ထွက်ကြရပြန်ပါပြီ။ ဈေးဝယ်ခြင်း၊ ချက် ပြုတ်ခြင်း၊ ဟင်းထမင်းစားဖွယ်များကို စီမံရာမှာ ဒေါ်ပိန်နှင့်အတူ ဝယ်ယူပိုင်း ဝန်းဆောင်ရွက်ရာ တစ်နေကုန်သွားပါတော့သည်။

မတ်လ(၃၀)ရက်နေ့ တချို့ကဆိုင်ကယ်နှင့် စားနပ်ရိက္ခာနှင့် သောက်ရေ အားနွားလှည်းငှါး၍ (ယခင်က ထွန်စက်ဖြင့်) ဝန်ထမ်းအားလုံး အိပ်ရာလိပ်ကိုယ်စီ ကျောပိုးအိတ်များနှင့် ညအိပ်ရန် စမ်းမြောင်စခန်းသို့ ရောက်ရှိပါတော့သည်။ စားနပ်ရိက္ခာများအား ဝန်ထမ်းအားလုံးဝိုင်းဝန်းနေရာချထားပြီး မနက်ဖြန် တွင်လုပ်မည့် ပါမိနစ်လိုင်းအလိုက် သမင်စာရင်းကောက်မဲ့သူတွေကို စိစစ်လိုက် ပါအုံးဟု တောအုပ်ကြီးမှ မိမိအားသတိပေးလိုက်သောအခါ အရန်သင့်ရေးထား သော လူစာရင်းကိုထုတ်ပေးလိုက်ပါသည်။ အုပ်မှူး၊ အုပ်ကြီး၊ အုပ်ကလေးများနှင့် ဝန်ထမ်းအားလုံးတိုင်ပင်ခြင်း လူစာရင်းတွဲပြီးသကာလ မြေပြင်တွင် သတ်မှတ်ထား သော ပါမိနစ်လိုင်းအလိုက် စာရင်းကောက်ယူရန် မဲနှိုက်ကျပြန်ပါသည်။

မတ်လ(၃၁)ရက် မနက်(၃)နာရီ ဒေါ်ပိန်၏ လက်စွမ်းပြချက်ပြုတ်ခြင်း ကြောင့် တစ်ဆောင်ထဲပေါင်းအိပ်သည့် ကျွန်မတို့အမျိုးသမီးဝန်ထမ်းများ နိုးရပါ တော့သည်။ မိမိသည် ကွင်းဆင်းစာရင်းကောက်ယူရမည်ဖြစ်သဖြင့် ဒေါ်ပိန်အား ချက်ပြုတ်ခြင်း ဝိုင်းမလုပ်နိုင်တော့ပါ။ စာရင်းကောက်ယူရာတွင် လိုင်းအားလုံး နံနက်(၆)နာရီ တွင်စတင်ကောက်မည်ဖြစ်သောကြောင့် နံနက်(၄)နာရီ ဝန်ထမ်း အားလုံးထကြဖို့ လိုက်လံနှိုးကြပါတော့သည်။

ဝန်ထမ်းများကိုယ်စီ စားဖိုဆောင်သို့ ရောက်လာကြသောအခါ စားဖိုးမှူး ၏လက်ရာ ထမင်းပူပူနှင့်လက်ဖက်သုပ်ကို အားပါးတရလွေးကြပါတော့သည်။ နံနက်စောစာ စားပြီးနောက် ကွင်းဆင်းအဖွဲ့အား တာဝန်ကျရာလိုင်းအတွက် Data Sheet, Compass, Pen, Click book, GPS စသည့် equipment များ စိစစ်ပေးဝေခြင်းဆောင်ရွက်ရပါသည်။ ပထမနေ့စာရင်းကောက်ယူခြင်း မိမိနှင့် တောကြပ်ဝန်ထမ်းနှစ်ဦးသည် လိုင်း(၃) တောင်ဘက်သို့ တာဝန်ကျရာ သမင် စာရင်းကောက်ခြင်းစတင် ဆောင် ရွက်ပါသည်။ လိုင်းအစတွင်ရပ်၍ နေ့စွဲ စတင်ကောက်သည့်အချိန်၊ စာရင်း ကောက်ယူသူအမည်၊ ခြေလှမ်းအစ မီတာ၊တောအမျိုးစား၊ GPS Position နှင့်အခြားထူးခြားချက်များကို စတင် မှတ်ရပါသည်။ 'တောကြပ်ကြီးရေ တောမီးက ဒီနေရာမလောင်ထားတော့ ငါတို့တော့ ခြေသံကိုခါတိုင်းထက် ပိုလုံမှဖြစ်မယ် ခင်ဗျားကလိုင်းရဲ့အ နောက်ဘက်ခြမ်းကို သေချာကြည့်ပါ ကျွန်မက အရှေ့ဘက်ခြမ်းကို သေချာ ကြည့်မယ်'ဟုဆိုကာ စာရင်းကောက် ယူခြင်း စတင်ဆောင်ရွက်ပါတော့ သည်။ မိမိသည် လိုင်းတစ်လျှောက် တွေ့ရှိသော တောရိုင်းတိရစ္ဆာန်များ၏ လက္ခဏာများ တောထိခိုက်မှုအခြေအ နေများအားရေးမှတ်ခြင်းဆောင်ရွက် နေပါသည်။ မီတာ ၁၅၀၀ အရောက် ဒီနားမှာ မြက်နုပေါက်လေးတွေ ပေါ တယ်နော်ဟု တိုးတိုးပြောနေစဉ် ပြေး သွားသော သမင်အုပ်စုလေးကို တွေ့ရ ပါတော့သည်။ ကျွန်မတို့သည် သမင် တွေ့ရှိရာ လိုင်းနေရာတွင်ခဏရပ်၍ စတင်တွေ့ချိန် ၀၆း၂၃ နာရီ၊ မြင် တွေ့အကွာအဝေး ၇၀ မီတာ၊မြင်တွေ့

ဒီဂရီ၅၀၊ မြင်တွေ့ကောင်ရေ ၅ကောင်၊ (၁)အထီး/ (၂) အမ/(၁)ကလေး/(၁)မသိ၊ တောအမျိုးစားစသည်များကို မှတ်တမ်းရေးသားခြင်းလုပ်ဆောင်ရပါသည်။ ဆက်၍ စာရင်းကောက်ယူခြင်းဆောင်ရွက်ရာ 'ဟာ--မြွေ-- မြွေ' ဟု မိမိလုပ်ဖော်ကိုင်ဖက်မှ အလန့်တကြားအော်လိုက်ရာ မိမိမျက်စိသည် ၄၅ ဒီဂရီအဝေးသို့ သမင်အားသတိထားရှာဖွေကြည့်နေရာမှ မိမိနောက်သို့ပြန်လှည့်မေးလိုက်ရာ နင့်ခြေထောက်ကြားမှာ ဟူသောအဖြေကို ကြားကြားခြင်း ခေါင်းနဘမ်းကြီးစွာ မည်သို့မည်ပုံ ခုန်လိုက်သည်မသိ ဘာမြွေလဲ၊ ဘာမြွေလဲ ဟုသာမေးမိပါ တော့သည်။ နင် မြွေကောင်းမို့သာ တော်သေးတယ်နော် ဟု တောကြပ်ကြီးမှ ညည်းတွားပြောပါသည်။ အမှန်တော့ မိမိသည် အရေခွံလဲပြီး ငြိမ်သက်စွာ နေပူစာလှုံနေသောမြွေကို ကိုင်းခြောက်ဟုထင်ကာ ကျော်သွားခြင်းကို လုပ်ဖော်ကိုင်ဖက်မှ အော်၍သတိပေးခြင်းဖြစ်ပါသည်။ မြွေသည်လည်း အရေခွံလဲပြီးစ ထင်ပါသည် မိမိအော်သံကြောင့် ဖြည်းလေးစွာတောင်ပို့ခေါင်းထဲသို့ ဝင်သွားပါတော့သည်။ ဟိုမှာ တယ်သီးတွေမှည့်နေပြီ ဟော့-ဒီမှာသမင်ခြေရာလေးတွေ အသီးလည်းစားထားတယ်ဟာ စားမြုံ့ပြန်ထားတယ် ပြောကြပြီး လတ်ဆတ်ချိုမွေးသော တယ်သီးမှည့်များကို မိမိတို့လည်းကောက်ယူစားကြပါသည်။ ဆက်၍လျှောက်ခဲ့ရာ ဟော့ဘာသံတွေလဲ နားထောင်စမ်း မကြာမီ ကိုရွှေမျောက်တို့အုပ်စုအော်ဟစ်၍ မိမိတို့ရှေ့မှဖြတ်သွားပြန်ပါသည်။ Data ထဲတွင်တွေ့ရှိမှုများ ရေးသားပြီး ဆက်၍ဆက်၍ စာရင်းကောက်ကြပြန်ပါသည်။

စာရင်းကောက်လိုင်းဆုံး ရောက်သောအခါ နေမင်းကြီးကလည်း သူ့အစွမ်းပြနေပါပြီ။ ရေဘူးကလည်း ရေကုန်ပါပြီ။ ပြီးဆုံးချိန်၊ တောအမျိုးအစား၊ ထူးခြားချက်များ ရေးမှတ်ပြီး စခန်းသို့ဖြတ်လမ်းမှ ပြန်လာခဲ့ပါသည်။ ပြန်လာရာ လမ်းတစ်လျှောက်တွင်လည်း အုပ်ချုပ်ရေးမှူးမှ ဘေးမဲ့တောအား စီမံအုပ်ချုပ်ရာတွင် အထောက်ကူဖြစ်စေရန် ထူးခြားတွေ့ရှိချက်များအားလုံးကို မှတ်တမ်းရေးခြင်းဆောင်ရွက်ခဲ့ပါသည်။ စခန်းသို့ စာရင်းကောက်ဝန်ထမ်းများအားလုံး ရောက်ရှိချိန်စုဝေးပြီး ပထမနေ့ စာရင်းကောက်ခြင်း သမင်တွေ့ရှိမှုနှင့် မိမိတို့၏ အခြားအတွေ့အကြုံများကို ဖလှယ်ကြရင်း ရယ်မောပျော်ရွှင်စွာစားသောက်ပြီး နောက်တစ်နေ့ စာရင်းကောက်ယူရန် နောက်စခန်းဖြစ်သည့် ကင်းစမ်းစခန်းရွှေ့ပြောင်းနိုင်ရေး ပြင်ဆင်ကြရပါတော့သည်။

**မှတ်ချက်။** ။ချပ်သင်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောတွင်းကိုယ်တွေ့ဖြစ်ရပ်များအား ရေးသားခြင်းဖြစ်ပါသည်။

# သစ်တစ်ပင်ကျေးဇူး






**အပင်တွေလွှမ်း တောတောင်စိမ်းမှ**
**သားငှက်သတ္တဝါ ခိုလှုံသိုက်မြုံ**
**နေရာဒေသ ဖန်တီးပေး၏။**
**အပင်တွေလွှမ်း တောတောင်စိမ်းမှ**
**စိမ့်စမ်းရေကြည် ရနိုင်ပေ၏။**
**အပင်တွေက နေ့စဉ်လိုအပ်**
**လေကောင်းလေသန့် ထောက်ပံ့ပေး၏။**

**အပင်တွေက သက်ရှိမှန်သမျှ**
**စွန့်ပစ်အညစ်ကြေး ကောက်ယူသုံးစွဲ**
**အာဟာရအဖြစ် စားသုံးပေ၏။**
**အပင်ကပေး အသီးအရွက်**
**သက်ရှိမှန်သမျှ စားနိုင်ပေ၏။**
**အပင်တွေအသား ခွဲခြမ်းစိတ်ဖြာ**
**နေရာအဆောက်အအုံ ပစ္စည်းအစုံစုံ**
**ပြုလုပ်ကာသာ သုံးကြရ၏။**
**အပင်တွေက ပူပြင်းနေရောင်**
**အန်တုခံပေး အေးမြအရိပ်**
**လူတို့အတွက် သူတို့ပေး၏။**




**အပင်တွေက စိမ်းစိုလှပ**
**သာယာစွာဖြင့် မြေကမ္ဘာအကျိုး**
**များစွာထောက်ပံ့ သူသယ်ပိုး၏။**
**ဤမျှဆိုလျှင် သစ်တစ်ပင်တန်ဖိုး**
**လူတို့သိလျက် သူ့ကျေးဇူးကို**
**သိတတ်စွာဖြင့် သူတို့အသက်**
**အမြဲရှင်အောင် သားမြေးစဉ်ဆက်**
**သစ်ပင်စိုက်ပျိုး တောကိုထိန်း၍**
**သူတို့ကျေးဇူး ဆပ်သင့်ပေ၏။**



မိုးမြင့်သူ၊ သုတေသနလက်ထောက်-၃
သစ်တောသုတေသနဌာန

# ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်း
# မျိုးရင်းဗီဇအရင်းအမြစ်များကို အသုံးချခြင်းမှရရှိသည့် အကျိုးများကို မျှတစွာခွဲဝေခြင်း
(Access and Benefit Sharing: Ensuring the fair and equitable sharing of benefit from the utilization of genetic resources)

ဖြိုးသူဇာဝင်း - တောအုပ်ကြီး - သဘာဝနယ်ကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန

မြန်မာနိုင်ငံသည် မျိုးရိုးဗီဇအရင်းအမြစ်များ ကြွယ်ဝသောနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး နိုင်ငံ၏သယံဇာတထုတ်ယူသုံးစွဲမှုမှာ ကုန်ကြမ်းအဆင့်သာရှိသေးသည်။ သို့ရာတွင် ဒေသတွင်းဈေးကွက်တွင် အချို့လူသုံးကုန်များသည် မျိုးရိုးဗီဇအပေါ်တွင် အခြေခံထုတ်လုပ်လာကြပြီး ယင်းတို့၏ စီးပွားရေးတန်ဖိုးမြင့်တက်လာသည့်အတွက် ထုတ်လုပ်သူနှင့်သုံးစွဲသူအကြား မျိုးရိုးဗီဇအရင်းအမြစ် အသုံးချရာတွင် အကျိုးတူရရှိစေသည့် နာဂိုယာနောက်ဆက်တွဲစာချုပ်နှင့် ပတ်သက်၍ သိရှိနိုင်စေရန် အာဆီယံဇီဝမျိုးစုံမျိုးကွဲ ဗဟိုဌာနမှပြုစုထားသည့် policy brief စာစောင်အား ဆီလျော်အောင် ဘာသာပြန်ဆိုခြင်းဖြစ်ပါသည်။

**၂၀၁၁-၂၀၂၀ ခုနှစ် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာစီမံချက်ပါ အာအိချိ မျိုးစုံမျိုးကွဲ**

ရည်မှန်းချက်(၁၆)အရ ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအကြား ရှင်းလင်းသော ဦးတည်ချက်ပန်းတိုင်အားချမှတ်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်အကုန်တွင် မျိုးရိုးဗီဇအရင်းအမြစ်နှင့် ယင်းတို့ကိုအသုံးချခြင်းမှရရှိသော အကျိုးအမြတ်များအား မျှတစွာခွဲဝေခြင်းဆိုင်ရာ နာဂိုယာနောက်ဆက်တွဲစာချုပ်သည် နိုင်ငံများ၏ တည်ဆဲဥပဒေနှင့်အညီ သက်ဝင်ပြီးဖြစ်ရန်ရည်မှန်းပါသည်။ ၂၀၁၇ ခုနှစ်၊ ဧပြီလတွင် အာဆီယံအဖွဲ့ဝင်(၆)နိုင်ငံသည် နာဂိုယာနောက်ဆက်တွဲစာချုပ်အား လက်ခံ/အတည်ပြုပြီးဖြစ်၍ နိုင်ငံအဆင့် ရယူသုံးစွဲခြင်းနှင့်ခွဲဝေခြင်းဆိုင်ရာနည်းလမ်းများအားချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

**အာဆီယံဒေသတွင်းရှိ ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ် ခွဲဝေခြင်းအခြေအနေ**

၂၀၁၇ခုနှစ်သည် မျိုးရိုးဗီဇအရင်းအမြစ်များအား အသုံးချခြင်းမှရရှိသောအကျိုးအမြတ်များကို အကျိုးတူမျှဝေခံစားခြင်းဆိုင်ရာ နာဂိုယာနောက်ဆက်တွဲစာချုပ်အသက်ဝင်မှု တတိယမြောက်နှစ်ဖြစ်ပါသည်။ နာဂိုယာနောက်ဆက်တွဲစာချုပ်သည် ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း(CBD)၏ (၁၀)ကြိမ်မြောက်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးမှထွက်ပေါ်လာသော မျိုးရိုးဗီဇအရင်း အမြစ်ပေးစွမ်းသူနှင့် အသုံးပြုသူများအကြား ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာနည်းလမ်းများ အဓိကကျင့်သုံးဆောင်ရွက်ရန်အတွက် နိုင်ငံတကာပြဋ္ဌာန်းချက်တစ်ခုဖြစ်ပါသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံသည် အာဆီယံဒေသတွင်း မျိုးရိုးဗီဇအရင်းအမြစ်အသုံးချခြင်းမှ ရရှိသောအကျိုးများကို မျှတစွာခွဲဝေနိုင်ရေးအတွက် အဖွဲ့အစည်းနှင့် စည်းမျဉ်းစည်းကမ်းများထွက်ပေါ်လာစေရန် ဆောင်ရွက်လျက်ရှိသည်။ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးမှုဝန်ကြီးဌာနနှင့် နီးနွယ်ပတ်သက်သူများအကြား ပူးပေါင်းဆောင်ရွက်မှုတစ်ဆင့် ဗီယက်နမ်အစိုးရသည် အမိန့်အမှတ်၊ ၅၉/၂၀၁၇/ND-CPဖြင့် မျိုးရိုးဗီဇအရင်းအမြစ်အသုံးချခြင်းမှ ရယူသုံးစွဲခြင်းနှင့် ယင်းမှတဆင့်ရရှိသော အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအား ထုတ်ပြန်ခဲ့ပါသည်။ ယင်းဥပဒေသည် မျိုးရိုးဗီဇအရင်းအမြစ် ရယူသုံးစွဲခြင်းနှင့် ယင်းမှရရှိသော အကျိုးအမြတ်ခွဲဝေနိုင်ရန်အတွက် လိုင်စင်ထုတ်ပေးခြင်း ဆောင်ရွက်ရန် အထောက်အကူဖြစ်ကြောင်း မျိုးရိုးဗီဇအရင်းအမြစ်နှင့် ဇီဝလုံခြုံမှုဌာနမှ မစ္စကုဒန်သူငုယင် က ပြောကြားခဲ့သည်။ အဆိုပါဥပဒေသည် ၂၀၀၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသော ဗီယက်နမ်နိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ဥပဒေနှင့်လည်းကိုက်ညီမှုရှိပါသည်။

CBD ၏ နိုးဆော်မှုတွင် အာအိချိ ဇီဝမျိုးစုံမျိုးကွဲ ရည်မှန်းချက်(၁၆)–Aichi Biodiversity Target 16- အရ ၂၀၁၅ ခုနှစ်မတိုင်မီ နာဂိုယာနောက်ဆက်တွဲစာချုပ်သည် နိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ သက်ဝင်ပြီးဖြစ်ရန်ရည်မှန်းထားပါသည်။ အာဆီယံဒေသတွင် နာဂိုယာ နောက်ဆက်တွဲစာချုပ်အားနှစ်နိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးထားပြီး လေးနိုင်ငံမှလက်ခံထားပြီးဖြစ်ပါသည်။ ၎င်းအခြေအနေသည် အာဆီယံဒေသ၏ ၂၀၁၁–၂၀၂၀ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာစီမံချက်ပါ အာအိချိ မျိုးစုံမျိုးကွဲ ရည်မှန်းချက် ၁၆ အား အောင်မြင်ရန်၊ CBD ၏ တတိယမြောက် ရည်ရွယ်ချက်အား အောင်မြင်ရန်နှင့် အာဆီယံဒေသတွင် ဇီဝအရင်းအမြစ်များကို ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့စွာ အသုံးချခြင်းတို့တွင် အထောက်အကူပြုသည့် အကျိုးအမြတ်များအား မျှတစွာ ခွဲဝေသုံးစွဲမှုအား အောင်မြင်စေရန် ပံ့ပိုးပေးပါသည်။

အာဆီယံဒေသသည် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသော ဒေသတစ်ခုအဖြစ်သတ်မှတ်ခံရပြီး နိုင်ငံများရှိ မျိုးရိုးဗီဇအရင်းအမြစ်များအား ဇီဝနည်းပညာမှတစ်ဆင့် စီးပွားရေးအရ စိတ်ဝင်စားမှုများပြားလာပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ကိုယ်ပိုင်မျိုးရိုး

ဇီဝအရင်းအမြစ်များ အသုံးပြုခြင်းမှ အကျိုးအမြတ်ရရှိမည့် အခွင့်အလမ်းများ ဆုပ်ကိုင်ထားရန် လိုအပ်ပါသည်။ အရင်းအမြစ်ထွက်ရှိသော နိုင်ငံများသည် အသုံးပြုသူနိုင်ငံများထံမှ အကျိုးအမြတ်အများဆုံး ရရှိနိုင်ရန်အတွက် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ နည်းဥပဒေများဆိုင်ရာ တိကျသောအစီအစဉ်များ ဆောင်ရွက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အလျင်အမြန် ဆောင်ရွက်ရန်လိုအပ်ပါသည်။

## ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

### ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းအား လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်း

နာဂိုယာနောက်ဆက်တွဲစာချုပ်သည် အရင်းအမြစ်ထွက်ရှိသော နိုင်ငံများနှင့် အသုံးပြုသူနိုင်ငံများအကြား နှစ်ဦးနှစ်ဖက် အပြန်အလှန်သဘောတူ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အဆိုပါ နောက်ဆက်တွဲစာချုပ်သည် – သက်ဆိုင်ရာ ရိုးရာအသိပညာနှင့်ထုံးစံများ အလေးထားစဉ်းစားလျက် ဦးစားပေး၍ သတင်းအချက်အလက် ပြည့်ဝသောသဘောတူညီမှုရရှိရန်နှင့် အပြန်အလှန် သဘောတူညီချက်များမှတစ်ဆင့် အကျိုးအမြတ်ခွဲဝေရန်လိုအပ်သည်– ဆိုသောနိုင်ငံများမှ သဘောတူညီနိုင်သည့် မူဘောင်တစ်ရပ်အဖြစ်ဆောင်ရွက်ပေးနိုင်ပါသည်။

နာဂိုယာနောက်ဆက်တွဲစာချုပ်အား အတည်ပြုထားပြီးဖြစ်သော နိုင်ငံများသည် နောက်ဆက်တွဲစာချုပ်၏ ညွှန်ကြားချက်များနှင့် ကိုက်ညီစေရန်အတွက် ရယူသုံးစွဲခွင့်နှင့် အကျိုးအမြတ်ခွဲဝေခြင်း (access and benefit sharing - ABS)ဆိုင်ရာ ယင်းတို့၏ နိုင်ငံအဆင့်မူဝါဒများအား ပြန်လှန်သုံးသပ်ရန် လိုအပ်ပါသည်။ နာဂိုယာနောက်ဆက်တွဲစာချုပ်အရ နိုင်ငံများ၏ သဘာဝသယံဇာတဆိုင်ရာ အချုပ်အချာတည်တံ့မှုကို ခိုင်မြဲစေလျက် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းကွန်ဗင်းရှင်း၏ ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နည်းလမ်းများချမှတ်ရန် လိုအပ်သည်။

ဈေးကွက်တွင်း ဇီဝမျိုးစုံမျိုးကွဲမှရရှိသော မျိုးရိုးဗီဇအရင်းအမြစ်၏အရေးပါမှု အတိုင်းအတာမြင့်မားလာသည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ နိုင်ငံအဆင့် ဥပဒေပြဋ္ဌာန်းခြင်းနှင့် စီမံခန့်ခွဲမှု သို့မဟုတ် မူဝါဒဆိုင်ရာ နည်းလမ်းများအသွင်ဖြင့် အရင်းအမြစ် ရယူသုံးစွဲခြင်းဆိုင်ရာနည်းဥပဒေများ ချမှတ်ပေးခြင်းအားဖြင့် အရင်းအမြစ် ရယူသုံးစွဲခြင်းဆိုင်ရာ မြှင့်တင်ပေးနိုင်မည့် ပံ့ပိုးမှုများဖော်ဆောင်သတ်မှတ်ရန် လိုအပ်ပါသည်။ ပူးပေါင်းဆောင်ရွက်မည့်သူများသည်လည်း ပူးပေါင်းလုပ်ကိုင်မှုတွင် ခိုင်မာမှုရှိသည့်အတွက် ဥပဒေအရ တိကျသေချာမှု၊ ရှင်းလင်းခိုင်မာမှုနှင့် ပွင့်လင်းမြင်သာမှုရှိသော နိုင်ငံများနှင့်သာ ပို၍ပူးပေါင်းဆောင်ရွက်လိုမည် ဖြစ်ပါသည်။ ယင်းသည်လည်း အရင်းအမြစ်ရယူသုံးစွဲခြင်းဆိုင်ရာ နည်းဥပဒေများ ထွက်ပေါ်လာစေရန်အတွက် တွန်းအားတစ်ရပ်ဖြစ်ပါသည်။

## အရှိန်အဟုန်မြှင့်တင်ခြင်း

အာဆီယံဒေသသည် အာအိချီဇီဝမျိုးစုံမျိုးကွဲ ရည်မှန်းချက်(၁၆) ပြည့်မီစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ ဒေသတွင်း နိုးကြားတက်ကြွစေရန်အတွက် အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား နိုင်ငံအဆင့်ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာနည်းဥပဒေများနှင့် ဌာနဆိုင်ရာမူဘောင်များ ကောင်းမွန်တိုးတက်စေရာတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းအားဖြင့် ဆက်လက်ပံ့ပိုးပေးလျက် ရှိပါသည်။ နိုင်ငံအဆင့် ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ ဌာနဆိုင်ရာနည်းဥပဒေများနှင့် မူဘောင်ဖွံ့ဖြိုးလာစေရန်နှင့် နိုင်ငံတွင်းနည်းလမ်းများ ကနဦးဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ထည့်ဝင်ထားသော တရုတ်၏မတည်မှု ရန်ပုံငွေအစီအစဉ်ဖြင့် ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ စီမံကိန်းမှ လာအို၊မြန်မာနှင့် ဗီယက်နမ်နိုင်ငံများထံ နည်းပညာဆိုင်ရာများ ပံ့ပိုးပေးခဲ့ပါသည်။ နာဂိုယာနောက်ဆက်တွဲစာချုပ်နှင့် ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ အသိပညာဗဟုသုတများအား တက်ရောက်သူများ ရရှိနားလည်စေရန်၊ ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် မူဝါဒလမ်းစဉ် မြေပုံရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် လမ်းညွှန်ပြသနိုင်ရန်ရည်ရွယ်လျက် ရယူသုံးစွဲခြင်းနှင့်အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ မျိုးစုံမျိုးကွဲထိန်းသိမ်းရေးကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကုလသမဂ္ဂပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်(GEF)၊ ကုလသမဂ္ဂတက္ကသိုလ်(အဆင့်မြင့်လေ့လာမှုဘာသာရပ်များဌာန)နှင့် အာဆီယံအဖွဲ့ချုပ်ရုံးတို့၏ ပူးပေါင်းမှုဖြင့် ၂၀၁၁–၂၀၁၄ခုနှစ်အတွင်း အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနမှ တီမောလက်စတေနိုင်ငံ အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စွမ်းဆောင်ရည်အား မြှင့်တင်ပေးနိုင်ရန် ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခဲ့ပါသည်။

သက်ဝင်ပြီးသော နာဂိုယာ နောက်ဆက်တွဲစာချုပ်အားထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် ဒေသတွင်း၊ နိုင်ငံတွင်းနှင့် ဒေသခံအဖွဲ့အစည်းများနှင့် မူဝါဒဖော်ဆောင်ရေး အဖွဲ့အစည်းများအနေဖြင့် ကိုက်ညီသောရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်

ခွဲဝေခြင်းဆိုင်ရာ နိုင်ငံအဆင့်မူဘောင်နှင့် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန် လိုအပ်သည်။ ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ နှီးနွယ်ပတ်သက်သူများ ပါဝင်လာစေရန်နှင့် လူထုအသိပညာ မြင့်မားလာစေခြင်းတို့မှတစ်ဆင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအား ခိုင်မာစေရန် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံအလိုက် လူ့စွမ်းအားအရင်းအမြစ်နှင့် ဌာနဆိုင်ရာစွမ်းဆောင်ရည် ဖွံ့ဖြိုးစေသည့်အပြင် ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ ဒေသတွင်း တပြေးညီပူးပေါင်းဆောင်ရွက်မှုသည် ပူးပေါင်းဆောင်ရွက်မည့်သူများအား ရှင်းလင်း၊ ညီညာ၍ ပွင့်လင်းမြင်သာမှုရှိသော ဒေသတွင်းအဆင့် သဘောတူညီထားသည့် ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ နည်းလမ်းများနှင့် ကိုက်ညီစေမည့် အမြင်များအား ပေးစွမ်းပါသည်။

## ဆောင်ရွက်ရမည့်လုပ်ငန်းများ

၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မျိုးရိုးဗီဇအရင်းအမြစ် အသုံးပြုခြင်းမှသော်လည်းကောင်း၊ မျိုးရိုးဗီဇ အရင်းအမြစ်သုံးစွဲသူများထံမှ ဗီဇဆိုင်ရာရိုးရာ အသိပညာအရသော်လည်းကောင်း၊ အကျိုးဖြစ်ထွန်းစေရန် ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ အစီအစဉ်များ ချမှတ်ရန် အလျင်အမြန် လိုအပ်ပါသည်။

၂။ နာဂိုယာနောက်ဆက်တွဲစာချုပ်နှင့် ကိုက်ညီစေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနနှင့် အာဆီယံအဖွဲ့ချုပ်ရုံးများအနေဖြင့် မျိုးရိုးဗီဇအရင်းအမြစ်နှင့်ဆက်စပ်သော ရိုးရာအသိပညာအပါအဝင် ဇီဝဗေဒနှင့် မျိုးရိုးဗီဇအရင်းအမြစ် အသုံးပြုခြင်းဆိုင်ရာ နိုင်ငံအဆင့် နည်းဥပဒေများနှင့် မူဘောင်များကို ပြန်လည်သုံးသပ်ရာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။

၃။ အာဆီယံဒေသ၏ မျိုးရိုးဗီဇအရင်းအမြစ်နှင့် ယင်းနှင့် ဆက်စပ်သော ရိုးရာအသိပညာအသုံးချခြင်းမှ အကျိုးအမြတ်ရရှိဖြစ်ထွန်းနိုင်ခြင်း၏ အရေးပါပုံအား အာဆီယံဒေသတွင်းရှိ ပြည်သူလူထုနှင့်နှီးနွယ်ပတ်သက်သူများအနေဖြင့် သိရှိနားလည်ရန် လိုအပ်ပါသည်။

## ရယူသုံးစွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်း (မျိုးရိုးဗီဇအရင်းအမြစ်များကိုအသုံးချခြင်းမှရရှိသည့် အကျိုးများကို မျှတစွာခွဲဝေခြင်း)

မျိုးရိုးဗီဇအရင်းအမြစ် ရယူသုံးစွဲခြင်းနှင့် ယင်းအကျိုးအမြတ်ခွဲဝေခြင်းတွင် အသုံးပြုသူနှင့် ထုတ်လုပ်ပေးသူများအကြား သဘောတူညီမှု ရရှိစေရေးအား ရည်ညွှန်းပါသည်။

## ဦးစားပေး၍ သတင်းအချက်အလက် ပြည့်ဝသော သဘောတူညီမှု

သင့်တော်သော ကိုယ်စားလှယ်များထံမှ ခွင့်ပြုချက်ရရှိရမည့်အပြင် မျိုးရိုးဗီဇအရင်းအမြစ်နှင့် ဆက်စပ်ရိုးရာ အသိပညာဗဟုသုတ ရရှိခွင့်ဆိုင်ရာ သတင်းအချက်အလက်များမျှဝေပေးရမည်။

## အပြန်အလှန် သဘောတူညီချက်များ

အသုံးပြုသူနှင့် ထုတ်လုပ်သူများအကြား ရရှိခွင့် ဖလှယ်ခြင်းတွင် ငွေကြေးအရ သို့မဟုတ် ငွေကြေးအရ မဟုတ်သော အကျိုးအမြတ်များ ဖော်ပြပါရှိရမည်။

## ရိုးရာအသိပညာဗဟုသုတ

ဇီဝထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် သတင်းရင်းမြစ်ဖြစ်သော ဒေသမျိုးရင်း ပြည်သူများနှင့် ဒေသခံအစုအဖွဲ့များ၏ အသိပညာဗဟုသုတကို ညွှန်းဆိုပါသည်။

## ကိုက်ညီမှု

မျိုးရိုးဗီဇအရင်းအမြစ်အား ထုတ်လုပ်သူများထံမှ ထွက်ရှိပေးပြီးသည့်အခါ အကျိုးအမြတ် ခွဲဝေမှုရရှိ သေချာစေရမည်။




ကျမ်းကိုး
-ASEAN Centre for Biodiversity (2017). ASEAN Biodiversity Outlook 2. Philippines.(220 pages)
-ASEAN Centre for Biodiversity (2017). ACBeats, p.8.
-ACB Policy Brief,Access and Benefit-Sharing Issue 10, February 2016

Writers : Patricia Marie Tanyag and Elpido Peria
Infographic: Eisen V.Bernardo

# Post-Nargis Programmes and Projects of FREDA

By
U Sein Thet, Director(Rtd)
Chairman,FREDA

From previous month

**(3) Food security-related relief and rehabilitation projects after Cyclone Nargis, Myanmar (Distribution of paddy seed and agricultural machinery)(K-KMMR-0806-0004)**

The project was implemented with the financial assistance of Diakonie Katastrophenhilfe (DKH) of Germany, in Ayeyarwady Region from 1st June to 31st November 2008. The project budget was USD 136,010. The main objective was to help the Cyclone Nargis hit communities to recultivate the damaged farmland using quality paddy seeds and power tillers and diesel to work in time for their food security in plance of lost cattles. Under the project, paddy seeds, diesel oil and power tillers were distributed free of change to the farmers from 7 villages Gayan village tract in Bogale Township.

**(4) Rehabilitation of houses and construction of Cyclone shelters in Myanmar (K-MMR-0810-0006)**

This project was implemented with the financial assistance of Diakonie Katastrophenhilfe (DKH) of Germany, in Cyclone Nargis affected areas in Ayeyarwady Region. The Project budget was USD 2,240,665 and the project period was 1 year and 7 months from 1.10.2008 to 31.5.2010. Under the project, 4 School-cum- Cyclone shelters, 500 rural houses. 7 piers. I bridge, ware-house cum rest house were constructed in Bogale and Pyagon township within the project period.

**(5) Rehabilitation and disaster preparedness in Nargis affected areas of Ayeyarwady Region, Myanmar through sustainable landuse and renewable energy (K-MMR-0901-0001)**

This project was implemented with the financial assistance of Diakonie Katastrophenhilfe (DKH) of Germany in Ayeyarwady Region for 2 years from 1.1.2009 to 31.12.2010. The project budget was USD 230,720. Under the project, formation of wind break forest plantation, income generating with bee-keeping, distribution of fruit tree seedlings, introduction of renewable energy such as rick husk gasifies, solar and wind energy for lighting, and testing oil seeds, were implemented during the project period.

**(6) Mangrove reforestation and community forestry in Hpo Au San village**

The project was implemented with the financial assistance of Myanmar Environmental Rehabilitation Network (MERN) in Hpo Au San village, Tebineseik village tract, Pyapon township, Ayeyarwady Region for one year from 1st April 2011 to 31st March 2012. The project budget was FEC 20,000. The main objective was to improve the environmental condition through mangrove reforestation and hence to provide better livelihood of the people living in the target area. Under the project, about 60 acres (24ha) of community forest plantation was established near Hpo Oo San village with the active participation of 23 user's groups of the target village. The survival percentage of that plantation counted in December, 2012 was 80.6% and hence it was successfully completed.

**(7) Disaster risk reduction and sustainable landuse in the Ayeyarwady Delta after the Cyclone Nargis (K-MMR-0912-0003)**

The project was implemented with the financial assistance of Diakonie Katastrophenfilfe (DKH) of Germany in Ayeyarwady Region for a period of 3 years from 1st January 2010 to 31st December 2012. The project budget was Euro345,886. The main objective was to develop and extend the activities for disaster risk reduction and introduce sustainable land use system related with life security, agriculture, forestry, fresh water supply, poverty alleviation and uplift of the standard of living for the people in the target villages. Under the project, high ground-cum-pond (HGP) for life security. construction of school-cum-cyclone shelter (SCCS), water harvesting scheme using earthen post and gutters. Provision of school furniture and reaching aids, and training for local community and field staffs were successfully implemented during the project period.

**(8) Disaster preparedness and rehabilitation measures for remote villages Ayeyarwady Delta (K-MMR-1012-0003)**

The project was implemented with the financial assistance of Diakonie Katastrophenhilfe (DKH) of Germany in Ayeyarwady Region for 2 years from 1st January 2011 to 31st December 2012. The project budget was Euro 205,479. The main objective was to provide some appropriate development activities as disaster preparedness and rehabilitation measures in remote and poor village which are prone to natural disaster and more vulnerable in Ayeyarwady Region. Under the project, construction of school-cum-cyclone shelter (SCCS). Construction of rural housing, village electrification with rice husk gasifier, establishment of village wood-lots, distribution of earthen post for storage of drinking water, distribution of furniture for village schools and testing of coconut oil as alternative energy were implemented during the project.

**(9) Mangrove Reforestation Programme (Phace III)**

This project is being implemented with the financial and technical assistance of Action for Mangrove Reforestation (ACTMANG) of Japan for a period of 6 years from 2009 to 2014. It was started since 1999 and it has reforested a total of 1,239 ha(3,195 ac.) with fast-growing mangrove species in some parts of Pyindaye and Kadonkani reserved forests in Ayeyarwady Delta. The main objective is to establish community plantation with mangrove species in the areas where natural mangrove forests were depleted and degraded due to encroachment and many other causes. Under the project Phase III, it is planned to reforest 750 ha within 6 years. Up to the end of 2013, about(625)ha has been established in cooperation with the communities of the target areas.

**(10) Disaster risk reduction and sustainable landuse (20100248 G)**

The project has been implemented with the financial assistance of Evangelischer Entwicklungsdients EED of Germany in Ayeyarwady Region and Kachin State for a period of 3 years from 1st October 2010 to 30th September, 2013. The project budget was Euro 310,000. The main objective was to conserve the natural forests and establish forest plantation for protection against natural disaster and to improve the income generation of the rural population in the target areas.Under the project. Formation of green belt plantation along the coastal areas, community forest conservation in ayeyarwady delta, distribution of fruit tree seedlings to local people, introduction of System for Rice Intensification (SRI).

**(11) Sustainable management of Peatland forest in Myanmar.**

The project has been implemented with the financial assistance of European Union (EU) through Global Environmental Centre (GEC) based in Malaysia. The project period is initially 2 years from 1st November 2011 to 31st October 2013. The project budget is USD 90.000. The main objective is to explore the peatland in the whole country and put under sustainable management and National Action Plan (NAP). Under the project, about 390 soil samples have been tested at about 232 locations in (20)townships in (9) States and Regions. Two case studies are being conducted relation to carbon storage at Heho Basin and Livelihood on peat land in Inle area.

**(12) Environmental conservation in Nga Moe Yeik watershed of Yangon Region**

The project has been implemented with the financial assistance of Total SA and Yadanar Consortium in Hlegu township, Yangon Region for a period of 2 years from 1st January 2012 to 31st December 2013.The project budget is USD 200,000. The main objective is to restore the depleted and degraded forests of the Nga Moe Yeik watershed with formation of fuel wood plantations and fruit trees for both soil conservation and environmental restoration as well as provision of additional income from fruit trees for poverty alleviation. Under the project, 200 acres of mixed fuel wood plantation are being established in some depleted forest in Hlegu township with the active participation of local communities. Abuts 60 acres of forest plantation in the first year and 140 acres of mixed plantation were successfully completed with a survival percentage of 96% in December counting.

**(13) Small scale Aqua-forestry to be developed in mangrove reforestation area. Ayeyarwady Delta**

This project has been implemented with the financial assistance of Network Activities Group-Wetland Alliance in Pyapon Township, Ayeyarwady delta for two years from 31st July 2012 to 31st December 2013. The project budget is about USD 61,744. The main objective is to introduce the Aqua-forestry practice in

some poor village for increasing additional income while conserving community forest nearby. Under the project, preparation of sites and fencing, construction of ponds for fishery and crab breeding, supporting for aqua seeds and feeding, provision of technical training and demonstration were done in the target villages in Pyapon Township.

### (14) Reforestation for the development of small farmers in the context of Climate Change (K-MMR-2013-5017)

The project was being implemented with the financial assistance of Diakonie Katastrophenhilfe (DKH) of Germary in Magion for one year from 25th February 2013 to 28th February 2014. The project budget was Euro 60,000. The main objective was to develop an alternative sustainable land use system in the sloping farm land of Dry Zone area for environmental conservation as well as livelihood security of the poor farmers. Under the project, about 96,800 seedlings of fuel wood species and fruit trees such as mango were planted on 80 acres in 6 villages in Mindon Township in June and July 2013.Compensation fee of kyats 100,000 per acre were given to the land owner and another kyats, 100,000 were paid depending on the survival percentage of planted trees in December counting in 2013.

### (15) Emergency relief for flood-affected people in Kayin and Mon States-Myanmar (K-MMR-2013-5053)

The project was implemented with the financial assistance of Diakonie Katastrophenhilfe (DKH) of Germany in Kayin and Mon State during September and October 2013. The project budget was Euro 30,000. The main objective is to distribute emergency relief for flood-affected people in Kayin and Mon States. Under the project, essential commodities such as rice, cooking-oil, salt, pulse and purified drinking water were distributed free of charge to those families who suffered the severe impact of flood which occurred in September 2013 in those areas.

### (16) Disaster Risk Reduction and Sustainable Community Development (cont.)(DRR-EED-20130122)

This project started 1-10-2013 and terminated at 30-9-2016 that, it was implemented for about 3 years. Total funding granted by financing partner was Euro 310,000 by Protestant Agency of Diakonia and Development for the Bread for the world. The activities implemented are:-

| | | |
|---|---|---|
| (a) | Formation of green belt | = 24 ha |
| (b) | Planting of fruit tree in home garden in 8 villages | = 60,000 nos |
| (c) | Community Forest conservation in 8 villages | = 150 ha |
| (d) | Introduction of System of Rice Intensification in 9 village | = 30 ha |
| (e) | Introduction of Save to cooking stares in 3 village | = 300 nos |
| (f) | Introduction off family-used LED lamp | = 900 nos |
| (g) | Training on DRR and livelihood Improvement | = 220 participants |

### (17) KGS Funding Project No 18/2015-2017

Georgo Kraus Siftung (GKS) granted Euro 27,185 for the period 2015-2017, for the implementation of the Development Programme of Reforestation for the development of small farmers in the context of climate change farming projected for (15-20) formers. The project site is in Minden township of Magwe Region, for (12) development activities in line with Community Forestry.

### (18) Climate Change Adaptation in Ayeryarwady Delta (DKH/Bftw)(Project No. 20130701/20131301)

The project Partner and the Financing enter in to the agreement on 27-12-2013 with the Common objective of brining the protestant Development Service financed totaling Euro (894,880) for the period (1-1-2014) to (31-3-2018)of (51) months, implementing the following (6)main activities.

| | | |
|---|---|---|
| (a) | Constriction of school-cam-Cyclone Shelter | = 8 nos |
| (b) | Embankment Constriction for preventing bank erosion near villagers | = 8 places |
| (c) | Constriction of Rain water harvesting ground tanks | = 19 nos |
| (d) | Introduction of water Desalination by solar systems: | |

-for villages 8
-for sccs 8 = 16 sites
(e) Furnitures for SCCS, (Bench&Dask) 300 seto, training chairs 50 blackboard etc) = 9 SCCS
(f) Commanity Training on DRR = 8 times

**(19) Mangrove Reforestation Programme (phase IV)**

This project is being implemented with the financial assistance of Action for Mangrove Reforestation (ACTMANG) of Japan for a period of 4 years from 2015 to 2018. Under this project it is planned to reforest (600 ha) i.e(150 ha) per year with mangrove species and granted totaling (Us$ 260,000)i-e (US$-65,000)per year.

**(20) Bread for the world. Disaster Risk Reduction and Sustainable land Use- Ayeyarwady Region, Project No.MMR.20170072.**

Protestant Agency for Diakone and Development for Bread for the world- Protestant Development Service will granted upto Euro(370,000) and project parner's/(FREDA) own means Euro(20,000), totaling Euro (390,000) project namely Disaster Risk Reduction and Sustainable land use will carried out during the period between April 2017 to September 2020, for (42) months. The target groups will be the rural people (4322 leaseholds) living in (36)village of Pyapone, Bogale, Mawkyun and Laputta townships of Ayeyarwady Region. The activating will be SRI (80 ha) for (100) garners, LED, for 1200 families, Save 60 Cookstove for 1600 families, Aqua forestry 8 user groups, wood lot (36 ha), Community Forestry/Mangrove plantation (80 ha) and 20 trainings on DRR and livielihood.

**(21) Tree planting programme in cooperation with City Mart.**

Tree planting programme has been launched in Yangon Region with the donation of City Mart since 2011. Under this programme, City Mart donated about ten million kyats each year and FREDA planted over 30,000 medium sized and small sized seedlings in the compounds of schools, monasteries, parks and along the road-sides in Yangon Region, with active participation of local people and City Mart staffs. This progromme continued up to 2017, with support of Twenty million each for the years 2016 and 2017.

**(22) Scholarship programme-Nagao Natural Environment Foundation (NEF)- Japan.**

The programme has been implemented with the financial assistance of Nagao Natural Environment Foundation (NEF) of Japan since 1998. Under this program, financial support is provided to the outstanding scholars of local universities leading to M.Sc and Ph.D degrees in various fields related to environmental sciences such as Forestry, Ecology, Botany, Biology and Zoology etc. NEF also provides undergraduate stipends to the top ten students of first year up to graduation, while studying at the University of Forestry, now University of Forestry and Environmental Science Yezin Nay Pyi Taw.

| Year | in million kyats | |
|---|---|---|
| | Income | Expexditure |
| 2008 | 800.05 | 749.42 |
| 2009 | 1511.22 | 1452.89 |
| 2010 | 926.96 | 986.88 |
| 2011 | 484.94 | 478.31 |
| 2012 | 433.53 | 438.43 |
| 2013-2014 | 442.54 | 458.08 |
| 2014-2015 | 648.30 | 800.23 |
| 2015-2016 | 609.66 | 701.39 |
| 2016-2017 | 793.77 | 791.37 |

According to the external audit's report the income and expenditure for the last 9 years are mentioned below.

As FREDA is collaborating and participating with the Union Government in conservation of forests rehabilitation of mangrove forests, protection of biodiversity, reduction of disaster risk and rehabilitation of the degraded ecosystem, FREDA has been awarded an Honorary Certificate of the Union President, Government of the Republic of the Union of Myanmar in July 2013. In this regard, FREDA is heartily grateful to all International and National NGOs for their financial and technical assistance and the communities and the local authorities in the project areas for their active participation and effective cooperation.

## သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ပေါင်းရှင်းခြင်းနှင့် မီးကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများ
## (Standard Operating Procedure for Artificial Regeneration, Weeding and Fire Protection)

ယခင်လမှအဆက်

### လုပ်ငန်းစဉ်– ၁၁။ ပျိုးပင်များသယ်ပို့ခြင်း (Transportation of Potted Plants)

(က) မစိုက်ပျိုးမီ ပျိုးဥယျာဉ်မှပျိုးပင်များအား စိုက်ကွင်းအတွင်းသို့သယ်ယူ၍ ကြိုတင်စီမံဆောင်ရွက်ရမည်။
(ခ) စိုက်ခင်းအတွင်းသို့မပို့မီ (၁)ရက်ကြို၍ ပျိုးပင်များကို ရေအဝလောင်းထားရမည်။
(ဂ) မြေပြန့်ဖြစ်ပါက သင့်လျော်သည့် ယာဉ်များဖြင့်လည်းကောင်း၊ တောင်ကုန်း/တောင်တန်းများဖြစ်ပါက ဆင်ဖြင့်လည်းကောင်း၊ လူအားဖြင့်လည်းကောင်း သယ်ပို့ရမည်။
(ဃ) ပျိုးအိတ်များကိုကိုင်တွယ်ရာတွင် ပင်စည်(သို့)အရွက်များမှ ကိုင်တွယ်ခြင်းမပြုရ။
(င) အပင်(၂၀)မှ (၂၅)ပင်ခန့်စီရှိ ထည့်သွင်းနိုင်သည့် သေတ္တာများဖြင့်ဖြစ်စေ၊ ပျိုးပင်များကို မထိခိုက်နိုင်သည့် ပလိုင်း၊ဝါးခြင်းတောင်းစသည်တို့ဖြင့်ဖြစ်စေ သယ်ဆောင်ရမည်။
(စ) ပျိုးပင်များကို သယ်ဆောင်ရာတွင်လည်းကောင်း၊ အကွက်တွင်းစုပုံရာတွင်လည်းကောင်း၊ ပြင်းထန်သော နေပူဒဏ်၊လေပြင်းဒဏ်ခံရခြင်းတို့မှ ဂရုပြုကာကွယ်ပေးရမည်။




### လုပ်ငန်းစဉ်– ၁၂။ စိုက်ပျိုးခြင်း (Planting)

(က) သစ်စေ့ဖြင့် တိုက်ရိုက်စိုက်ပျိုးခြင်းကို ဧပြီလလယ်မှ မေလအတွင်း ဆောင်ရွက်ရမည်။
(ခ) ငုတ်တက်ဖြင့်စိုက်ပျိုးခြင်းကို မေလလယ်မှ ဇွန်လကုန်အတွင်း ဆောင်ရွက်ရမည်။
(ဂ) ပလတ်စတစ်ပျိုးအိတ်ဖြင့် စိုက်ပျိုးခြင်းကို မိုးစတင်ရွာသွန်းပြီးနောက် မြေအစိုဓာတ်ကောင်းစွာရရှိသည့် ဇွန်လလယ်မှ ဇူလိုင်လကုန်အတွင်း ဆောင်ရွက်ရမည်။
(ဃ) ပျိုးပင်များအား ပန္နက်တိုင်းတွင် စိုက်ပျိုးပြီးဖြစ်စေရန်နှင့် စိုက်ပျိုးရန် မကျန်ရှိစေရန် တာဝန်ခံဝန်ထမ်းမှ ပြန်လည်စိစစ်ရမည်။




**လုပ်ငန်းစဉ်– ၁၃။ သေပင်ဖာထေးခြင်း(Patching)**

(က) သေပင်များအား ပြန်လည်၍ အစားထိုးစိုက်ပျိုးခြင်းကို ဇူလိုင်လမှ ဩဂုတ်လအတွင်း အပြီးဆောင်ရွက်ရမည်။ ပထမနှင့် ဒုတိယအကြိမ်ပေါင်းရှင်းခြင်းနှင့်အတူ ဆောင်ရွက်ရမည်။

(ခ) စိုက်ခင်းပထမနှစ် ပြုစုပျိုးထောင်ခြင်းတွင် အရေးကြီးသောလုပ်ငန်းဖြစ်ပြီး ရှင်ပင်အနည်းဆုံး ၉၀%ရှိစေရန်သေပင်ဖာထေးခြင်းကို မပျက်မကွက်ဆောင်ရွက်ရမည်။ သေပင်ဖာထေးရန် စိုက်ပင်၏ ၁၀%ပျိုးပင်များအသင့်ပျိုးထောင်ထားရန် လိုအပ်ပါသည်။

(ဂ) ဒုတိယနှစ် စိုက်ခင်းများအား မိုးရာသီပေါင်းရှင်းခြင်းလုပ်ငန်းနှင့်အတူ သေပင်ဖာထေးခြင်းလုပ်ငန်းအားထပ်မံဆောင်ရွက်ရမည်။

(ဃ) သေပင်ဖာထေးခြင်းလုပ်ငန်းအား ဖာထေးပင်(သစ်မျိုး၊အပင်အရေအတွက်)နှင့် နေရာ(အကွက်ခွဲငယ်)တို့ကို မှတ်တမ်းထားရှိရမည်။





**လုပ်ငန်းစဉ်– ၁၄။ ပေါင်းရှင်းခြင်း (Weeding)**

(က) စိုက်ခင်းတည်ထောင်သည့်နှစ် ပထမအကြိမ်ပေါင်းရှင်းခြင်းကို ဇွန်လအတွင်း သစ်ပင်ကလေးများအမြစ်စွဲချိန်နောက်ပိုင်း (စိုက်ပြီး ၃ ပတ် အကြာ)စတင်ဆောင်ရွက်ရမည်။ ပန္နက်လိုင်းအတိုင်း ပေါင်းပင်များကို (၁)လက်မအမြင့်မှ ပေါင်းကြမ်းခုတ်ချပြီး စိုက်ပျိုးပင်များ၏ (၁)တောင် (၁ပေခွဲ)ပတ်လည်တွင် အပြောင်ရှင်းပေးရမည်။

(ခ) စိုက်ခင်းတည်ထောင်သည့်နှစ် ဒုတိယအကြိမ်ပေါင်းရှင်းခြင်းကို ဩဂုတ်လအတွင်း စိုက်ခင်းဧရိယာတစ်ခုလုံး ပေါင်းပင်များကို (၁)လက်မအမြင့်မှ ပေါင်းကြမ်းခုတ်ချပြီး စိုက်ပျိုးပင်များ၏ (၁)တောင် (၁ပေခွဲ)ပတ်လည်တွင် အပြောင်ရှင်းခါးဆွပေးရမည်။



ခါးဆွခြင်း (Soil Working)

(ဂ) စိုက်ခင်းတည်ထောင်သည့်နှစ် တတိယအကြိမ်ပေါင်းရှင်းကို အောက်တိုဘာလအတွင်း အပြီးဆောင်ရွက် ရမည်။ စိုက်ခင်းဧရိယာတစ်ခုလုံး ပေါင်းပင်များကို (၁)လက်မအမြင့်မှ ခုတ်ချပြီး စိုက်ပျိုးပင်များ၏ (၁)တောင်(၁ပေခွဲ) ပတ်လည်တွင် ပေါက်ပြားဖြင့်အပြောင်ရှင်းပေါက်၍ မြေတောင်မြှောက်ပေးရမည်။

(ဃ) ပေါင်းရှင်းခြင်းလုပ်ငန်းအား စိုက်ခင်းအမျိုးအစားအလိုက် သတ်မှတ်ထားသော အကြိမ်ရေအတိုင်း ဆောင်ရွက်ပေးရမည်။







**လုပ်ငန်းစဉ်– ၁၅။ မြေသြဇာကျွေးခြင်း (Application of Fertilizer)**

(က) မြေသြဇာကျွေးခြင်းလုပ်ငန်းအား ပထမအကြိမ် ပေါင်းရှင်းခြင်းလုပ်ငန်းနှင့်အတူ ဆောင်ရွက်ရမည်။ ဖာထေးပင်များအား အမြစ်မစွဲမီ မြေသြဇာကျွေးခြင်းမပြုရ။

(ခ) အပင်ခြေနှင့် ၆ လက်မ – ၉ လက်မခွာ၍ ရွက်အုပ်အကျယ်အဝန်းထက် မပိုစေဘဲ အပင်ပတ်လည် ဖိုခုံနောက်ဆိုင် ဝါးစူး(သို့မဟုတ်) ချွန်ထက်သောကိရိယာဖြင့် မြေကြီးအား ကျင်းငယ်သုံးကျင်းကို လက်မဝက်ခန့်တူး၍ တစ်ကြိမ်လျှင် လက်ဖက်စားဇွန်း တစ်ဇွန်းမှ နှစ်ဇွန်းခန့်ကို ကျင်းအတွင်းထည့်၍ မြေကြီးဖြင့် ပြန်လည်ဖုံးအုပ်ပေးရမည်။




**လုပ်ငန်းစဉ်– ၁၆။ ရှင်ပင်ရေတွက်ခြင်း (Survival Counting)**

(က) ရှင်ပင်ရေတွက်ခြင်းအား ဒီဇင်ဘာလအတွင်း အပြီးဆောင်ရွက်ရမည်။

(ခ) ရှင်ပင်ရေတွက်ခြင်းကို စိုက်ခင်းဧရိယာတစ်ခုလုံးတွင် ရာနှုန်းပြည့် ရေတွက်ဆောင်ရွက်ရမည်။

(ဂ) ရှင်ပင်(၇၀%)နှင့်အထက်ရှိက အောင်မြင်သည့်စိုက်ခင်းဟု သတ်မှတ်ထားသော်လည်း ရှင်ပင် (၉၀%)နှင့်အထက်ရရှိရေး ဆောင်ရွက်ရမည်။




**လုပ်ငန်းစဉ်– ၁၇။ စစ်ဆေးလမ်းဖောက်လုပ်ခြင်း (Inspection Road)**

(က) စိုက်ခင်းအတွင်း ယာသမားများအတွက် တောင်ယာခွဲဝေပြီးနောက် နေရာတိုင်းသို့ ရောက်နိုင်ရန် (၂)ပေမှ (၄)ပေအကျယ်ရှိ စစ်ဆေးလမ်းများကို ဖောက်ရမည်။




**လုပ်ငန်းစဉ်– ၁၈။ မီးကာကွယ်ခြင်း (Fire Protection)**

(က) စိုက်ခင်းသစ် မီးကာကွယ်ခြင်းလုပ်ငန်းကို နှစ်စဉ် ဒီဇင်ဘာလလယ်မှ မေလလယ်အထိ ဆောင်ရွက်ရမည်။ စိုက်ခင်းဒုတိယနှစ်မှ ပဉ္စမမြောက်နှစ်အထိ နှစ်စဉ် မီးကာကွယ်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်သွားရမည်။

(ခ) မီးကာကွယ်ခြင်းလုပ်ငန်းဖြစ်သည့် အတွင်းမီးတားလမ်းဖောက်လုပ်ခြင်း၊ အပြင်မီးတားလမ်းဖောက်လုပ်ခြင်း၊ မီးလှန်ကွက်ပြုလုပ်ခြင်း၊ မီးစောင့်ထားရှိခြင်းနှင့် မီးကင်းမျှော်စင်ဆောက်လုပ်ခြင်း လုပ်ငန်းများအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။









**လုပ်ငန်းစဉ်– ၁၉။ စိုက်ခင်းပုံစံ၊ စိုက်ခင်းစီးပွားပုံစံနှင့် စိုက်ခင်းမှတ်တမ်းစာအုပ်ထားရှိခြင်း**

(က) စိုက်ခင်းတစ်ခုအတွက် စိုက်ခင်းများတည်ထောင်ခြင်း လုပ်ငန်းစဉ်များအလိုက် ပေးပို့ရမည့် စိုက်ခင်းပုံစံများကို သတ်မှတ်ပုံစံများဖြင့် ဖြည့်သွင်းမှတ်တမ်းတင်ရမည်။

သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ပေါင်းရှင်းခြင်းနှင့် မီးကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။




*Source: RECOFTC*

နောက်ကျောဖုံးမှအဆက်



အထီးနှင့် အမတို့သည် အမွေးအရောင် ဆင်တူသော်လည်း အထီးသည် ပို၍အရောင်ပြောင်လက်တောက်ပပြီး ကိုယ်ထည်ပိုကြီးသည်။ တောဘဲမန်ဒါလီတို့သည် ဘဲမျိုးစိတ်အစစ်အမှန် (Typical Duck)အဖြစ် သတ်မှတ်ထားသည့် ဘဲမျိုးဖြစ်သည်။ ရေတိမ်ပိုင်းတွင် ကျက်စားပြီး၊ ဦးခေါင်းကို ရေထဲစိုက်ကာ ရေပြင်ပေါ်အမြီးထောင်ပြီး အစာရှာဖွေစားတတ်ကြသည်။ ရေပြင်ပေါ်ကူးခတ်သွားလာနေရာမှ တိုက်ရိုက်ပျံတက်ကာ ပျံသန်းသွားနိုင်သည်။

နံနက်စောစော ဝေလီဝေလင်းအချိန်နှင့်ညနေနေဝင်ဆည်းဆာအချိန်တွင် ပိုမိုသွားလာကျက်စားသည်။ ညဖက်တွင် တိတ်ဆိတ်လျို့ဝှက်စွာ ကျက်စားတတ်သည်။ တောဘဲမန်ဒါလီကို တွေ့မြင်သူနည်းပါးသည်။ သဘာဝသစ်တောကြီးများနှင့် ဆက်စပ်သည့် မြစ်၊ချောင်း၊အင်း၊အိုင်နှင့် ရွှံ့နွံတောစသည့် ရေတိမ်ဒေသတွင် ကျက်စားနေထိုင်သည့် ရေငှက်မျိုးဖြစ်သည်။ ရေသေ သို့မဟုတ် ဖြည်းညင်းစွာစီးနေသည့် ရေ၊ သဘာဝ သို့မဟုတ် လူတို့ဖန်တီးထားသည့် ရေတိမ်ဒေသများ၊ အပူပိုင်းဒေသ အမြဲစိမ်းတော၊ ရွက်ပြတ်ရောနှောတော၊ ရွှံ့နွံတောအတွင်း သို့မဟုတ် ဆက်စပ်ဒေသများတွင် ကျက်စားပြီး၊ အိပ်တန်းတက် နေထိုင်ကြသည်။ သစ်ခေါင်းများတွင် အသိုက်လုပ်တတ်သည်။ တောဘဲမန်ဒါလီတို့သည် ပင်လယ်ရေမျက်နှာပြင်အမြင့် မီတာ(၂၀၀)ထက်နိမ့်သော မြေနိမ့်ပိုင်း စားကျက်ဒေသတွင် ကျက်စားသော်လည်း၊ အမြင့်မီတာ(၁၄၀၀)ထိ ကျက်စားသည်ကိုတွေ့ရသည်။ အရိပ်များသည့်နေရာ၊ ဝေးလံချောင်ကျသည့် တောတွင်းသဘာဝကန်များတွင် တစ်နေကုန်နေတတ်သည်။ နှစ်စဉ် စက်တင်ဘာ သို့မဟုတ် အောက်တိုဘာလတွင် အမွေးလဲ အတောင်ချလေ့ရှိပြီး၊ နှစ်ပတ်ခန့် ပျံသန်းခြင်း မလုပ်ကြပေ။ တောဘဲမန်ဒါလီတို့သည် ကိုယ်ထည်ကြီးမားသော်လည်း ပေါ့ပါးသွက်လက်ပြီး၊ လှုပ်ရှားမှုမြန်ဆန်သည်။ သန်မာပြီး၊ အင်နှင့်အားနှင့်လှုပ်ရှားနိုင်သည်။ ဘေးအန္တရာယ်ကြုံတွေ့ပါက အလွန်လျင်မြန်စွာ ထွက်ပြေးသွားလာနိုင်သည်။ နေ့ပိုင်းတွင် တစ်ခါတစ်ရံ သစ်ပင်ပေါ်နားနေတတ်သည်။

အရွယ်ရောက် တောဘဲမန်ဒါလီသည် အစုံစားသည်။ တောဘဲမန်ဒါလီတို့ စားသည့်အစာမှာ အစေ့၊ရေတွင်ပေါက်သည့် အပင်များ၊ စပါးနှင့် သီးနှံ၊ ခရု၊ ရေနေအင်းဆက်၊ ခွံမာကောင်၊ ဂုံး၊ ဖား၊ မြွေနှင့် ငါးတို့ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် စားကျက်ဒေသတွင် ယေဘုယျအားဖြင့် အထီးအမအတူ ယှဉ်တွဲကျက်စားကြသည်။ တောဘဲမန်ဒါလီတို့သည် ဘဝတစ်လျှောက်လုံး အထီးအမ အတူပေါင်းသင်းနေထိုင်ကြသည်။ အကောင်ဦးရေ(၄–၆)ကောင် အုပ်စုငယ်အဖြစ်လည်း အတူနေကျက်စားကြသည်။ အကောင်ဦးရေ(၁၀)ကောင်ကျော် အတူနေကျက်စားကြောင်း မှတ်တမ်းများတွင်တွေ့ရသည်။

မိုးရွာသွန်းမှုအပေါ်မူတည်၍ မိတ်လိုက်သားပေါက်ခြင်းပြုလုပ်ကြသည်။ ခြောက်သွေ့ရာသီနှောင်းပိုင်းတွင် ဥအုကြပြီး၊ မိုးရာသီအစောပိုင်းတွင် သားပေါက်ကြသည်။ အိန္ဒိယတွင် ဖေဖော်ဝါရီ သို့မဟုတ် မတ်လတွင် မိတ်လိုက်ကြောင်း လေ့လာသူများ၏ တွေ့ရှိချက်အရ သိရသည်။ သစ်ခေါင်းအတွင်း အသိုက်လုပ် ဥအုကြသည်။ တစ်ကြိမ်လျှင် ဥ(၁၆)လုံးအုသည်။ အသိုက်ကို မြေပြင်မှ အမြင့်(၃–၁၂)မီတာထိမြင့်သည့် သစ်ခေါင်း သို့မဟုတ် သစ်ကိုင်းခွတို့တွင် ပြုလုပ်ကြသည်။ မိုးသည်းထန်စွာရွာသွန်းသည့် ရာသီအစောပိုင်းကာလတွင် ဥမှသားပေါက်သည်။ သားပေါက်အကောင်ငယ်တို့သည် မိဘများနှင့် အတူ(၁၄)ပတ်အတူ သွားလာကျက်စားကာ ကြီးပြင်းကြသည်။

သမိုင်းအထောက်အထားအရ တောဘဲမန်ဒါလီတို့သည် အိန္ဒိယအရှေ့မြောက်နှင့် ဘင်္ဂလားဒေ့ရှ်မှ အရှေ့တောင်အာရှ ဂျာဗားနှင့် ဆူမတ်တြားထိ ကျယ်ပြန့်စွာ ကျက်စားကြောင်း သိရသည်။ ၂၀၀၂ ခုနှစ်တွင် အကောင်ဦးရေ(၈၀၀)သာရှိတော့ကြောင်း၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတွင် အကောင်ဦးရေ(၂၀၀)ခန့်၊ ဆူမတ်တြားတွင်(၁၅၀)နှင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာတွင် အကောင်ဦးရေ (၄၅၀)ခန့်ဖြစ်ကြောင်း လေ့လာသူပညာရှင်များ၏ အဆိုအရသိရသည်။ တောဘဲမန်ဒါလီတို့သည် စားကျက်မြေ ကျဉ်းမြောင်းခြင်း၊ ပျောက်ဆုံးခြင်း၊ အသိုက်တွင်း ဥများကို နိုက်ယူခံရခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခံရခြင်းတို့ကြောင့် အကောင်ဦးရေကျဆင်းမှု မြန်ဆန်လာသည်။ အကောင်ကြီးပြီး၊ အသားအရသာ ကောင်းမွန်ခြင်းကြောင့်လည်း အမဲလိုက် ဖမ်းဆီးသတ်ဖြတ်ခြင်းခံကြရသည်။ ထို့ပြင် စားကျက်မြေအတွင်း ညစ်ညမ်းမှုနှင့် ပိုးသတ်ဆေးများ ဝင်ရောက်မှုကြောင့်လည်း ရှင်သန်ကျက်စားမှုကို ထိခိုက်စေသည်။

တောဘဲမန်ဒါလီတို့သည် သဘာဝစားကျက်မြေများ ပျောက်ဆုံးခြင်းကြောင့် လွန်ခဲ့သော(၂၅)နှစ်အတွင်း မျိုးသုဉ်းမှုခြိမ်းခြောက်ခံရသည့်မျိုးစိတ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်အထိ ရှားပါးခဲ့သည်။ ရေတိမ်ဒေသများကို ကုန်းမြေအတွက် ရေနုတ်ခြင်း၊ ရေတိမ်ဒေသတွင် ပေါက်ရောက်သည့် ကိုင်းတော၊ မြက်ရှည်တောများကို နှစ်စဉ်

မီးရှို့ခြင်း၊ ရေအားလျှပ်စစ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ခြင်းစသည်တို့ကြောင့် တောဘဲမန်ဒါလီတို့သည် စားကျက်စားမြေရှားပါး၊ ပျောက်ကွယ်ကာ အကောင်ဦးရေကျဆင်းပြီး မျိုးသုဉ်းမှုအန္တရာယ်နှင့်ရင်ဆိုင်ကြရသည်။

နိုင်ငံတကာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature-IUCN)၏ စာရင်းနီ(Red list)အရ မျိုးသုဉ်းမှုအန္တရာယ်ရှိ (Endangered-EN)မျိုးစိတ်အဖြစ် သတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင် မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်အနေဖြင့် လုံးဝကာကွယ်ထားသည့် (Completely protected)ငှက်မျိုးစိတ်စာရင်းတွင် ထည့်သွင်းသတ်မှတ်ကာ ထိန်းသိမ်းကာကွယ်ထားသည်။

မြန်မာနိုင်ငံတွင် ယခင်က အနောက်တောင်၊ အနောက်၊အလယ်ပိုင်း၊ အရှေ့ တောင်ပိုင်းနှင့် တနင်္သာရီဒေသတွင် နေထိုင်ကျက်စားကြောင်း မှတ်တမ်းတင်ထားသော်လည်း မျက်မှောက်အခြေအနေတွင် ချင်းတွင်းမြစ်အထက်ပိုင်း၊ ဟူးကောင်းချိုင့်ဝှမ်း၊ ပူတာအိုဒေသတွင်သာ ကျက်စားကြောင်း လေ့လာသူများမှ မှတ်တမ်းတင်ထားသည်။ သစ်တောများခုတ်လှဲခြင်းဖြင့် စားကျက်ဒေသများ ပျောက်ဆုံးခြင်း၊ အမဲလိုက်ခံရခြင်းတို့ကြောင့် တောဘဲမန်ဒါလီအကောင်ဦးရေသည် သိသိသာသာ ကျဆင်းကာ မျိုးသုဉ်းမှုအန္တရာယ်ရှိ မျိုးစိတ်အဖြစ် သတ်မှတ်သည့်အထိ ရှားပါးလာခဲ့သည်။ တောဘဲမန်ဒါလီတို့သည် သဘာဝသစ်တောကြီးများအတွင်း ဘေးကင်းလုံခြုံမှုအတွက် သစ်အုပ်များပြီး၊ အမှောင်ထုများသည့် ချောင်ကျကျ ချောင်း၊ ကန်တို့တွင် တိတ်ဆိတ်လျှို့ဝှက်စွာ ကျက်စားတတ်ကြသည်။ လူသံကြားရသည့် သဘာဝသစ်တောများတွင် ကျက်စားမှုနည်းပါးသည်။ တောဘဲမန်ဒါလီသည် သဘာဝပတ်ဝန်းကျင် လူခြေတိတ်ဆိတ်ကာ မှောင်ရိပ်များပြီး ချောင်ကျသည့် အင်း၊အိုင်၊ချောင်းတို့တွင် ကျက်စားကြသော်လည်း ပျံသန်းသွားသည့်အခါမြင်သူများ ထင်သာမြင်သာရှိသည့် ငှက်မျိုးဖြစ်သည်။ မြန်မာအမည်ပေးထားသဖြင့် မြန်မာ့သဘာဝ စားကျက်ဒေသတွင် ရှေးယခင်က တွေ့မြင်သူများလောက်အောင် သဘာဝစားကျက်ဒေသအတွင်း ပေါများစွာ ပျံ့နှံ့ကျက်စားသည့် ရေငှက်မျိုးဖြစ်သည်။ သို့သော်လည်း မျက်မှောက်အခြေအနေတွင် မြန်မာနိုင်ငံ အထက်ချင်းတွင်းဒေသ၊ ဟူးကောင်းချိုင့်ဝှမ်းနှင့် ပူတာအို ဖုန်ကန်ရာဇီဒေသတွင်သာ အကောင်ဦးရေ ရှားပါးစွာကျက်စားသည်။ အထက်ချင်းတွင်း တောဘဲမန်ဒါလီကို ကြီးခွေဟုခေါ်ကြသည်။ မျိုးသုဉ်းမှု အန္တရာယ်ရှိမျိုးစိတ်အဖြစ်လည်း သတ်မှတ်ထိန်းသိမ်းထားသည့် ငှက်မျိုးစိတ်ဖြစ်သဖြင့် တန်ဖိုးထားထိန်းသိမ်းရမည့် ငှက်မျိုးစိတ်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

## ကာတွန်းကဏ္ဍ



ကမ္ဘာကြီးတစ်နေရာမှာ
ရေလွှမ်းမိုးနေစဉ်
အခြားတစ်နေရာမှာ
မိုးခေါင်နေတယ်။



ကျုပ်တို့ လူသားတွေ
အသိတရားရှိလာဖို့
သဘာဝကပ်ဘေးအန္တရာယ်တွေ
ဘယ်လောက်တောင် ထပ်ပြီး
ဖြစ်ပြဖို့ လိုဦးမှာလဲ။

Eric Chivian



ကမ္ဘာကြီး ပူနွေးလာတာ
သဘာဝကြောင့် ဖြစ်သလို
လူတွေကြောင့်လည်း
ဖြစ်တယ်။



ကျွန်တော်တို့ကို
ကာကွယ်ပေးနေတဲ့
ကောင်းကင်ပြာကြီးဟာ
အလွန်ပါးလွှာတယ်။

Vladimir Shatalov

အော်ပီကျယ်



သစ်တောကြေးမုံ

# တောဘဲမန်ဒါလီ

ဒေါက်တာသိန်းအောင်၊ ဥက္ကဋ္ဌ၊
မြန်မာငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်း

**တောဘဲမန်ဒါလီ** ကို သတ္တဗေဒအရ White-winged Duck ဟု အမည်ပေးထားသည်။ သိပ္ပံအမည်မှာ (*Asarcornis scutulata*) ဖြစ်သည်။ ကမ္ဘာ့မျိုးသုဉ်းမှု အန္တရာယ်အရှိဆုံး ငှက်မျိုးစိတ်ဖြစ်ပြီး၊ ရေဘဲမျိုးစိတ်တွင် ကိုယ်ထည်အကြီးမားဆုံးဖြစ်သည်။ ကိုယ်အရှည် (၂၆-၃၂) လက်မနှင့် တောင်ပံအရှည် (၄၆-၆၀) လက်မ ဖြစ်သည်။

အထီးသည် ကိုယ်အလေးချိန် (၆.၅-၈.၆)ပေါင်ရှိပြီး၊ အမသည် ကိုယ်အလေးချိန်(၄.၃-၆.၇)ပေါင် ရှိသည်။ အရွယ်ရောက် တောဘဲမန်ဒါလီသည် သိသာမြင်သာသည့် အမွေးအတောင် အသွေးအရောင်ဖြစ်၍ မြင်သူတိုင်းမှတ်မိကြသည်။ ကိုယ်ထည်သည်အမည်းရောင်ဖြစ်ပြီး၊ ဦးခေါင်းနှင့် လည်တိုင်မှာ အမည်းရောင် အစက် ပြောက်များ ပါရှိသည့် အဖြူရောင် ဖစ်သည်။ အထီး၏ နှုတ်သီးအရောင်မှာ အများအားဖြင့် ခပ်မှိန်မှိန် အဝါရောင်ဖြစ်သည်။ ပျံသန်းသည့်အခါ အမည်းရောင် တောင်ပံတွင် ထင်ရှားသည့် အဖြူရောင် တောင်ပံဖုံးကို တွေ့ရသည်။ အမသည် အရွယ်ငယ်သည်။ ဦးခေါင်းနှင့် လည်တိုင် အပေါ်ပိုင်းတွင် အမည်းရောင် အစက်အပြောက်များ ပိုများသည်။ အရွယ်မရောက်သေးသည့် အကောင်တို့သည် အရောင်မှိန်ပြီး၊ အညိုရောင်သန်းသည်။





စာမျက်နှာ -၄၈ သို့